www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့အရေး အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆော

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ဝံ့မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လယ်တွင်းသားစောချစ်

# ကျောက်စစ်ဒိုးနှင့် လမ်းထွင်သူ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် – ၅၀၀၀၆၁၀၁၁၁

အဖုံးခွင့်ပြုချက် – ၅၀၀၃၆၆၀၄၁၁

မျက်နှာဖုံးပန်းချီ – မောင်လှရှင်

ထုတ်ဝေသူ – ဦးသိန်းလွင်၊ ၀၄၁၃၇(မြဲ)
ရွှေဟသာ်စာပေ၊
အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးဝင်းလွင် (မြဲ–၀၅၃၆၆)
ရွှေဟသာ်ပုံနှိပ်တိုက်
အမှတ် (၃၁)၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။

ပုံနှိပ်ခြင်း – ပထမအကြိမ်

ပုံနှိပ်ပြီးစီးသည့်လ – –ခုနှစ်၊ မေလ

အုပ်ရေ –

တန်ဖိုး – 1200

ဖြန့်ချိရေး – ပန်းမြိုင်လယ် စာပေ
၅၇(က)၊ ခရေပင်လမ်း၊ ၂(ခ)ရပ်ကွက်၊
မင်္ဂလာဒုံ။ ဖုန်း – ၆၃၅၂၆၂

လယ်တွင်းသားစောချစ် ၈၉၅၊ ၈၃
ကျောက်စစ်ဒိုးနှင့်လမ်းတွင်သူ/လယ်တွင်းသားစောချစ်။
– ရန်ကုန်။
ရွှေဟသာ်စာပေ၊ ၂၀၁၁။
စာ – ၁၃၈၊ ၁၂ × ၁၇ စင်တီမီတာ
(၁) ကျောက်စစ်ဒိုးနှင့်လမ်းတွင်သူ


## ပန်းမြိုင်လယ်စာပေတွင် ရရှိနိုင်သည့် လယ်တွင်းသားစောချစ်၏ စာအုပ်များ


၁။ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး
၂။ ရွှေမြင်းမိုရ်ခြိမ့်မှာပိုးတယ်
၃။ အောင်မိတ်ဖြင့် ထူးချွန်စွာအောင်မြင်နည်း
၄။ သားသမီးကို ပေးချင်သောအမွေ
၅။ ပန်းရည်ဘက် တမိတကုံးများ
၆။ ဥပမိရုပ်
၇။ ပန်းကြာခြူးနှင့်အဆိပ်မီး
၈။ ပန်းချစ်သူနေခြည်
၉။ ပန်းလိုချင် အပင်ကိုပျိုးတတ်မှ
၁၀။ ဝယ်သူ့စိတ်ကြိုက် လူ့စိတ်ကြိုက်
၁၁။ စကားလက်ဆောင်
၁၂။ ဘဝလမ်းညွှန်စကားမွန်
၁၃။ လိမ်ညာသောသူမှ ဝေးပါစေ
၁၄။ အချစ်အိမ်လေးတည်ဆောက်မယ်
၁၅။ စကားပုံမှပေးသော အတွေးအမြင်
၁၆။ ဝုဏ်ယာဘုရားရှု
၁၇။ မြန်မာလေးမြစ်မှ နာဂစ်ပုံပြင်များ
၁၈။ ပန်းများပွင့်စေချင်သူ
၁၉။ ပရိသတ်ရှေ့ ဟောပြောနည်း
၂၀။ ညောင်ပင်တာဝစ္စဝေလေလေ
၂၁။ ပန်းဝတ်မှုံ
၂၂။ ထယ်တာဝ
၂၃။ သူ့ရေမြေမှာ ကိုယ့်မျက်နှာ
၂၄။ လွှမ်းစေတီနှင့်စမ်းရေကြည်
၂၅။ အမေ့ထိုင်ခုံနှင့်အမေ့ကျောမြင်


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကျောက်စစ်ဒိုး | ၁ |
| ၂။ | သမ်းထွင်သူ | ၁၁ |
| ၃။ | မှန်သောသတ္တိ | ၂၁ |
| ၄။ | ရေအဆုံးကုန်းတဝက် | ၃၀ |
| ၅။ | ကျေးရွာလေ့မီးထွန်းပွဲ | ၄၀ |
| ၆။ | နေပူထဲမှအဘွားအို | ၄၉ |
| ၇။ | စက်ဘီးတန်းကြီး | ၆၂ |
| ၈။ | စွန့်လွှတ်ရသောစွန့်စားခန်း | ၇၁ |
| ၉။ | ပန်းမာန် | ၈၃ |
| ၁၀။ | အတန်းခေါင်းဆောင် | ၉၁ |
| ၁၁။ | အကောင်းဆုံးအလုပ်ပြင်နည်း | ၁၀၁ |
| ၁၂။ | ပြစ်ဒဏ် | ၁၁၀ |
| ၁၃။ | ငါ့အထက်မှာ မင်းရှိပါ | ၁၂၁ |


■ ■ ■



# ကျောက်စစ်ဒိုး

ဂေါ်လီရိုက်ရာတွင်ကျောက်စစ်ဒိုးသည် အကောင်းဆုံးဖြစ်၏။ ချော်ဒိုးများသည် တစ်လုံးကို ငါးဆယ်ပေးရသော်လည်းကြာကြာမခံ။ ရိုက်ဖန်များလျှင်ကွဲ၏။ ကျောက်စစ်ဒိုးက မာသည်။ အလေးချိန်ကောင်း၍ လက်ဆမှန်သည်။ ဖြူဖြူဖွေးဖွေးမို့ လှလည်းလှသည်။

သို့သော် ကျောက်စစ်ဒိုးတစ်လုံးကို သုံးရာပေးရသည်။ ကျွန်တော်ရသည့်မုန့်ဖိုးက တစ်နေ့မှ (၅၀) ဖြစ်သည်။ ကျောက်စစ်ဒိုးတစ်လုံးဝယ်နိုင်အောင် ကျွန်တော် (၆) ရက်မုန့်မစားဘဲစုရသည်။ ငွေ(၃၀၀) ပြည့်သောနေ့တွင် ကျွန်တော်ဈေးသို့ပြေးသည်။ သို့သော် ဈေးမှာ ကျောက်စစ်ဒိုးရောင်းနေကျဆိုင်တွင် တစ်လုံးမျှမရှိ။ ကုန်နေသည်။ တခြားဘက်ဆိုင်မှာလည်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျောက်စစ်ဒိုးလိုချင်သည်။ ဈေးမှာ ဝယ်မရကြောင်း အိမ်နီးချင်းသူငယ်ချင်းဖိုးဒီးကို ပြောပြသည်။ ဖိုးဒီးမှာ ကျွန်တော်နှင့်အတန်းတူဖြစ်သည်။ ဖိုးဒီးသည် နာမည်ထူးဆန်းသလို လူကလည်းထူးဆန်းသူဖြစ်၏။ ကျောင်းသွားကျောင်းပြန်လမ်းတွင် တွေ့သမျှသံတိုသံစကို ကောက်ယူသည်။ သံချေးတက်နေသောသံမှို ချောင်း အကောက်ကလေးပင်ဖြစ်သော်လည်း ကောက်ယူသည်။

ကျောင်းပိတ်ရက်များတွင် တုတ်တစ်ချောင်းဖြင့် အမှိုက်ပုံများကိုယက်၍ ရှာတတ်သည်။ သံစည်ပတ်ပြား၊ သံချောင်း ‥ သံခွေ စပရင် အကျိုးအပြတ်၊ ဝါယာကြိုးအပြတ်၊ တွေ့သမျှ ကောက်ယူသည်။ တစ်ခါတွင် ကျွန်တော်ရှေ့မှာပင် သံချေးတက်နေသော တံစဉ်းအကျိုးကြီးတစ်ခုကို အမှိုက်ပုံးမှ ကောက်၍ ဖိုးဒီးဝမ်းသာအားရဖြစ်နေသည်။

သူ့အိမ်တွင် စက္ကူကပ်ဘူးခွံနှစ်ခုမှာ အတိုအထွာ ပစ္စည်းမျိုးစုံ စုဆောင်းထားသည်မှာ အများကြီးဖြစ်သည်။

ဖိုးဒီး၏မိဘများကဆင်းရဲသည်။ ဖိုးဒီးသည်မိဘများကို ကစားစရာဝယ်ခိုင်းလေ့မရှိ၊ ကိုယ်တိုင်လုပ်ပြီးကစားသည်။ တွန်းသွားလျှင် ဘီးနှင့်တွဲဆက်လျက် တောင်ပန်ခတ်နေသောငှက်ရုပ်။ ပလုပ်တုတ် သံမြည်သောလက်တွန်းလှည်း။ လက်ကိုင်တုတ်နှစ်ချောင်း၏ကြားမှာ ကျွမ်းအမျိုးမျိုးထိုးသော မျောက်ရုပ်၊ ညအခါတွန်းသွားလျှင် ဖယောင်း



တိုင်မီးလင်းနေသည့် ပတ်ချာလည်သော နှီးဆီခွက်စသည်တို့ကို စုံအောင်လုပ်တတ်၏။

ကစားစရာအမျိုးစုံ လုပ်နေရခြင်းသည်ပင် ဖိုးဒီး၏ အကောင်းဆုံး ကစားနည်းဖြစ်သည်။ ကျွန်တော်တို့က ဖိုးဒီးကို တီထွင်မှုပါရဂူဖိုးဆိတ်ဖြူဟု ခေါ်ကြသည်။

သူလုပ်ထားသည့် ကစားစရာကို တစ်ယောက်ယောက်က လိုချင်၍ဝယ်လျှင် ဈေးသက်သာစွာနှင့်ရောင်းသည်။ သူ့အတွက် နောက်တစ်ခုထပ်လုပ်သည်။ ထိုသို့ကစားစရာလုပ်သောအခါတွင် သူစုဆောင်းထားသော အတိုအထွာအမျိုးမျိုးမှာ သူ့နေရာနှင့်သူ အသုံးဝင်သည်ကို အံ့ဖွယ်ရာတွေ့ရသည်။

သူကကျွန်တော့်အတွက် ကျောက်စစ်ဒိုးလုပ်ပေးမည် ပြောပြီးလမ်းထိပ်သို့ခေါ်သွားသည်။ လမ်းထိပ်ရောက်သောအခါကား လမ်းဘေးမှာ ဖြူဖွေးနေသောကျောက်ခဲအရွယ်တော်ရအောင် လိုက်ရှာသည်။ ဖြူတိုင်းလည်းမယူ ကျောက်သားကောင်းမကောင်း ကြည့်သေးသည်။ သူ့စိတ်ကြိုက် အရွယ်တော်ငါးလုံးခန့်ရသောအခါ သူ့အိမ်သို့သွားကြသည်။

“အဲ့ဒါ ဘယ်လိုလုပ်မှာလဲ ‥”

လမ်းတွင် ကျွန်တော်ကမေးသည်။

“မင်းကြည့်ပေါ့ …”

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်စစ်ဒိုးဖြစ်မှာလား ..."

"ဖြစ်မှာပေါ့ .."

ဖိုးဒီး၏ ခိုင်မာသောအဖြေ။

ကျွန်တော် ဝမ်းသာသွားသည်။ ဖိုးဒီးက ဖြစ်မည်ဆိုလျှင် သေချာပေါက်ဖြစ်သည်။ ကျွန်တော်ယုံကြည်သည်။

အိမ်ရောက်သည်နှင့် ဖိုးဒီးက သူ၏စက္ကူကတ်ဘူးကြီးနှစ်ခုမှာ မွှေနှောက်ရှာဖွေသည်။ မီးရထားလမ်း ဇလီဖားတုံးရိုက်သည့် သံမှိုကြီးတစ်ခုကိုထုတ်ယူလိုက်သည်။ သူ့အိမ်အောက်မှ အလယ်မှာ အပေါက်ပါသော သစ်သားပြားတစ်ခုကိုလည်း ထုတ်ယူလိုက်သည်။

ကျောက်တုံးကိုသစ်သားပြားမှ အပေါက်တွင် မလှုပ်အောင် နေရာချသည်။ သံမှိုကြီးကိုဖိုးဒီက တူငယ်အဖြစ်အသုံးချ၍ ကျောက်တုံးကို ဖြည်းဖြည်းချင်းထုသည်။

ဖိုးဒီးအလုပ်လုပ်နေပုံမှာကြည့်၍ကောင်းသည်။ ကျောက်တုံးကို ကြည့်နေသောသူ့မျက်လုံးများမှာ စူးစူးစိုက်စိုက်ရှိသည်။ သူသည် ဘိုကြေညှပ်ပုံလည်းထူးခြားသည်။ ခေါင်းဖီးရန်မလိုအောင် တိုတိုလေး ညှပ်လေ့ရှိသည်။

တူထုနေပုံက လက်ဆမှန်သည်။ ကျောက်ခဲအစအနများ ဘေးသို့စင်ထွက်လာသည်။

"မင်းနောက်ဆုတ်နေကွ။ မျက်လုံးစင်လိမ့်မယ် ..."



ကျွန်တော် နောက်ဆုတ်ပြီးကြည့်ရသည်။

နာရီဝက်ခန့် အဘက်ဘက်မှလှည့်ထုသောအခါ ကျောက်ခဲသည်ပိုင်းလာ၏။ သံမှိုကြီး၏ခေါင်းသည် စောင်းထက်သောတူတစ်ခုဖြစ်နေ၍ ထုရာတွင်အဆင်ပြေလှသည်။ ကျောက်စစ်ဒိုးတစ်ခုရတော့မည်ဖြစ်၍ ကျွန်တော်ဝမ်းသာနေသည်။

ဖိုးဒီးက ကျောက်ဒိုးကို လှည့်ပတ်ကြည့်သည်။ အနည်းငယ်ရှုထွက်သောနေရာကိုတွေ့၍ ပြေအောင်ထပ်ထုပြီးဖြေပေးသည်။

ခွပ်

" ဟာ ...!"

ကျွန်တော် စိတ်မကောင်းစွာ အသံထွက်သွားမိသည်။

ကျောက်ဒိုး ထပ်ခြမ်းကွဲသွားသည်။

ဖိုးဒီးကိုကြည့်ရသည်မှာ စိတ်ပျက်ဟန်မရှိ။

"ကိစ္စမရှိပါဘူးကွာ ... ငါနားလည်သွားပါပြီ။ နောက်တစ်လုံး ထပ်လုပ်ရင် ဒီလောက်မကြာတော့ပါဘူး။ ပိုတောင်ကောင်းအုံးမယ် .."

ဖိုးဒီးက ကျွန်တော့်ကိုအားပေးပြီး ကျန်သည့် ကျောက်ခဲ (၄) ခုမှ အကောင်းဆုံးတစ်ခုကိုရွေး၍ ဆက်ထုသည်။

ဖိုးဒီးသည် ကျောက်၏အကြောကို နားလည်သွားပြီဖြစ်သည်။ ပို၍ မြန်မြန်ပိုင်းအောင်ထုနိုင်လာသည်။ မိနစ်နှစ်ဆယ်ခန့် ထုရုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြမ်းကြမ် ကျောက်ဒိုးတစ်လုံးဖြစ်လာသည်။ မညီသောအပိုင်းများကျန်သေးသော်လည်း ဖုံးဒီးက ဆက်မထုတော့ပါ။

သူ၏ ကတ်ပုံးထဲမှ တံစဉ်းအကျိုးကြီးကို ထုတ်ယူလိုက်သည်။ ကျောက်ဒိုးကိုသစ်သားပြားအပေါက်ထဲမှာ ငြိမ်အောင်ထား၍ တံစဉ်းဖြင့်စားသည်။ တံစဉ်းမှာသံချေးတက်နေသော်လည်း အစင်းများရှိသေးသောကြောင့်သုံး၍ရသည်။ တံစဉ်းစားပြီးသောနေရာများမှာ ချောညက်သွားသည်။

ဖုံးဒီး၏ မျက်နှာတွင်ချွေးများရွှဲနေ၏။ သို့သော် ဖုံးဒီးကိုကြည့်ရသည်မှာ ပင်ပန်းဟန်မရှိ၊ ကျောက်ဒိုးကို အဘက်ဘက်မှလှည့်ကြည့်ပြီး မညီသေးသောနေရာများကို တံစဉ်းဖြင့် ပွတ်တိုက်ပေးနေသည်။

"တော်ပြီပေါ့ ဝိုင်းနေပြီပဲ . ."

ကျွန်တော် ကစားချင်လှပြီ။

ဖုံးဒီးက ကျောက်ဒိုးကို မြေညီညီမှာ လိမ့်ကြည့်သည်။ မဝိုင်းမညီသေးသောကြောင့် တည့်တည့်မလိမ့်ပါ။ ဖုံးဒီးကမညီသောနေရာများကို တံစဉ်းဖြင့်ထပ်စားသည်။

အကြိမ်ကြိမ်ညှိသောအခါ ကျောက်ဒိုးကို ကျွန်တော်ထံလိမ့်ပေးလိုက်သည်။ ဝိုင်းစက်နေပြီဖြစ်၍ တန်းတန်းမတ်မတ်လိမ့်လာ၏။

"ဟာ ကောင်းလိုက်တာ ကစားလို့ရပြီ . . ."

ကျွန်တော်ကျောက်ဒိုးကို ဝမ်းသာအားရ ကောက်ယူလိုက်



သည်။

"ခဏပြန်ပေးအုံး . . အချောသပ်ဖို့ကျန်သေးတယ် . ."

ဖုံးဒီးက ပြန်တောင်းနေ၍ ကျွန်တော်မကျေမနပ်နှင့် ပြန်ပေးလိုက်ရသည်။

ဖုံးဒီးက ကျောက်ဒိုးကို ရေတွင်းသို့ယူသွားပြီး အဝတ်လျှော်သောကျောက်ပြားပေါ်မှာ ရေဖျန်းပြီး လှည့်ပတ်သွေးသည်။ ပြီးသောအခါ ကျောက်ဒိုးကိုရေဖြင့် ဆေးကြောလိုက်သည်။

"အိုး . . ကောင်းလို ဘာ . . ."

ဖုံးဒီးက ကျောက်စစ်ဒိုးလှလှချောချောလေး ကျွန်တော့်ကို ပေးသည်။

"ဒါဘယ်လောက်ပေးရမှာလဲ . ."

"မပေးရဘူး . . မင်းကြောင့် ငါကျောက်ဒိုးလုပ်တတ်သွားပြီ"

သဘောကောင်းလိုက်သည့် ဖုံးဒီး သူ့ကိုကျွန်တော် ကျေးဇူးတင်စွာကြည့်နေမိသည်။

"ဒီပြင်ကောင်တွေ ဝယ်ချင်ရင်ရော . ."

"တစ်လုံးတစ်ရာလို့ပြောလိုက် . . ."

ဖုံးဒီး နောက်တစ်လုံးဆက်ထုနေပါပြီ။

"ဟာ နည်းတာပေါ့ကွ . . ဈေးမှာဝယ်ရင် သုံးရာကွ အဲ့ဒါ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တောင်တစ်လုံးမှ မရှိဘူး" နှစ်ရာဆိုရင်လဲ ဝယ်မှာပဲကွ ..."

"တစ်ရာဆိုတော်ပါပြီကွာ လုပ်ရမှာ သိပ်မှမခက်ဘဲ ..."

ဖိုးဒီးမှာ လောဘကြီးသူမဟုတ်ပါ။ ကျွန်တော်က သူ့ကို အနည်းဆုံးနှစ်ရာယူစေချင်သည်။ သို့သော် ဖိုးဒီက ပြော၍ရမည် မဟုတ်။ သူ့ဆုံးဖြတ်ချက်နှင့် သူလုပ်သူဖြစ်သည်။

ကျွန်တော်က ကျောက်ဒိုးရိုက်နေကြသော မြင့်သိန်းတို့ အဖွဲ့ရှိရာသို့သွား၍ ကျောက်ဒိုးအသစ်နှင့် ပါဝင်ကစားသည်။ အားလုံးကပင် ဖြူဖွေးတောက်ပြောင်ချောနေသော ကျွန်တော်၏ ကျောက်စစ်ဒိုးကို သဘောကျနေကြသည်။

"မင်းက ဘယ်ကဝယ်တာလဲ .."

"ဘယ်လောက်ပေးရလဲ ..."

ဝိုင်းမေးကြသည်။

ကျွန်တော်က ဖိုးဒီးလုပ်ပေးကြောင်းပြောလိုက်သည်။

သူတို့အားလုံး ဖိုးဒီးထံသို့ပြေးသွား၍ တစ်ယောက်တစ်လုံး မှာကြသည်။

ညနေပိုင်းတွင် ကျွန်တော်တို့ရပ်ကွက်ထဲ၌ ဖိုးဒီး၏ ကျောက်ဒိုးဖြူဖြူလေးများနှင့် ကစားသူများစွာဖြစ်နေသည်။

မြောက်ပိုင်းမှ ဇော်မိုးတို့အဖွဲ့ရောက်လာသည်။ ဖိုးဒီးလုပ် သည်ကိုကြည့်ပြီး အတုခိုးကြသည်။ သူတို့အိမ်ပြန်ပြီး ဖိုးဒီး လုပ်သလို



ကျောက်စစ်ဒိုးလုပ်ကြသည်။

"ဟော့ .. ဖိုးဒီး .. ဟိုမြောက်ပိုင်းကကောင်တွေ မင်းဆီလာ အတုခိုးပြီးကျောက်ဒိုးလုပ်နေကြပြီ နောက်တစ်ခါမကြည့်စေနဲ့ကွ .."

ကျွန်တော်က တွန့်တိုစိတ်နှင့်ပြောလိုက်သည်။

"ကြည့်ပါစေ .. သူတို့လဲ လုပ်တတ်ရင် ကောင်းတာပေါ့"

ဖိုးဒီးက ကျောက်ဒိုးအသစ်တစ်ခုလုပ်နေရင်း ကျွန်တော့်ကို မကြည့်ဘဲပြောလိုက်သည်။

"အေး ... ဒါပေမယ့် သူတို့မှာ မင်းလို့ တံစဉ်းမရှိတော့ လုပ်လို့ဘယ်ရမလဲကွနော် ..."

ကျွန်တော်က ဇော်မိုးတို့ မအောင်မြင်စေချင်သော စိတ်ဖြင့် ပြောလိုက်သည်။

"ရပါတယ်ကွ၊ တံစဉ်းမရှိရင် ကျောက်ပြားပေါ်မှာသွေးလို့ ရတဲ့အကြောင်း ငါပြောလိုက်ပါတယ်။ ဒါမှမဟုတ်ရင်လဲ ငါ့ဆီလာပြီး တံစဉ်းနဲ့စားဖို့ပြောလိုက်တယ် ..."

ဖိုးဒီးပြောသည်ကို ကျွန်တော်သဘောမကျပါ။

"သိပ်အတဲ့ကောင် ..."

အိမ်ပြန်ရောက်သောအခါ ဖိုးဒီး အပုံ ဖေဖေ့ကိုပြောပြသည်။ ဖေဖေက ကျွန်တော်ပြောသည်ကို အစအဆုံးနားထောင်ပြီး "ငါ့သားစိတ်ထားကမှားနေတယ် .." ဖိုးဒီးစိတ်ထားကမှန်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါ့သားဖုံးဒီးကိုအတုယူရမယ်။ သူ့မှာ ချီးမွမ်းစရာတွေအများကြီးရှိတယ်။ ဖုံးဒီးဟာ တီထွင်တယ်။ အလေအလွင့်ပစ္စည်းတွေကို ကောက်ယူစုဆောင်းပြီး သူ့နေရာနဲ့သူအသုံးချတတ်တယ်။ ကစားစရာအတွက် မိဘကို မပူစာဘူး။ ငွေမကုန်ရဘူး။ ကိုယ့်အားကိုယ်ကိုးပြီးလုပ်တယ်။ ပြန်ရောင်းတော့လဲ လောဘမကြီးဘူး။ သူများကိုကူညီချင်တယ်။ ငါ့သားက ဘေးကနေနှမျောတွန့်တို ဖြစ်နေတာမကောင်းဘူး။ ဖုံးဒီးလို စိတ်ကောင်းထားရမယ် ..။ ငါ့သားတို့သူငယ်ချင်းတွေအားလုံး ဖုံးဒီးကိုချစ်ခင်ကြတယ်မဟုတ်လား ...''

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

''ဖုံးဒီးကို မချစ်တဲ့လူ မုန်းတဲ့လူရှိလား ...''

ကျွန်တော် စဉ်းစားပြီးမှ ခေါင်းရမ်းပြလိုက်သည်။

''အဲ့ဒါ ဘာဖြစ်လို့လဲ .. သား စဉ်းစားကြည့်ပေါ့ ...''

ကျွန်တော် နားလည်သွားပါပြီ။ ဖုံးဒီးကို ကျွန်တော်တို့အားလုံး ချစ်ခင်ကြသည်မှာ ထူးခြားစွာလုပ်ဆောင်တတ်ရုံမက စိတ်ထားကလည်း ထူးခြားစွာကောင်းမွန်သောကြောင့်ဖြစ်ပါသည်။

• • •



# လမ်းထွင်သူ

သူငယ်အိတ်ဆိတ်ကြက်တွန်ပြီးသည်မှာ ကြာပေပြီ။ ရွာထဲတွင် ကလေးသံများ တိတ်နေပြီ၊ ဟိုအိမ်သည်အိမ် ရေနွေးကြမ်းဝိုင်းမှ လူကြီးများ၏စကားသံသဲ့သဲ့သာလျှင် တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။ ပို၍ ညဉ့်နက်လာသောအခါ လူကြီးသံများကိုပင် မကြားရတော့ပါ။

''အောက် အီး အီး အွတ် ...''

သက်ကြီးခေါင်းချကြက်တွန်ပေပြီ။ အမေနှင့်အစ်မများ အိပ်နေကြပြီ။ တင်ဝင်း တစ်ယောက် အိပ်၍မပျော်သေး။ ရွာတောင်ဘက်ရှိ နွားခြံမှ ကိုပိုင်၏ ပုလွေသံ သာသာသည် လေအဟုန့်တွင် လွင့်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ည တင်ဝင်းအိပ်၍မပျော်သည်မှာ ဝမ်းသာ၍ ဂုဏ်ယူကြည်နူး၍ဖြစ်သည်။ လွန်ခဲ့သော ခြောက်နှစ်က ယခုလိုညကို တင်ဝင်း တသက်မမေ့နိုင်။ ထိုညသည် တင်ဝင်း၏ဘဝအတွက် အဆုံးအဖြတ် ညပင်ဖြစ်သည်။

* * *

စတုတ္ထတန်းအတန်းတင်စာမေးပွဲကို ကင်ဝင်း အောင်မြင်ကြောင်း၊ တစ်မြို့နယ်လုံးမှာ ပထမရကြောင်း၊ ဆရာမကြီးကအိမ်လာ ပြောသည်။

တင်ဝင်းဝမ်းသာလွန်း၍ ထမင်းချက်နေသော အမေ့ကို သွားပြောသည့် အမေကစိတ်ဝင်စားခြင်းမရှိ။

"အောင်ရင်ပြီးတာပဲ"ဟု လွယ်လွယ်ပြောလိုက်သည်။ တစ်မြို့နယ်လုံးမှာပထမရကြောင်းကို မပြောမိတော့ပါ။ ပြောလျှင်လည်း အမေစိတ်ဝင်စားမည်မထင်ပါ။

တဲထဲတွင်ယက်ကန်းခတ်နေသော အစ်မ နှစ်ယောက်ထံ ပြေး၍ ပြောပြန်သည်။ အစ်မများကလည်း စိတ်ဝင်စားခြင်းမရှိ။ အစ်ကိုကြီးကို ပြောပြန်သည်။

မြို့နယ်ပထမရပေမဲ့ ကျောင်းဆက်မတက်နိုင်တော့ အလကားပါပဲကွာ ... ။

အစ်ကိုကြီးက ညည်းညည်းညူညူ ပြောလိုက်သည်။

ကျွန်တော်ကျောင်းဆက်မတက်ရဘူးလား အစ်ကိုကြီး။



တက်ချင်လွန်းသော ဆန္ဒကြောင့်သာ အမှတ်တမဲ့မေးလိုက်မိခြင်းဖြစ်သည်။ အမှန်စင်စစ်ကျောင်းတတ်နိုင်သော အခြေအနေမရှိသည်ကို တင်ဝင်းသိပြီးသားဖြစ်သည်။

ဘယ်လိုဆက်တက်မလဲကွာ ငါတို့မှာ စက်ဘီးတစ်စီး ဝယ်ဖို့မပြောနဲ့ ထမင်းတောင်မနည်းစားနေရတာဘဲ ... ။

အစ်ကိုကြီးဖြစ်သူ ကိုသက်ထွန်းကညီငယ်ကိုကြည့်၍ စိတ်မကောင်းစွာပြောလိုက်သည်။

တင်ဝင်းကျောင်းဆက်တက်ချင်သည်။ ပညာဆက်သင်ချင်သည်။ သို့ရာတွင် တင်ဝင်းကျောင်းနေရန်မလွယ်။

ညတွင်တင်ဝင်းအိပ်၍မပျော်။ သက်ကြီးခေါင်းချကြက်တွန်ပြီး၊ တအိမ်လုံးအိပ်မောကျကုန်ကျပြီ။ တင်ဝင်းမအိပ်နိုင်။ ဘယ်ပြောင်းညာလှိမ့်ဖြင့် ကျောင်းနေခွင့်ရအောင် အမျိုးမျိုး အကြံဉာဏ်ထုတ်နေမိသည်။

လေးတန်းအောင်ပြီးလျှင် စဉ့်ကိုင်မြို့အစိုးရအထက်တန်းကျောင်းသို့သွားတတ်ရမည်။ စဉ့်ကိုင်မြို့နှင့် ဝန်းသိုရွာ ခြောက်မိုင်ခန့်ဝေးသည်။

ဤခရီးကိုနေ့စဉ်သွားရန်ဆိုလျှင် စက်ဘီးရှိမှဖြစ်လိမ့်မည်။ ရွာမှလက်ရှိကျောင်းတက်နေကြသော ကျောင်းသား ၁၂-ယောက်ရှိသည်။ အားလုံးစက်ဘီးကိုယ်စီရှိကြသည်။

www.burmeseclassic.com



ထို့ကြောင့် စဉ့်ကိုင်ကျောင်းသို့ဆက်တက်နိုင်ရန်အတွက် စက်ဘီးတစ်စီးလိုသည်။ တင်ဝင်း အရင်လေးတန်းအောင်ခဲ့သူတွေရှိသည်။ အတန်းထဲတွင် စာတော်ခဲ့ကြသည်။ ထူးချွန်စွာအောင်ခဲ့ကြသည်။ သို့သော် စက်ဘီးမဝယ်နိုင်၍ ကျောင်းဆက်မတက်နိုင်ခဲ့ကြ။ ယခု လယ်ကူလီ နေ့စားအလုပ်သမားများဖြစ်နေကြပြီ။

စက်ဘီး ဝယ်နိုင်မည့်နည်းလမ်းရှိသမျှ တင်ဝင်းရှာကြည့်သည်။ လုံးဝမတွေ့။ စက်ဘီးမဝယ်နိုင်၍ ပညာမသင်ရသည့်အဖြစ်ကို တင်ဝင်းမခံချင်။

စဉ့်ကိုင်ကို နေ့စဉ် ခြေကျင်သွားနိုင်မည်လား ...။

တင်ဝင်း စဉ်းစားကြည့်သည်။

မိုးတွင်းတုန်းက အစ်ကိုကြီးနှင့်အတူ စဉ့်ကိုင်သို့ဖြတ်လမ်းမှနစ်ခေါက်သွားဖူးသည်။ လမ်းရိုးမှာ ဝန်းသိုမှ ဖလံဗိုလ်ရွာ၊ ဖလံဗိုလ်ရွာမှ ကုန်းနီရွာ၊ ကုန်းနီရွာမှစဉ့်ကိုင်သို့ကွေ့ကောက်သွားရသည်။ ထို့ကြောင့် ခြောက်မိုင်ခန့်ဝေး၏။

ဖြတ်လမ်းမှာ ဝန်းသိုရွာ၊ ဖေါင်ဆင်း ရေလည်ကျောင်းနှင့် စဉ့်ကိုင်မြို့ကို တည့်တည့်ဖြတ်ထားသည်။ သို့ရာတွင် ခြေကျင်သာသွား၍ရသောလမ်းဖြစ်၏။ လူသွားလူလာ သိပ်မရှိ။ တောသမားအချို့သာ အသွားအလာရှိသည်။ ထိုလမ်းမှသွားလျှင် တစ်နာရီမျှနှင့် စဉ့်ကိုင်ရောက်နိုင်သည်။



ကျောင်းက မနက်(၈)နာရီတက်သည်။ တင်ဝင်း ရွာမှ (၆)နာရီခွဲ ထွက်ရမည်။

ဒါဟာ တစ်နှစ်ထဲအလုပ်မဟုတ် ...။ ငါဖွဲကောင်းကောင်းနဲ့ တက်နိုင်ပါ့မလား။

တင်ဝင်း ထပ်၍ စဉ်းစားသည်။

ငါကျောင်းသိပ်နေချင်တယ်ဆိုရင်တော့ ဒီခရီးကို ခြေကျင်သွားဘို့နည်းဘဲရှိတယ် ...။ ဟုတ်ပြီ။ ဘာလို့မသွားနိုင်ရမှာလဲ .. ငါကျောင်းဆက်တက်မယ် ...။

တင်ဝင်းအနိုင်အမာဆုံးဖြတ်ချက်ချလိုက်သည်။ လင်းကြက်တွန်သံများကိုကြားရပြီ။ မကြာမီ အရုဏ်ဦး၏ ရောင်ခြည်များပေါ်ထွက်လာတော့မည်။

◆ ◆ ◆

နောက်တစ်နေ့တွင်တင်ဝင်းက သူ၏ဆုံးဖြတ်ချက်ကို အမေနှင့်အစ်မများအားပြောပြသည်။ အမေနှင့်အစ်မများက ကန့်ကွက်ခြင်းလည်းမရှိ ထောက်ခံခြင်းလည်းမပြု။

"ဘာဖြစ်လို့များ ဒီလောက် ကျောင်းနေချင်ရတာပါလိမ့်" ဟူ၍ အံ့သြသောမျက်လုံးများနှင့်သာ တင်ဝင်းကိုကြည့်နေကြသည်။

ညနေတွင် တင်ဝင်းက အစ်ကိုကြီးကို ပြောပြပြန်သည်။

အစ်ကိုကြီးက စိတ်မကောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီ ဒီလောက်တောင် ဆန္ဒပြင်းပြရင်တော့ တက်ပါ။ စာအုပ်ဘိုးလိုတာကိုတော့ အစ်ကိုကြီး ပြည့်စုံအောင်ရှာပေးပါ့မယ်။ စက်ဘီးကိုလည်း ဒီနှစ်မဟုတ်တောင် ရှေ့နှစ်လောက်မှာဝယ်ပေးနိုင်အောင်ကြိုးစားပေးပါ့မယ် ..'' ဟုဆိုသည်။

တင်ဝင်းကတော့ ကျောင်းနေခွင့်ပြုသည်ကိုပင် ဝမ်းသာလှပြီ။

တင်ဝင်း၏ဆုံးဖြတ်ချက်ကို ချီးကျူးဂုဏ်ပြု၍ ဆရာမကြီး ဗလာစာအုပ် (၆)အုပ်နှင့် ဘောပင်(၄) ချောင်းပေးသည်။

အစ်မများက မနက်စောစောထ၍ထမင်းချက်မပေးနိုင်။ ညတွင်ညဉ့်နက်အောင် ယက်ကန်းခတ်ရ၍ဖြစ်သည်။ အမေကလည်း မကျန်းမာ၍ဘာမှုမလုပ်နိုင်။ တင်ဝင်းမနက်(၅)နာရီထ၍ထမင်းအိုးချက်ရသည်။ ပဲပြုတ်ရသည်။ ထမင်းအိုးတည်ထားစဉ်ပဲပြုတ်နေစဉ် စာကြည့်သည်။ ထမင်းကျက်သောအခါ ပဲပြုတ်နှင့်ဆီဆမ်းပြီး ချိုင့်ထဲထည့်သည်။ (၆)နာရီခွဲသည်နှင့် အိမ်မှထွက်သည်။

ကြာသောအခါ တင်ဝင်း၏ဖြတ်လမ်းကလေးမှာ တင်ဝင်း၏ခြေရာတို့ကြောင့်ထင်ရှားသော လမ်းကလေးဖြစ်လာသည်။ သွားနေကျလမ်း၊ နားနေကျစခန်းလေးများနှင့် မြင်နေကျရှုခင်းလေးများမှာ ချစ်ခင်စရာဖြစ်လာသည်။ တင်ဝင်းသည် သူ့လမ်းကလေးကိုသူ သဘောကျနေသည်။ သွားရသည်ကိုလည်း ညောင်းသည်ဟုမထင်။



တစ်နာရီနှင့် စဉ့်ကိုင်သို့ရောက်သည်။ ညနေတွင် (၃) နာရီကျောင်းဆင်းသည်။ (၄) နာရီခန့်တွင် တင်ဝင်း ရွာသို့ပြန်ရောက်သည်။ စက်ဘီးသမားများနှင့် ရှေ့ဆင့်နောက်ဆင့်မျှသာကွာသည်။ မိုးတွင်းအခါတွင် ဓါတ်မြေသြဇာထည့်သော ပလပ်စတစ်အိတ်ခွံကို ပက္ကလာသဖွယ် ခေါင်းတွင်ဆောင်း၍ တင်ဝင်းကျောင်းသွားသည်။ စက်ဘီးသမားများထက်ပင် ရွာသို့အလျင်ပြန်ရောက်လေ့ရှိ၏။

"သိပ်ဖွဲ့ရှိတဲ့ကောင်၊ သိပ်ကြိုးစားတဲ့ကောင် အတုယူထိုက်တယ်ဟေ့ ..."

အချို့ကချီးကျူးကြသည်။

"ခဏပါကွာ ... ။ တစ်နှစ်၊ နှစ်နှစ်ဆိုရင် ဆက်တက်မှာမဟုတ်တော့ပါဘူး ...။ အခုတော့ စိတ်ဓါတ်တက်နေတုန်းမို့ပါ ..."

အချို့က အချိုးမွမ်း မစောသင့်ကြောင်း ပြောဆိုသူလည်းရှိသည်။

တင်ဝင်းကတော့မည်သူပြောသည်ကိုမျှ ဂရုမစိုက်။ သူလုပ်ရမည့်အလုပ်ကိုသာ အကောင်းဆုံးဆက်လုပ်နေခဲ့သည်။

တင်ဝင်းစာကြိုးစားသည်။ အတန်းထဲမှာ ဆရာ၊ ဆရာမများ စာသင်ချိန်တွင် အသေအချာနားထောင်မှတ်သားသည်။ နေ့စဉ်သင်သောစာ နေ့စဉ်ရအောင်ကျက်မှတ်သည်။ ထို့ကြောင့် တင်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



စာတော်သည်။ အတန်းတိုင်းမှာ ပထမရသည်။

ရှစ်တန်းအောင်သည့်နှစ်တွင် တင်ဝင်းထွင်သောလမ်းကို လျှောက်နေသူမှာ တင်ဝင်းတစ်ယောက်တည်း မဟုတ်တော့ပါပေ။ နောက်ထပ် ခြောက်ယောက်တိုးလာခဲ့ပြီ။ မိန်းကလေးနှစ်ယောက်ပင် ပါဝင်သည်။ စက်ဘီးမဝယ်နိုင်သည်နှင့် ပညာသင်ခွင့်မရသော အဖြစ်ကို တင်ဝင်းက စတင်တော်လှန်လိုက်ခြင်းဖြစ်သည်။

ယခုဆိုလျှင် တင်ဝင်းထွင်သောလမ်းကို နောက်လူငယ်များ ပါ ရဲရဲလျှောက်နေကြပြီဖြစ်၏။ တင်ဝင်းတို့အဖွဲ့မှာ နေ့စဉ် လမ်းလျှောက်လေ့ကျင့်ခန်းရ၍ ကျန်းမာရေးပင် ပိုကောင်းလာကြသည်။

တင်ဝင်းဆယ်တန်းသို့ရောက်သောအခါ၊ တင်ဝင်းတို့အဖွဲ့တွင် အားလုံး ၁၂-ယောက်ဖြစ်လာခဲ့သည်။ ခက်ခက်ခဲခဲ ကျောင်းတက်ရသည်မို့ တင်ဝင်းတို့အဖွဲ့သည်။ ပညာကိုပို၍ကြိုးစားကြသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် မြေပဲနှုတ်၊ လယ်ရိတ်၊ ပေါင်းပေါက်စသည့်နေ့စားလုပ်ငန်းများကို လုပ်ကြသည်။ နှစ်ရက်လုပ်ခသည် တစ်ပတ်စာအတွက် မုန့်ဘိုးငွေဖူလုံစေ၏။

ယခုဆိုလျှင် တင်ဝင်း ခေါင်းဆောင်သောအဖွဲ့ကိုတရွာလုံးက ချီးကျူးနေကြပြီ။ တင်ဝင်းတို့ကလည်း သူတို့၏ဘဝကိုဂုဏ်ယူသည်။ သဘောကျသည်။ ပညာကို အစွမ်းကုန်ကြိုးစားရန် တစ်ယောက်နှင့်တစ်ယောက် တိုက်တွန်းကြသည်။ အကြံပေးကြ



သည်။ သွားရင်း၊ နားရင်း၊ မရှင်းသောစာများကိုမေးကြ၊ ဖြေကြ၊ ဆွေးနွေးကြသည်။

ဆယ်တန်းစာမေးပွဲအောင်စာရင်းထွက်သောအခါ တင်ဝင်းနှစ်ချင်းပေါက်အောင်ခဲ့သည်။ ဂုဏ်ထူးသုံးခုပါသေးသည်။

တင်ဝင်းကိုတစ်ရွာလုံးက ချီးကျူးကြ၊ ဂုဏ်ပြုကြသည်။ တင်ဝင်း၏ အစ်ကိုကြီး ကိုသက်ထွန်းလည်း ဝမ်းသာဂုဏ်ယူ၍မဆုံးအောင် ဖြစ်နေသည်။ တင်ဝင်းပညာသင်လိုသည်ကို စိတ်ပျက်စရာအောက်မေ့ခဲ့သော အမေနှင့်အစ်မများပင်လျှင် ရောယောင်၍ ဝမ်းသာနေကြသည်။

ကျေးရွာလူကြီးများကလည်း တင်ဝင်းကိုချီးကျူးဂုဏ်ပြုကြသည်။ လစ်လပ်နေသောကျေးရွာစာရေးနေရာတွင် တင်ဝင်းကို ခန့်ထားမည်ဖြစ်ကြောင်းကတိပေးကြသည်။ တင်ဝင်း ဝမ်းသာအားရဖြစ်မိသည်။ ဆယ်တန်းအောင်၍ ပျော်ရွှင်နေချိန်မှာ အလုပ်ရမည်ဆိုသော အခါတိုင်းထက်အလွန်ဖြစ်ရပြန်သည်။ ညဦးနက်မှတင်ဝင်းအိမ်ပြန်ရောက်ခဲ့၏။

အိပ်ရာဝင်၍ အိပ်သော်လည်း တင်ဝင်းအိပ်၍မပျော်ပါ။ လုလင်ပြန်ကြက်တွန်ခဲ့ပြီ။ မကြာမီ သန်းခေါင်ကြက်တွန်တော့မည်။

တင်ဝင်းသည်လွန်ခဲ့သော ခြောက်နှစ်က ယခုလိုညကို သတိရမိသည်။ ထိုညက အဆုံးအဖြတ် မှန်ကန်၍ဖွံ့ဖြိုးလာရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ယခုအောင်မြင်မှုကိုရရှိခြင်းဖြစ်သည်။ ရှေ့ဆက်ရမည့် ခရီးလမ်းမှာ တင်ဝင်းအတွက်အခက်အခဲမရှိတော့ပါ။ ကျေးရွာကောင်စီရုံးစာရေးလုပ်ရင်း အမေနှင့်အစ်ကို၊ အစ်မများကို လုပ်ကျွေးမည်။ တက္ကသိုလ်စာပေးစာယူသင်တန်းကို ဆက်တက်၍ ဘွဲ့တခုခုရအောင် ယူရမည်။ ပညာကို ဆုံးခန်းတိုင်အောင်သင်ကြားမည်။

ကိုယ်ထွင်သောလမ်းကြောင်းသည် နောက်လူတို့အတွက်ပါ လမ်းကောင်းဖြစ်နေသည်ကိုလည်း တင်ဝမ်းသာ ဂုဏ်ယူရပါ၏။

* * *



# မှန်သောသတ္တိ

ထွန်းထွန်းတို့ စတုတ္ထတန်းမှာ အောင်စိုးသည် အသက်အကြီးဆုံးနှင့်ရန်အစွာဆုံး။ ငယ်သူများကိုလည်း အမြဲအနိုင်ကျင့်လေ့ရှိသည်။

တစ်နေ့တွင်အောင်စိုးသည် အတန်းဘေးမှာကာထားသော ဝါးထရံကို မောင်းချမားဖြင့်လှီး၍ အပေါက်ဖောက်နေသည်။ သူဖောက်သည်က မောင်ထွေးထိုင်သောနေရာနားမှာ။

"ကိုအောင်စိုး မလုပ်ပါနဲ့ဗျာ .. ဆရာက ကျွန်တော်ဖောက်တယ်ထင်ပြီး ကျွန်တော့်ရိုက်လိမ့်မယ် ..."

အောင်စိုးက တောင်းပန်နေသောမောင်ထွေးကို ရန်လိုသောမျက်လုံးများနှင့် လှမ်းကြည့်လိုက်သည်။ အပေါက်ကိုလည်း ပို၍ကြီးအောင်ဖောက်ပစ်လိုက်သည်။ အတန်းထဲမှ ကျောင်းသား ကျောင်းသူအတော်များများမြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အထဲက ဒီထရံကိုငါဖောက်တယ်လို့ ပြောရဲရင် ပြောကြည့် ပြောတဲ့ကောင်သေပြီသာမှတ်"

အောင်စိုးက သူ့လက်ထဲမှ မောင်းချားကို ဟန်ပါပါ မွှေ့ရမ်းပြသည်။ ဘယ်သူမျှဘာမျှမပြောဝံ့ကြ။

ကျောင်းတက်သောအခါ အတန်းပိုင်ဆရာ အတန်းထဲဝင်လာသည်။ ဆရာက အမည်စာရင်းခေါ်ပြီး စာသင်ရန် မတ်တပ်ရပ်လိုက်သောအခါ ထရံအပေါက်ကြီးကိုတွေ့သွားသည်။

"ဟာ ဟိုမှာ ထရံပေါက်နေပါလား "

ဆရာညွှန်ပြရာသို့ ကျွန်တော်တို့အားလုံးကြည့်လိုက်ကြသည်။

'မနေ့ကဒီနေရာမှာ ဒီအပေါက်မရှိဘူး။ ဒါဒီနေ့မှဖောက်တာ မင်းတို့အထဲက ဘယ်သူဖောက်တာလဲပြောစမ်း။

ဆရာ့လေသံ ဒေါသဖြင့်တင်းမာနေသည်။

"မင်းတို့ငါ့ကို ဆရာအသစ်ဆိုပြီး စမ်းနေကြတာလား .. အေးငါက ပညာရေးကောလိပ်မှာ ကလေးစိတ်ပညာဂုဏ်ထူးနဲ့အောင်လာတာကွ နားလည်လား ... ။ ဘယ်သူဖောက်တာလဲပြောပြောကြ ...။ မပြောရင်တော့မင်းတို့တစ်တန်းလုံး ကြိမ်စာကျွေးရမှာပဲ ..။

တစ်တန်းလုံးငြိမ်နေကြပါသည်။ ဘယ်သူမျှမပြောပါ။



"ကဲ ဒီတစ်ခါနောက်ဆုံးမေးမယ်။ ဒီထရံပေါက်ကို ဘယ်သူဖောက်တာလဲ ... ပြောကြ ..."

ဆရာ၏ လေသံမှာ ပို၍ကျယ်ကျယ်လောင်လောင်ဖြစ်လာသည်။ ပို၍လည်းတင်းမာလာသည်။

"ဟား ... ဟား .. ဟား ... ဟား.. "

ဆရာ၏ကျယ်လောင်သောရယ်သံကြောင့် အတန်းထဲရှိကျောင်းသူ ကျောင်းသားအားလုံး လန့်သွားကြသည်။

"ငါက ကလေးစိတ်ပညာ ဂုဏ်ထူးနဲ့အောင်ထားတာပါကွ။ မင်းတို့ မပြောပေမဲ့။ ဘယ်သူဖောက်တယ်ဆိုတာ .. ငါသိပြီကွ"

ဆရာက ကျောင်းသားများကိုတစ်ယောက်စီလိုက်ကြည့်သည်။ ဆရာ့အကြည့်မျက်လုံးများက စူးရှလှ၏။ အကြည့်ခံရသူတိုင်း ခေါင်းငုံ့နေကြသည်။

"ဟိုကောင် ထစမ်း "

ဆရာက မောင်ထွေးကိုလက်ညှိုးထိုးပြသည်။

မောင်ထွေး ကြောက်ရောက်ရွံ့ရွံ့မတ်တပ်ထသည်။ သူ့လက်များတုန်နေသည်။

"မောင်ထွေး ... မင်းဖောက်တာမဟုတ်လား .."

"ကျ ... ကျွန်တော် .. မဖောက်ပါဘူးဆရာ ..."

မောင်ထွေးအသံမှာ ငိုသံပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်သူဖောက်တာလဲ ... ပြော ..."

မောင်ထွေးခေါင်းငုံ့နေသည်။ ထွန်းထွန်းစိတ်ထဲမှာ မောင်ထွေး အမှန်အတိုင်းပြောလိုက်စေချင်သည်။

မပြောနိုင်ရင် မင်းဖောက်တာသေချာပြီပေါ့ ... ထရံပေါက်က မင်းဘေးနားမှာပဲ .."

"မ ... မဟုတ်ပါဘူး ... ဆရာ။"

"ကဲမင်းသွားစမ်း ... ဆရာကြီးရုံးခန်းထဲက ကြိမ်လုံး ယူခဲ့ .."

ရှေ့မှကျောင်းသားတစ်ယောက်ကို ဆရာကခိုင်းလိုက်သည်။ မကြာမီ ဆရာ့လက်ထဲသို့ ကြိမ်လုံးအရှည်ကြီးရောက်လာ၏။ ဆရာက ကြိမ်လုံးကိုအသံမြည်အောင်ဝှေ့ရမ်းလိုက်သည်။

ထွန်းထွန်းစိတ်ထဲမှာ အပြစ်မရှိသော မောင်ထွေးအရိုက်ခံရမှာစိုးရိမ်နေသည်။

"ကဲ မောင်ထွေး ... ရှေ့ထွက်ခဲ့ ..."

"ကျ ကျွန်တော် .. မဟုတ်ပါဘူး ဆရာ ...."

မောင်ထွေးကြောက်လွန်း၍ ပါးပေါ်မှာမျက်ရည်များ စီးကျနေပြီ။

"ပြောလိုက်ပါလား သိရက်သားနဲ့ ...."

မောင်ထွေးကို ထွန်းထွန်း အားမရဖြစ်မိသည်။



မောင်ထွေးအတန်းရှေ့သို့ထွက်ရပ်ရသည်။

'ကဲ မောင်ထွေးလက်ပိုက် ..."

"ကျွန် .. ကျွန်တော်မဟုတ်ပါဘူး ... ဆရာ.."

"မင်းမဟုတ်ရင် ဘယ်သူလဲပြောလေ ..."

ဆရာလေသံကကျယ်သည်။ မောင်ထွေးက ဘာမျှမပြောသတ္တိနည်းလွန်းသည်။ ထွန်းထွန်းစိတ်ထဲမှာမကျေနပ်။ ဆရာက တစ်တန်းလုံးကိုကြည့်၍ အကဲခတ်နေသည်။ စိတ်ပညာကိုဂုဏ်ထူးနှင့်အောင်သည်ဆိုသောဆရာကို ထွန်းထွန်းမကျေမနပ်ဖြစ်မိသည်။

"ကဲ ... မောင်ထွေး .. လက်ပိုက်"

ထွန်းထွန်း ရင်ထဲမှာပူလောင်နေသည်။ အပြစ်မရှိသော မောင်ထွေး အရိုက်ခံရတော့မည်။ အမှန်ကိုဖော်ပြောပြချင်သည်။ သို့သော် အောင်စိုးက လူဆိုးလူမိုက် ပြောသင့်မပြောသင့်မဝေခွဲနိုင်ဖြစ်နေရသည်။

'ကဲ .. ကြာတယ် .. မြန်မြန်လက်ပိုက်စမ်း"

'ကျွန် .. ကျွန်တော် .. မဟုတ်ပါဘူး ဆရာ ..."

"တော်ပြီ .. မောင်ထွေး မင်းဘာမှမပြောနဲ့တော့ ..."

ဆရာက လက်ထဲမှကြိမ်လုံးကို အပေါ်သို့ မြှောက်လိုက်သည်။

ထွန်းထွန်း ရုတ်တရက်နေရာမှထရပ်လိုက်ပါသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်သူက ထွန်းထွန်းတစ်ယောက်တည်းမဟုတ်။ ထွန်းထွန်း အပြင်နောက်ထပ် ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေး တစ်ယောက်။

"မောင်ထွေး မဟုတ်ပါဘူး ဆရာ"

ထွန်းထွန်း မောင်ထွေးကို ဆရာမရိုက်ခင်မီအောင် အမြန် ပြောလိုက်သည်။

ဆရာက ခေါင်းညိတ်လျက်မှ ထွန်းထွန်းကို ဆက်မပြောရန် လက်ကာပြသည်။ လက်ထဲမှကြိမ်လုံးကတော့ အောက်ပြန်ကျသွားပြီ။

"ကောင်းပြီ ဒီလေးယောက်စလုံးက မောင်ထွေးမဟုတ်ဘူး၊ လို့ ပြောမှာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ဆရာမေးသည်ကို မတ်တတ်ရပ်သူ လေးယောက်လုံး အဖြေပေးကြသည်။

ဒါဆိုရင်တော့ ဖောက်တဲ့လူက ကိုယ်ဘာသာထပြီးဝန်ခံ လိုက်ပါ။ သူတို့ပြောမှသိရတာဆိုရင်တော့ ဆရာကဖောက်တဲ့လူကို ခွင့်မလွှတ်နိုင်ဘူး ... သူတို့ကတော့ ဆရာမေးရင်ပြောတော့မှာပဲ။ အဲဒီတော့ ဖောက်တဲ့လူဘယ်သူဆိုတာ ပေါ်တော့မယ် .. ။ သူတို့က မဖော်ရဘဲနဲ့ ဖောက်သူကကိုယ့်ဘာသာထပြီး ဝန်ခံလိုက်ပါ။ ဒါဆိုရင် ဆရာအပြစ်ကိုသက်ညှာပေးမယ်။



ရပ်နေသော ကျွန်တော်တို့လေးယောက် ဘာမှမပြောပဲ စောင့်နေစဉ်အောင်စိုးမတ်တပ်ရပ်သည်ကို တွေ့လိုက်ရပါသည်။

"ကျွန်တော် ဖောက်တာပါဆရာ ..."

"အေး .. အဲဒီလိုကိုယ့်အပြစ်ကိုယ်ဝန်ခံတာကောင်းတာ ပေါ့ကွာ .."

ဆရာက မောင်ထွေးကိုနေရာမှာ ပြန်အထိုင်ခိုင်းလိုက်ပါ သည်။

'မောင်ထွေးက ဖောက်တဲ့လူကိုသိရက်သားနဲ့ အမှန်အတိုင်း မပြောရဲဘူး ..'ကြောက်လွန်းတယ်။ အဲဒီလိုမဖြစ်သင့်ဘူး .. ။ ဒါဟာ မင်းမဲ့တိုင်းပြည်မှမဟုတ်ဘဲ .. ဘယ်သူမှ မတရားလုပ်လို့ မရဘူး အနိုင်ကျင့်လို့မရဘူး။

ဒီ .. လေးယောက်ကိုတော့ .. ဆရာချီးကျူးတယ် ..

ရပ်နေဆဲဖြစ်သော ထွန်းထွန်းတို့လေးယောက်ကို ရည်ညွှန်း ပါသည်။

ဒီလေးယောက်က မောင်ထွေးအပြစ်မရှိဘဲအရိုက်ခံရမှာ စိုးတယ် ..။ အမှန်ကိုဖော်ထုတ်ရဲတဲ့ သတ္တိရှိတယ် ..။ ကဲထိုင်ကြပါ။

ထွန်းထွန်းတို့လေးယောက် ထိုင်ကြရသည်။ ဆရာက ဆက်ပြောသည်။

"မပြောရင်တစ်တန်းလုံးရိုက်မယ်ဆိုရင်တော့ မင်းတို့မဖော်

www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့ ညှိခံသွားမှာစိုးလို့ ဆရာကထရံပေါက်နဲ့နီးတဲ့ မောင်ထွေးကို ရိုက်မယ်လုပ်ရတာပါ။ မောင်ထွေးမဟုတ်မှန်းသိပါတယ် ..။

မောင်အောင်စိုးကတော့ ကျောင်းပစ္စည်းကိုဖျက်ဆီးတာ မကောင်းဘူး အပြစ်ရှိတယ်။ ဆရာဒီအတန်းကို အတန်းပိုင်ကိုင်ပြီး တစ်ပတ်လောက်မှာကတည်းက မောင်အောင်စိုးကိုသတိထားမိ တယ်။ မောင်အောင်စိုးက စာမကြိုးစားဘူး ဆိုးတယ်၊ ရန်ဖြစ်တယ်၊ ခဏခဏ အတိုင်ခံရတယ်။ ဒါနဲ့မောင်အောင်စိုးအကြောင်းဆရာစုံ စမ်းကြည့်တယ်။ မောင်အောင်စိုးမှာ အမေမရှိဘူး။ အဖေက မောင်အောင်စိုးကို ပညာတော်စေချင်တယ်။ တင်းတင်းကျပ်ကျပ် ချုပ်ချယ်တယ်။ စာမတော်တော့ဆူတယ်။ ရိုက်တယ်။

မောင်အောင်စိုးအဖေနဲ့ မနေ့ကဘဲဆရာတွေ့ခဲ့ပြီးပါပြီ။ ဒီကရှေ့ဆိုရင် သူလဲမောင်အောင်စိုးကို ရိုက်တော့မှာမဟုတ်ပါဘူး။ မောင်အောင်စိုး စာတော်အောင်ကြိုးစားမလား ...

"ဟုတ်ကဲ့ ကြိုးစားပါ့မယ် ဆရာ ..."

"အေး .. ဟုတ်ပြီ .. ကျောင်းမှန်မှန်တက်ပြီး စာမှန်မှန် ကြည့်ရင် မောင်အောင်စိုးစာတော်လာမှာပေါ့ ....'

"ဟုတ်ကဲ့ပါ ဆရာ ..."

"နောက်ကို ခုလိုမကောင်းတဲ့အလုပ်တွေလုပ်ဦးမလား .."

"မလုပ်တော့ပါဘူးဆရာ .."



"ဒီအပြစ်မျိုးကကျောင်း ထုတ်ပစ်နိုင်တယ်။ မောင်အောင်စိုး ကိုယ့်ဘာသာ ဝန်ခံချက်ပေးတာလဲကောင်းပါတယ်။ ဒါကြောင့်မို့ ဒီတစ်ခါတော့ ဆရာကသက်ညှာခွင့်ပြုမယ်။ နေ့လည် ကျောင်း ဆင်းရင် ဒီထရံပေါက်ကို ဆရာနဲ့မောင်အောင်စိုး ပြန်ဖာကြမယ် .."

"ကျွန်တော့်ဘာသာဖာပါ့မယ် ဆရာ ..."

"ဩော် အေး .. အေး .. ပိုကောင်းတာပေါ့ကွာ.."

နေလည်ကျောင်းဆင်းချိန်တွင် ပေါက်နေသောထရံကို အောင်စိုး အကောင်းဖြစ်အောင် ပြန်ဖာနေပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ရေအဆုံးကုန်းတစ်ဝက်

နွေရာသီကျောင်းပိတ်ရက်ဖြစ်သည်။ စံမောင်နှင့် ကျော်ဝင်း နှစ်ယောက်လုံး လေးဟန်းအောင်၍ ပျော်နေကြသည်။

ကျောင်းမဖွင့်မီ အားရအောင် ကစားရအုံးမည်။

လူစုပြီး ဘောလုံးကစားချင်သည်။ သို့သော် ဘောလုံးမရှိ။ ဝယ်စရာလည်း ပိုက်ဆံမရှိ။ ထို့ကြောင့် ကျော်ဝင်းတို့ခြံဝင်းကြီးထဲမှာ လိပ်ပြာကလေးများကိုလိုက်ဖမ်းတမ်းကစားရန်တိုင်ပင်ကြသည်။

ကျော်ဝင်းသည် အဖိုးနှင့်အဖွားက မွေးစားခဲ့သူဖြစ်၍ အဖိုး အဖွားတို့ခြံထဲမှာ ပြေးရင်းကစားရင်း ကြီးပြင်းခဲ့ရသူဖြစ်သည်။

ကျော်ဝင်းနှင့်စံမောင် ဆင်လိပ်ပြာကြီးတစ်ကောင်ကို လိုက်ဖမ်းကြသည်။ လိပ်ပြာကြီးမှာပန်းပွင့်တစ်ပွင့်တွင်နား၍ ပန်းဝတ်ရည်ကိုစုတ်နေသည်။ ကျော်ဝင်းတို့နှစ်ယောက် ကပ်သွားသောအခါ ထပျံသွား၏။



သူနောက်မှလိုက်ကြသည်။ ကျော်ဝင်းနှင့်စံမောင် ကပ်သွား လိုက် လိပ်ပြာကြီးကပျံသွားလိုက်နှင့် တခြံလုံးနှံ့အောင် ရောက်နေ သည်။

"ဟာ ‥ ဟိုမှာဟေ့ စံမောင် အထုပ်ကလေးတထုပ် …"

ကျော်ဝင်းက လိပ်ပြာကြီးနားနေသည့် ပန်းရုံဘေးမှာ အထုပ်ကလေးတထုပ်ကို စံမောင်အားပြလိုက်သည်။ နှစ်ယောက်သား ပြေးကောက်ကြရာ ကျော်ဝင်းလက်ထဲမှာအထုပ်ကလေးပါလာသည်။

လက်ကိုင်ပဝါအဖြူကလေးဖြင့် ထုပ်ထားခြင်းဖြစ်၏။ ကျော်ဝင်းနှင့် စံမောင်နှစ်ယောက်သား ပန်းခြံအကွယ်တွင်ထိုင်၍ လက်ကိုင်ပဝါလေးကို ဖြေကြည့်လိုက်သည်။

"ဟာ ပိုက်ဆံတွေ …"

ကျော်ဝင်းနှင့်စံမောင်နှစ်ယောက်လုံးပြိုင်တူ ပြောလိုက်မိ သည်။

စံမောင်က ဘေးပတ်ဝန်းကျင်ကိုလှည့်ကြည့်၍ ကျော်ဝင်း လည်းလိုက်ကြည့်သည်။ မည်သူမျှမရှိ။

ကျော်ဝင်းနှင့်စံမောင် ပိုက်ဆံများကို ရေတွက်ကြည့်ရာ ငါးရာတန်လေးချပ်နှင့် တစ်ထောင်တန်သုံးချပ်၊ အားလုံးပေါင်း ငါးထောင်ဖြစ်သည်။

"ဘယ်သူ့ဟာလဲမသိဘူးကွ ‥"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းကပိုက်ဆံများကို ကိုင်ထားရင်းမှပြောလိုက်သည်။

"ဘယ်သူဟာဖြစ်ဖြစ် .. ငါတို့ကောက်ရတာပဲကွ ... မင်းနဲ့ငါ နှစ်ယောက်ထဲဘဲသိတာ တို့ခွဲယူလိုက်ရုံပေါ့ ..."

စံမောင်ကပြန်ပြောသည်။

"အဖေကြီးက သူများပစ္စည်း မခိုးရဘူးလို့ ငါ့ကိုခဏခဏ ပြောဘူးတယ်ကွ ...."

"ဟ ဒါက ခိုးတာမှမဟုတ်တာ ... ကောက်ရတာကွ "

"သူများပစ္စည်း ကောက်ရရင်လဲပြန်ပေးရမယ်လို့ အဖေကြီး ကပြောတယ်ကွ .."

"ဒါ ဘယ်သူ့ပစ္စည်းမှန်းမှ မသိဘဲကွ"

ကျော်ဝင်းတွေဝေနေပါသည်။ ဘာလုပ်ရမည်ကို မဆုံးဖြတ်နိုင်ပါ။ ပိုက်ဆံများကို လက်ထဲမှာအုပ်ကိုင်ထားဆဲ။

ယူလည်းယူချင်သည်။ ယူလျှင်ကောင်းမှကောင်းပါ့မလားဟူ၍လည်း စိုးရိမ်နေမိသည်။

"ဒီပိုက်ဆံကို ငါတို့ခွဲယူလိုက်ရင် ဘယ်သူမှ မသိဘူး ... မင်းနဲ့ငါနဲ့ ဘောလုံးတစ်ယောက်တစ်လုံး ဝယ်နိုင်မယ်။ ဘုရားပွဲကျရင် မုန့်တွေအဝစားနိုင်မယ် .. ။ ရဟတ်လဲအများကြီးစီးရမယ်၊ ဘယ်သူမှ တို့လောက်သုံးနိုင်မှာမဟုတ်ဘူး။

စံမောင်ပြောသည်မှာမှန်သည်။ ဘောလုံးလည်းဝယ်နိုင်မည်။



ဘုရားပွဲမှာလည်း ကြိုက်သလိုသုံးနိုင်မည်။ ဘုရားပွဲကလည်း သုံးရက်သာ လိုတော့သည်။

ကျော်ဝင်းဆုံးဖြတ်လိုက်သည်။

"ကဲကွာ ... ရော မင်းနဲ့ ငါနဲ့ နှစ်ထောင်ငါးရာစီ ခွဲယူမယ် မင်းဘယ်သူ့မှမပြောရဘူးနော် ..."

"အေးပါကွ ဘယ်ပြောပါ့မလဲ .."

စံမောင်ကပိုက်ဆံများကိုယူ၍ သူ၏ပုဆိုးခါးပိုက်ထဲမှာ ထည့်လိုက်သည်။ ခါးပိုက်ကိုလည်း အစသေအောင်ပြန်ထိုးလိုက်သည်။

ကျော်ဝင်းကသူ့ပိုက်ဆံကို လက်ပိုင်ပုဝါလေးဖြင့်ပြန်ထုပ်၍ အင်္ကျီအတွင်းမှာထိုးထည့်ထားလိုက်သည်။ စိတ်ထဲမှာတော့အပြစ်တခုကိုကျူးလွန်သလိုပင် ခံစားရ၏။

"ဟော့ကောင် ခဏနေအုံးကွ .."

စံမောင်ကထွက်သွားတော့မည်လုပ်နေ၍ ကျော်ဝင်းလှမ်းခေါ်လိုက်သည်။ စံမောင်ရပ်နေသည်။

"မင်း ဒီပိုက်ဆံကိုသုံးတော့ မသုံးလိုက်နဲ့အုံးကွာ ..."

"အေးပါကွာ မသုံးသေးပါဘူး ..."

စံမောင်က ပြောပြောဆိုဆိုနှင့် ထွက်သွားပါသည်။

ညနေပိုင်းတွင်ကျော်ဝင်းအဘွားရွာလယ်မှဈေးဝယ်ပြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်ပိုင်းကပြန်လာတာ စိတ်မကောင်းလိုက်တာတော်။

အဖွားကထိုင်ပင်မထိုင်သေးဘဲ ပြောလိုက်သည်။

"ဘာလဲကွ မင့်စကားကလဲ အဆက်အစပ်မရှိနဲ့ . . ."

အဖိုးကအဖွားကို အပြစ်တင်လိုက်သည်။

"လက်သမား ကိုဖိုးလှလေ ငွေငါးထောင်ကျပျောက်လို့တဲ့"

ကျော်ဝင်းရင်ထဲမှာ ထိတ်ကနဲဖြစ်သွားသည်။

"အော် ငါတို့ကောက်ရတာ ဦးဖိုးလှရဲ့ငွေပါလား . . ."

ပိုင်ရှင်ကို ကျော်ဝင်းသိလိုက်ရပါပြီ။

"ကိုဖိုးလှတော့အိပ်ရာထဲမှာ မှောက်လို့ သူ့မိန်းမ မငွေလှိုင်ကလဲ ငိုလို့ သနားပါတယ်တော် . .။ သူ့ခမျာ ကလေးတွေကလဲ များ၊ ဘုရားပွဲကျမှသုံးဘို့ဆိုပြီး ကိုဆယ်တို့ အိမ်ဆောက်တဲ့ငွေကို ထုတ်မသုံးဘဲစုထားတာတဲ့ . . . ဒီနေ့မနက်ကမှ ဘုရားပွဲနီးလို့ ငါးထောင် ထုတ်လာခဲ့တာ ခါးကြားညှပ်ထားရာက ကျနေခဲ့တယ်တဲ့ လေ ဒီခြံထဲလဲ မနက်ကရောက်လို့ လာရှာသေးတယ်တဲ့ ဘယ်မှမတွေ့တော့ဘူးတဲ့။"

"အော်ဟုတ်ပြီဟေ့ ဒါကြောင့်နေ့ခင်းက ကိုဖိုးလှကို ခြံထဲမှာ တွေ့ရတာကိုး . ." ဟု အဖိုးကမှတ်ချက်ချလိုက်သည်။

"ဘယ်မှာကျလို့ဘယ်သူများရလဲမသိပါဘူးတော် ရတဲ့လူကပြန်ပေးရင် သူ့ခမျာ ဘယ်လောက်ဝမ်းသာရှာမလဲ . ."



အဖွားပြောသမျှစကားတိုင်းသည် ကျော်ဝင်းရင်ကို လာဆောင့်နေသည်။ ကျော်ဝင်း ဦးဖိုးလှမိသားစုအတွက် စိတ်မကောင်းပါ။ စံမောင်နှင့်ခွဲယူလိုက်မိသည်မှာ မှားပြီ။ စံမောင်ကို ကျော်ဝင်းမကျေနပ်ဖြစ်သည်။

"လူလေးရေ . . ."

အဖွားက ကျော်ဝင်းကိုခေါ်လိုက်သည်။

"ဗျာ . . ."

ကျော်ဝင်းလန့်သွားသည်။

"ခြံထဲမှာ လိုက်ရှာကြည့်စမ်းပါအုံးကွယ် သူ့ခမျာသနားပါတယ် . .။ လက်သမားခလေးပါ။"

ဟုတ်ကဲ့ ဟုတ်ကဲ့။

ကျော်ဝင်းခြံထဲသို့ ထွက်ခဲ့ပါသည်။ အဖွားကကျော်ဝင်းကို ရိုးရိုးသားသားပင် အရှာခိုင်းခြင်းဖြစ်ပါမည်။ သို့ရာတွင် ကျော်ဝင်း စိတ်ထဲမှာမလုံပါ။

"အဖွားများ ရိပ်မိလို့ ငါ့ကိုပြန်ပေးအောင်လုပ်နေ တာလား" ဟု စဉ်းစားမိသည်။

"ငါမှားတယ် . . .။ ငါမှားတယ် . . ငါပြန်ပေးမယ် စံမောင်ဆီကငွေကိုလည်း ငါပြန်တောင်းမယ် . . ဘယ်လိုပြောပြီး ပြန်ပေးရပါ့မလဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းရင်ထဲတွင် ဘောလုံးဝယ်လိုစိတ်၊ ဘုရားပွဲမှာ မုန့်ဝယ်စားချင်စိတ်၊ ရဟတ်စီးချင်စိတ်များလုံးဝမရှိတော့ပါ။ သူများမျက်ရည်ပေါက်ကြီးငယ်ကျရသောငွေနှင့် ကျော်ဝင်းမပျော်ချင်ပါ။ ပိုက်ဆံအားလုံးပြန်ပေးလိုက်လျှင် ပျော်ရွှင်နေကြမည့် ဦးဖိုးလှမိသားစုကိုသာ မြင်ချင်သည်။

အဖွားကျေနပ်အောင် ခြံထဲတွင်နှစ်ပတ်ခန့်ရှာပြီးနောက် စံမောင်တို့အိမ်သို့ကျော်ဝင်း ထွက်ခဲ့သည်။ စံမောင်တို့အိမ်ရောက်သောအခါ စံမောင်မရှိ၊ ကိုးပင်ချောင်းထဲသို့ ကွဲကျောင်းသွားသည်ဟုဆိုသည်။ ကိုးပင်ချောင်းကိုကျော်ဝင်းလိုက်သည် စံမောင်နှင့်တွေ့သည်။ ဦးဖိုးလှ၏ ပိုက်ဆံဖြစ်ကြောင်း၊ သနားစရာသိပ်ကောင်းကြောင်း၊ ပြန်ပေးဆို့အကြောင်း စံမောင်ကိုကျော်ဝင်းပြောပြသည်။

"ငါ့မှာမရှိတော့ဘူးကွာ ... အမေ့ကိုပြမိတာနဲ့အမေကငါ့ဆီကယူပြီး မနက်က သစ်ခေါက်ဈေးကိုသွားတယ် ..။ ဘုရားပွဲမှာစားဘို့သောက်ဖို့ဝယ်တာနဲ့ကုန်ပြီ"

စံမောင်က မျက်နှာငယ်လေးနှင့် ကျော်ဝင်းကိုရှင်းပြသည်။ စံမောင်ကိုကျော်ဝင်း စိတ်ဆိုးသည်။

"ဘာကွ ကုန်ပြီဟုတ်လား ဘယ်ဖြစ်ပါ့မလဲကွာ မင်းကိုငါပြောသားနဲ့ ဒီပိုက်ဆံကို မသုံးပါနဲ့အုံးဆိုတာ ...။ မဖြစ်ဘူး မင်းအမေကိုပြောပြီးပြန်တောင်းပေးကွာ ...။



စံမောင်က မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်၍ကျော်ဝင်းကိုကြည့်နေသည်။

"မင်းလဲ သိသားနဲ့ ကျော်ဝင်းရာ။ အမေ့ကိုတောင်းလို့လဲ ဘယ်လိုလုပ် ပေးနိုင်မလဲကွ မနက်ကလဲ အမေက ဘုရားပွဲမှာ ပိုက်ဆံမရှိလို့ဆိုပြီး ညည်းနေတာနဲ့ ငါကထုတ်ပြမိတာကွ ..."

မှန်ပါသည်။ စံမောင်တို့မိသားစုမှာလည်း အလွန်ဆင်းရဲပါသည်။ ငွေနှစ်ထောင့်ငါးရာကိုပြန်ပေးရန် မလွယ်ကြောင်း ကျော်ဝင်းသိပါသည်။ မည်သို့ပြုလုပ်ရမည်ကို ကျော်ဝင်းမဆုံးဖြတ်တတ်တော့ပါ။

"ဒီလိုဆိုရင် ငါကတော့ ပြန်ပေးလိုက်မယ်ကွာ ..။ ငါသွားတော့မယ် .."

စံမောင်က ကျော်ဝင်းကို ငေးကြည့်ရင်း ကျန်ရစ်သည်။

"ဟေ့ ကျော်ဝင်း ခဏနေပါအုံးကွာ ..."

စံမောင်နောက်မှ ပြေးလိုက်လာ၍ ကျော်ဝင်းရပ်စောင့်နေလိုက်သည်။

"မင်းပြန်မပေးပါနဲ့ကွာ ... မင်းကပြန်ပေးရင် ငါတို့အားလုံးပေါ်သွားပြီး ငါပါပြန်ပေးရမှာကွ အဲ့ဒါဆိုရင် ငါတို့မှာပေးစရာမရှိတော့ ဒုက္ခဘဲကွာ ...။"

ခုမှပိုခက်လာပါသည်။ ကျော်ဝင်းပို၍ ခေါင်းရှုပ်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်းမပေးပါနဲ့ သူငယ်ချင်းရာ ဒီအတိုင်းဆိုရင် ငါတို့ရမှန်း ဘယ်သူမှမသိပါဘူး ..."

ကျော်ဝင်း ဘာမျှမပြောတတ်တော့ပါ။ အိမ်သို့သာ ခေါင်းငိုက်စိုက်ချ၍ပြန်လာခဲ့ရသည်။ ကျော်ဝင်းကိုယ်ဘာသာကိုယ်လည်း မကျေနပ်စိတ်ကြီးစွာဖြစ်မိသည်။

"ငါမှားတာစံမောင်ပြောတာကို နားယောင်ပြီးဘုရားပွဲမှာ စားချင်သုံးချင်ပျော်ချင်မိလို့ သူများ ဒုက္ခတွေဖြစ်ရတာ .."

ကျော်ဝင်းတွေးလေ စိတ်မကောင်းလေဖြစ်ရသည်။ ဦးဖိုးလှ မိသားစုကို သနားနေမိသည်။ စံမောင်ကိုတော့မကျေနပ်။ သို့သော် အတင်းပြန်တောင်းရမှာလည်း သူ့မိသားစုအခက်အခဲကို နားလည်နေသည်။

"ငါမှားတာ အစကတည်းက မယူခဲ့မိရင်ကောင်းမှာ။ ငါအခုဘယ်လိုလုပ်ရမလဲ .."

ကျော်ဝင်းအမျိုးမျိုးစဉ်းစားပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

အမော်တဲထဲတွင် သိမ်းထားသော ငွေနှစ်ထောင့်ငါးရာကို လတ်ကိုင်ပဝါလေးနှင့်ထုတ်၍ ညတွင်ဦးဖိုးလှ၏ အိမ်ရှေ့သို့ ကျော်ဝင်း ပစ်ထားခဲ့ပါသည်။

နောက်တနေ့မနက်တွင် ရွာထဲ၌ "ဦးဖိုးလှတယောက်တော့



ရေအဆုံး။ ကုန်းတဝက်တဲ့ဟော့ ကောက်ရတဲ့လူက တဝက်ကိုညက အိမ်ဝိုင်းထဲ လာပစ်ထားခဲ့တယ်။ တစ်ဝက်တော့ယူလိုက်မှာပေါ့။ တစ်ဝက်ပြန်ရတာတော်သေးတာပေါ့လေ .." ဟုပြောကြဆိုကြသည်။

ငါသာရရချင်းပြန်ပေးရင် သူ့ငွေသူအပြည့်ပြန်ရမှာ။ နောက်ဆို ပစ္စည်းကောက်ရရင် ယူမထားတော့ဘူး။ ပိုင်ရှင်ကိုတွေ့ အောင်ရှာပြီး။ အမြန်ပြန်ပေးမယ်။

ကျော်ဝင်း အခိုင်အမာဆုံးဖြတ်လိုက်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ကျေးရွာဓလေ့မီးထွန်းပွဲ

သီတင်းကျွတ်လပြည့်နေ့ဖြစ်သည်။ ညီမလေးရောကျွန်တော်ပါကျောင်းပိတ်ထားသည်။ ဖေဖေနှင့်မေမေက ထန်းတောရွာသို့သွားရန် မနက်စောစောပြင်နေသည်။ အဖိုးအဖွားများကို ကန်တော့ရန် ကျွန်တော်တို့လည်း လိုက်ရမည်ဟုဆိုသည်။ ကျွန်တော် မလိုက်ချင်။ တောရွာမီးထွန်းပွဲမှာ ဘာမျှကြည့်စရာရှိမည်မဟုတ်။ ကျွန်တော်တို့မန္တလေးတွင် ကြည့်စရာပွဲလမ်းများစွာရှိသည်။ ကျွန်တော်တို့လမ်းထိပ်မှာပင် အငြိမ့်တခုရှိသည်။

ကျော်ကျော်ထွန်း၊ နေမျိုးဦးတို့နှင့် အငြိမ့်ကြည့်ရန် စီစဉ်ထားသည်။ လူကြီးများကဗျောက်အိုးမဖေါက်ရဟုဆိုသည်။ သို့သော်လူကြီးများ မသိအောင် ကျွန်တော်တို့သုံးယောက် ဗျောက်အိုး တထုပ်စပ်ဝယ်ထားသည်။ ညတွင် ပွဲခင်းထဲမှာဖေါက်ကြမည်။ ကြောက်တတ်သော ကောင်မလေးများ၏အနားမှာ ဗျောက်အိုး ပစ်ဖေါက်ရသည်မှာ အလွန်ပျော်စရာကောင်းသည်။



ကျွန်တော်တို့အတန်းမှ ထိုက်ထိုက်သည် ဗျောက်အိုးပေါက်လျှင် အလွန်ကြောက်တတ်သည်။ ပွဲခင်းက ထိုက်ထိုက်တို့အိမ်နှင့်နီးသည်။ ညကျလျှင် ပွဲခင်းသို့ ထိုက်ထိုက်လာမှာ သေချာသည်။ လာလျှင် ကျွန်တော်တို့ ဗျောက်အိုးနှင့်ပစ်ရန် တိုင်ပင်ထားကြသည်။ ထိုက်ထိုက်လန့်သည်ကိုကြည့်၍ ရယ်ရလျှင် သိပ်ပျော်စရာကောင်းမည်။ ဝန်းသိုရွာသို့လိုက်လျှင် ကျွန်တော် ပျော်ရတော့မည်မဟုတ်။ စုဝယ်ထားသောဗျောက်အိုးများကိုလည်း ကျွန်တော်ဖေါက်ရမည်မဟုတ်တော့ပါ။ ကျော်ကျော်ထွန်းနှင့်နေမျိုးဦးသာဖေါက်ကြလိမ့်မည်။

ကျွန်တော် ထန်းတောရွာသို့မလိုက်ဘဲနေခဲ့ချင်၍ ဖေဖေ့ကိုပြောသည်။ ဖေဖေကမနေခဲ့ရ လိုက်ခဲ့ရမည်ဟုဆိုသည်။ ဖေဖေ့မျက်နှာကိုကြည့်ပြီး ထပ်ပြော၍ရမည်မဟုတ်သည်ကို ကျွန်တော်သိပါသည်။ ထို့ကြောင့် ဖေဖေ၊ မေမေ၊ ညီမလေးတို့နှင့်အတူ ထန်းတောရွာသို့ လိုက်ခဲ့ရသည်။ ကျွန်တော့်စိတ်ကတော့ ကျော်ကျော်ထွန်း၊ နေမျိုးဦး နှင့်ဗျောက်အိုးကိုသာ သတိရနေသည်။

"သားနဲ့သမီး ဟိုမှာကြည့်စမ်း . . ."

ဖေဖေက ကားလမ်း၏ အရှေ့ဘက်မှ တောင်ပြာတန်းကြီးဆီသို့ လက်ညှိုးထိုး၍ပြသည်။

"အဲ့ဒါ ရှမ်းရိုးမတောင်တန်းကြီးပေါ့ . ."

www.burmeseclassic.com

www.burmeseclassic.com



တောင်ပြာတန်းကြီးမှာကြည့်၍လှပါသည်။ သို့ရာတွင်ကျွန်တော်မျက်စိထဲမှာ လမ်းထိပ်မှအငြိမ့်ခုံကိုသာ မြင်ယောင်နေသည်။

"သားနဲ့သမီး ... ဟိုမှာကြည့်ကြစမ်း ...."

မေမေက ကားလမ်းအနောက်ဖက်တွင် လှမ်းမြင်နေရသော ရေပြင်ကျယ်ကြီးကိုပြသည်။

"အဲ့ဒါ ... တောင်သမန် အင်းကြီးပေါ့ ...."

ကျွန်တော်က ပြုံးလိုက်မိသည်။ အင်းကြီးကို သဘောကျ၍ မဟုတ်။ ဖျောက်အိုး ပေါက်သည်ကို လန့်ခုန်နေမည်ဖြစ်သော ထိုက်ထိုက်ကိုစဉ်းစားမိ၍ဖြစ်သည်။

စဉ့်ကိုင်ရောက်သောအခါ ဖေဖေ့ဆရာမကြီးဒေါ်အေးငွေကို ဝင်ကန်တော့ကြသည်။ ဆရာမကြီးကကျွန်တော်တို့ကိုဆုတွေအများကြီးပေးသည်။ မုန့်အများကြီးကျွေးသည်။ မုန့်ဘိုးနှစ်ရာစီပေးသည်။ ဖျောက်အိုးဝယ်ရန် ဟစ်ရာပေးခဲ့ရသော ငွေမှာ အစားပြန်ရရုံမက အမြတ်ပင်ရနေပြီ။

စဉ့်ကိုင်မှ ဝန်းသိုရွာသို့ မြင်းလှည်းဖြင့်ဆက်သွားရသည်။ လမ်းဘေးတွင် ထနောင်းပင်ကလေးများ စီတန်း၍စိုက်ထားသည်။ မြင်းကလေးကမှန်မှန်ပြေးနေသည်။ ကျွန်တော်က မြင်းလှည်းမောင်းကြည့်ချင်သည်ဆို၍ မြင်းလှည်းသမားက မြင်းကြိုးများကို ကျွန်တော့်လက်ထဲထည့်ပေးသည်။ ကျွန်တော်က ဝမ်းသာအားရ



မောင်းသည်။ ညီမလေးက "ပြေးလိုက်ပါလား ...။ ပြေးလိုက်ပါလား" ဟုညာသံပေးသည်။ ဖေဖေနှင့်မေမေ ရယ်နေကြသည်။ မန္တလေးပြန်ရောက်လျှင် နေမျိုးတို့ကိုပြောစရာအသစ်အဆန်းတစ်ခုရ၍ ကျွန်တော်ဝမ်းသာနေမိသည်။

ထန်းတောရွာသို့ရောက်သောအခါ အမေကြီးစံတို့အိမ်တွင် မြင်းလှည်းရပ်သည်။

အမေကြီးစံသည် ဖေဖေ၏အမေဖြစ်သည်။ အမေကြီးနှင့် အိမ်သားများက ဝမ်းသာအားရပြေးလာ၍ ကျွန်တော်နှင့်ညီမလေးကို ပွေ့ချီကြသည်။ မွှေးကြသည်။

အိမ်ထဲသို့ရောက်သောအခါ အမေကြီးကိုပါလာသော ပစ္စည်းများဖြင့်ကန်တော့ကြသည်။ အမေကြီးက ကျွန်တော်တို့ကို ဆုတွေအများကြီးပေးသည်။ ကြက်သားကာလသားချက် နွားနို့ချက်နှင့် ထမင်းကျွေးသည်။ ကျွန်တော်တို့လမ်းမှာ ဆာလာ၍ ထမင်းအများကြီးစားကြသည်။ ကျွန်တော်တို့စားနိုင်သည်ကိုကြည့်၍ အမေကြီး ဝမ်းသာနေသည်။

နေ့လည်တွင် အမေကြီး၏ခြံကျယ်ကြီးထဲမှာ ရွာမှညီအကို မောင်နှမများနှင့် ကျွန်တော်တို့ကစားကြသည်။ မြို့တွင်လမ်းပေါ်မှာ ကစားသကဲ့သို့ကားတိုက်မည်ကိုမကြောက်ရ။ ကစား၍ အားရသောအခါ ခြံဘေးမြောင်းထဲ ရေချိုးကြ၏။ မြောင်းရေမှာ ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းနေသည်။ ကျွန်တော်တို့ ပြေးကြ၊ ဆော့ကြသော်လည်း နောက်၍မသွား။ ဖေဖေငယ်ငယ်ကလည်း ဤမြောင်းထဲမှာပင် ရေချိုးခဲ့ရသည်ဟု ဖေဖေကပြောပြသည်။

ရေချိုးပြီးဆာလာသောအခါ အမေကြီးက အိမ်မှာ ကြော်သော မုန့်လက်ကောက်ကြော်နှင့် မုန့်ဆီကြော်များ အဝ ကျွေးပြန်သည်။ ကျွန်တော်တို့မှာ စားရသည်လည်းပျော်သည်။ ကစားရသည်လည်း ပျော်သည်။

ညနေပိုင်းတွင် ဖေဖေ၊ မေမေ၊ ညီမလေးတို့နှင့်အတူ ရွာထဲမှ သက်ကြီးရွယ်အိုများကို လိုက်ကန်တော့ကြသည်။ ဖေဖေ၏ ဦးလေးနှင့်အဒေါ်များကိုလည်းကန်တော့သည်။ အိမ်တိုင်းက မုန့်များ ကျွေးကြသည်။ တအိမ်ကန်တော့တိုင်း မုန့်ဘိုးတခါရနေ၍ ကျွန်တော် တို့ မောင်နှမ၏ အိတ်ထောင်မှာ မုန့်ဘိုးငွေများဖြင့် ဖေါင်းနေသည်။

ညပိုင်းတွင်ဖေဖေက တောရွာမီးထွန်းပွဲကို လိုက်ပြသည်။ ကျွန်တော်တို့မြို့တွင် လျှပ်စစ်မီး ရောင်စုံများကိုထွန်းကြသည်။ ရွာတွင် အိမ်တိုင်း၊ လမ်းတိုင်းဆီမီးခွက်များထွန်းကြသည်။ ကျွန်တော်တို့ အတွက်အထူးအဆန်းဖြစ်နေသည်။ ထို့ပြင်မြို့ထက်ပို၍ ထူးခြား သည်မှာ အိမ်များ၏ရှေ့တွင် လက်ဖက်သုပ်ပန်းကန်များ၊ ဆီးဖြူသီး ဆားရေစိမ်အိုးများ တွေ့တိုင်းနှိုက်စားကြသည်။ အချို့အိမ်များက သောက်ရေအိုးများတည်ထားကြသည်။ မီးကြည့်လည်သူများ



သွားရင်းလာရင်းစားသောက်နိုင်ရန် ကုသိုလ်လုပ်ထားခြင်းဖြစ်သည်။

အချို့အိမ်များ၏ရှေ့တွင် မီးချာလည်များလုပ်ထား၍ ကလေးများဝိုင်းအုံကြည့်ကြသည်။ အရုပ်ကလေးများလှည့်ပတ်ပြေး နေသည်ကိုကြည့်ရသည်မှာ ပျော်စရာကောင်းလှသည်။ ကျွန်တော် အပျော်ဆုံးမှာ ရွာဦးကျောင်းမှ မီးပုံးပျံလွှတ်ပွဲဖြစ်သည်။ မန္တလေးတွင် မီးပုံးများကို ကောင်းကင်တွင် လှမ်းမြင်ဘူးပါသည်။

မီးပုံးပျံလွှတ်သည်ကို အခုမှ အနီးကပ်ကြည့်ဘူးပါသည်။ ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်းများ၊ ကိုရင်များကဦးစီး၍ လုပ်ကြခြင်း ဖြစ်သည်။

မီးပုံးပျံကြီးသည် မှိုင်းပြည့်သောအခါ ယိမ်းထိုး၍ မိုးပေါ်သို့ တက်သွားသည်။ မီးပုံးငယ်လေးများမှာ တသီတန်းကြီး တွဲလွဲဆွဲ၍ ပါသွားပါသည်။ မီးအိမ်ပျံကြီးတက်လာသောအခါ ကျွန်တော်တို့ အားလုံး ညာသံပေး၍လက်ခုပ်တီးကြသည်။ ဖေဖေပါ ဝမ်းသာအားရ အော်၍ လက်ခုပ်တီးနေသောကြောင့် မေမေက ဖေဖေ့ကို ကြည့်၍ ရယ်သည်။

ကျွန်တော်သည် ကျော်ကျော်ထွန်းနှင့် နေမျိုးဦးကို သတိရနေမိ၏။ ပျောက်အိုးဖေါက်ချင်သောကြောင့် မဟုတ်ပါ။ မီးပုံပျံကြီးတက်သွားသည်ကိုပြချင်သောကြောင့်ဖြစ်သည်။ သူတို့မြင် လျှင်အလွန်ပျော်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြန်သွားလျှင် သူငယ်ချင်းများကို ပြောပြစရာတွေ အများကြီးရှိနေပြီ။

"သားတို့ သမီးတို့ ဟိုမှာကြည့်စမ်း ...။ မီးပုံးပျံကြီးတစ်လုံး ...."

ဖေဖေညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ အရှေ့ဘက်ကောင်းကင်တွင် ဝိုင်းဝိုင်းစက်စက်လှပနေသော ဖိုးလမင်းကြီးကိုတွေ့ရသည်။ ဖေဖေပြောသည်မှာ မှန်သည်။ ဖိုးလမင်းကြီးသည် မီးပုံးပျံကြီးနှင့်တူနေသည်။ ကျွန်တော်တို့မြို့တွင် လျှပ်စစ်မီးများထွန်းထား၍ ဖိုးလမင်းကြီးကို သတိမထားမိ။ ရွာတွင် ဖိုးလမင်းကြီး၏အလင်းမှာ ပို၍အသုံးကျသည်။

နောက်တနေ့မနက်တွင် ကျွန်တော်တို့ပြန်လာသောအခါ ဆွေမျိုးများက လက်ဆောင်တွေအများကြီးပေးကြသည်။ လမ်းတွင်စားရန် ထည့်ပေးလိုက်သောမုန့်များမှာလည်း စုံနေသည်။

"နောက်နှစ်ကျတော့လဲ လာကြအုံးနော် ...။"

ဆွေမျိုးများက အော်ဟစ်၍နှုတ်ဆက်ကြသည်။

"လာမယ် .. လာမယ် .. စိတ်ချ"

ကျွန်တော်က အော်ပြောလိုက်သည်။

အမေကြီးစံနှင့်တကွ ရွာသူရွာသားများ ဆွေမျိုးများကိုလက်ပြနှုတ်ဆက်ရင်း မြင်းလှည်းဖြင့်ပြန်ခဲ့ကြ၏။ မြင်းလှည်းရွာ



အပြင်သို့ထွက်လာပြီး ပျော်စရာကောင်းသောရွာကလေးနောက်မှာကျန်ခဲ့၏။

"သားနဲ့သမီး မှတ်ထားကြ သီတင်းကျွတ်မှာ လူကြီးမိဘတွေကိုကန်တော့တယ်ဆိုတာ မြန်မာမှုရာ ကောင်းမြတ်တဲ့မင်္ဂလာဖြစ်တယ် နှစ်စဉ်လုပ်ကြရမယ် ..။ နောက်နှစ်ကျ ငါ့သားကမလိုက်ချင်ဘူးလို့ပြောအုံးမှာလား ...။

ဖေဖေကကျွန်တော့်ကိုမေးပါသည်။

"မပြောတော့ပါဘူး ဖေဖေ ... သားလဲ အရမ်းပျော်သွားပါပြီ"

ကျွန်တော့်အဖြေကြောင့် ဖေဖေ ဝမ်းသာအားရပြုံးနေသည်။

မန္တလေးသို့ပြန်ရောက်သောအခါ ကျွန်တော်နေမျိုးဦးတို့အိမ်သို့ပြေးသည်။ သူတို့အိမ်ရှေ့တွင် နေမျိုးဦးကိုတွေ့ရသည်။

"မနေ့ညက မင်းတို့သိပ်ပျော်ကြတာပဲလား ..."

ကျွန်တော့်အမေးကို နေမျိုးဦးက ခေါင်းရမ်း၍ဖြေသည်။

"ဟ .. ဘာဖြစ်လို့လဲ"

"ငါ့ကို ဖေဖေကရိုက်တယ် ..။ ကျော်ကျော်ထွန်းကိုလဲ သူ့အဖေရိုက်တယ် ..."

"ဟေ .. ဘာဖြစ်လို့လဲဟ"

နေမျိုးဦးထံမှ မမျှော်လင့်သောအဖြေကိုကြား၍ကျွန်တော်အံ့သြသွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညကပွဲမှာ ငါတို့စီစဉ်ထားတဲ့အတိုင်း ငါနဲ့ကျော်ကျော်ထွန်း ထိုက်ထိုက်ကိုဗျောက်အိုးနဲ့ပစ်တယ်။ ဗျောက်အိုး ပေါက်တော့ ထိုက်ထိုက်လန့်အော်ပြီး ငိုတယ်။ ငါတို့ရယ်နေတုန်း ထိုက်ထိုက်အစ်ကို ဇော်ဝင်းထွန်းရောက်လာပြီး ငါတို့နဲ့ရန်ဖြစ်တယ်။ ဒါနဲ့ ထိုက်ထိုက် အဖေရောက်လာပြီး ငါတို့လက်ထဲက ဗျောက်အိုးတွေကို သိမ်းတယ်။ ငါတို့ကိုရပ်ကွက်လူကြီး ဦးကျင်မောင်ဆီခေါ်သွားပြီးတိုင်တယ်။ ဒါနဲ့ ဦးကျင်မောင်က ငါတို့အိမ်တွေကိုလိုက်ပြောတော့ ငါ့ကိုလဲ ဖေဖေကရိုက်တယ်။ ကျော်ကျော်ထွန်းကိုလဲ သူ့အဖေကရိုက်တယ်။ ဘယ်မှလဲ မလည်ရတော့ဘူး၊ ပွဲလည်းမကြည့်ရဘူး ..."

ကျွန်တော်သည် နေမျိုးဦးနှင့်ကျော်ကျော်ထွန်းတို့အတွက် စိတ်မကောင်းဖြစ်မိသည်။ ကျွန်တော်ရှိလျှင်လည်း သူတို့လိုပင်အရိုက်ခံရမည်ကိုတွေး၍ ရွာလိုက်သွားရသည်ကို ဝမ်းသာနေပါသည်။

* * *



# နေပူထဲမှ အပွားအို

နွေရာသီ၏ နေ့လည်ခင်းနေသည် အညာတာကင်းစွာ ပူပြင်းနေ၏။ ရွာစည်းရိုးတန်းရှိ ရှားစောင်းပင်များဆီမှ ဒေါ်ရင်းကောင်းများ၏ ဆွဲဆွဲအီအီမြည်သံသည် အပူဓါတ်ကိုအားဖြည့်ပေးနေသည်။

နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ကျောင်းသားအချို့ ရွာလည်ဇရပ်မှာ ဘုတ်တိုင်လုတန်း ကစားနေကြသည်။

"သားရေ မောင်ကျော် နေကသိပ်ပူတယ် ဟိုသွား ဒီသွား မလုပ်နဲ့နော်။ ဇရပ်မှာ ကစားချင်ကစားနေ။ အမေ တရေးလောက် အိပ်ချင်လို့"

မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စောရှင် လမ်းတစ်ဖက် ကုက္ကိုလ်ပင်ရိပ်မှ လှမ်းပြောနေခြင်းဖြစ်သည်။

"မသွားပါဘူး အမေ "

မောင်ကျော်ကဘုတ်တိုင်ကိုဖက်ထားရင် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးသည် ဖရုပ်ဘေားမှာထောင်ထားသော နီညိုရောင် စက်ဘီးလေးကို လှမ်းကြည့်လိုက်သည်။

ဤစက်ဘီးကို ဝယ်ပေးထားသည်မှာ တစ်ပတ်ခန့်သာ ကြာသေးသည်။ မောင်ကျော် ယခုနှစ်တွင် စတုတ္ထတန်းအောင်၍ ကျောင်းဖွင့်လျှင် မြို့ကျောင်းသွားတက်ရန်ဝယ်ပေးထား ခြင်းဖြစ်သည်။

"စိတ်ချပါအမေ မသွားပါဘူး"

စက်ဘီးကိုလှမ်းကြည့်နေသောအမေ စိတ်အေးအောင် မောင်ကျော် ကတိပေးလိုက်သည်။

"အေး .. အေး သွားရင်တော့ အမေရိုက်မှာနော် ..."

"ဟုတ်ကဲ့ပါ ... အမေ"

ဆရာမကြီး ဒေါ်စောရှင် စိတ်ချလက်ချ အိမ်ပြန်သွားသည်။

မောင်ကျော် သူငယ်ချင်းများနှင့် ဆက်ကစားနေသည်။

ခွေးရူးလိုက်သည်ကို လွတ်အောင်ပြေးရသည်။ ကိုယ်က ခွေးရူးဖြစ်တော့လည်း တစ်ယောက်ကိုမိအောင်လိုက်ရသည်။

သူငယ်ချင်းများနှင့် ကစားရသည်ကို ပျော်၍ နေပူသည်ကို သတိမရ။

"ဖရုပ်ကြီး၏ကျွန်တိုင်လုံးများမှာ အစဉ်အဆက်ကလေးများ ဘုတ်တိုင်လုတမ်းကစားခဲ့ကြ၍ ပြောင်ချောနေသည်။

မောင်ကျော်တို့ကလေးများ တစ်တိုင်ပြီးတစ်တိုင် လက်နှင့်



ဆွဲဖက်ပြီးလှည့်ပတ်ပြေးနေကြသည်။

"ဂွမ်း ..."

ဖရုပ်ဘေားမှအရိပ်တွင် ထင်းစည်းကိုပစ်ချလိုက်သောအသံ ဖြစ်သည်။

မောင်ကျော်ဘုတ်တိုင်ကိုဖက်ထားရင်းမှလှမ်းကြည့်လိုက်သည်။

ရွာအနောက်ပိုင်းမှ ဖွားကြီးငြိမ်းဖြစ်သည်။ မျက်နှာမှာချွေးများကို ပုဆိုးစုပ်တစ်ထည်နှင့် သုပ်နေရှာသည်။

"ခြော် ... ဒုက္ခ .. ဒုက္ခ ငါသာသေလိုက်ပါတော့ဟယ်"

ဖွားကြီးငြိမ်းသည် ညည်းညူလိုက်သည်။ သူ့ကိုကြည့်ရသည်မှာ တော်တော်မောနေဟန်တူပါသည်။ ဗိုက်ကိုလက်နှစ်ဖက်ဖြင့်ထောက်၍ အမောဖြေနေသည်။

"ဟဲ့ကလေးတွေ .. ဒီထဲမှာ ... သံချောင်းမပါဘူးလား"

သူ့မေးကိုမေးခြင်းဖြစ်သည်။

"သံချောင်းမပါဘူး ..."

သံချောင်းကအော်ဖြေလိုက်၍ အားလုံးရယ်ကြရသည်။

"ခြော် .. ဒုက္ခ .. ဒုက္ခ ဒီကောင်လေးကလဲ ဘယ်ရောက်နေမှန်းမသိဘူး .."

အဖွားကြီးမျက်စိမှုံနေ၍ ဖရုပ်ပေါ်မှ သံချောင်းကို ကောင်းကောင်းမမြင်။

www.burmeseclassic.com

www.burmeseclassic.com



''အဖွားကြီးသံချောင်းရှိတယ် ... သံချောင်းမပါဘူးလို့ ပြောတာ သံချောင်းပဲ ဒီမှာ ..''

ကိုအေးက သံချောင်းလက်ကိုဆွဲလာပြသည်။

''မဟုတ်ဘူး .. သူညာတာ ..''

''ဟဲ့ သံချောင်း လာစမ်း ... လာစမ်း ..''

ဖွားကြီးငြိမ်းမြင်သွားပါပြီ။

''ဘာလုပ်မလို့လဲ ... ဒီမှာကစားနေတယ် .. မအားဘူးဗျ''

''ပြီးမှပြန်လာကစားပါ ငါ့မြေးရယ် တောမှာအဖွားဘိနပ် မေ့ကျန်နေခဲ့လို့ သွားယူပေးစမ်းပါ ..''

''မယူချင်ဘူးဗျာ ... သိပ်ရှုပ်တာပဲ ..''

သံချောင်းက တူးတူးခါးခါးငြင်းလိုက်သည်။

''သြော် ဒုက္ခ ... ဒုက္ခ နေကလဲပူလိုက်တာ သွားရမှာ ကလဲ အဝေးကြီး ...''

အဖွားကြီး ညည်းညူရင်း လုံချည်ကို တင်းတင်းပြင်ဝတ်၍ ပြန်သွားရန်ပြင်နေသည်။

''ဟော့ကောင် သံချောင်း သွားယူပေးလိုက်ပါကွာ .. ဘွားကြီးငြိမ်း သနားပါတယ် ..''

မောင်ကျော်ကသံချောင်းကို လှမ်းပြောသည်။

''မသွားချင်ပါဘူးကွာ .. ဒီလောက်တောင် နေပူနေတာ



... သူမေ့တာ သူ့ဘာသာသွားပေါ့ ...''

သံချောင်းပြောပုံမှာ တင်းမာ၍ သနားကြင်နာကင်းလှသည်။

ဖွားကြီးငြိမ်းမှာ အသက်(၇၀) ကျော်နေပြီ။ မငြိမ်းအေး နိုင်သေး။ နေပူကြီးထဲတစ်ခေါက်ပြန်သွားရအုံးမည်။

အဖွားကြီးကိုလှမ်းကြည့်ပြီး မောင်ကျော်သနားစိတ်ဖြစ်မိ သည်။ အဖွားကြီးသွားနေပုံက တရွေ့ရွေ့။ နေကလည်းခြစ်ခြစ် တောက်အောင်ပူလျက်။

''ဘယ်လောက်ဝေး သဲ။ ဒီသွားနေပုံနဲ့ဆို တော်တော်နဲ့ ရောက်မှာမဟုတ်''

''ငါ့စက်ဘီးနဲ့သွားယူပေးရင် ...

မောင်ကျော်တွေးပြီးမှ အမေကနေပူထဲဘယ်မှမသွားရန် မှာထားသည်။ သွားလျှင်ရိုက်မည်ဟုလည်း ပြောသွားသည်။

အဖွားကြီးဆီကိုလှမ်းကြည့်လိုက်သည်။ ခြစ်ခြစ်တောက် အောင် ပူနေသောနေပူကြီးထဲမှာ တရွေ့ရွေ့ လျှောက်လှမ်းလျက်။

''ငါ့စက်ဘီးနဲ့အမြန်နင်းပြီးသာယူပေးရင် ခဏလေးနဲ့ ရောက်လာမှာ''

အဖွားကြီးကို ကူညီချင်စိတ်ဖြစ်မိသည်။

''ကဲ အမေရိုက်ချင်လဲရိုက်ပါစေတော့''

အဖွားကြီးကိုကူညီရန် မောင်ကျော်ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖွားငြိမ်း ဖွားငြိမ်း"

မောင်ကျော် လှမ်းခေါ်လိုက်သည်။

အဖွားကြီးမှာ လမ်းမပေါ်သို့ခြေလှမ်းခြောက်လှမ်းခန့် ရောက်နေပြီ။

"ဟော့ဘယ်သူလဲဟဲ့"

"ကျွန်တော်ပါ။ ကျွန်တော်သွားယူပေးမယ်။ ဘယ်နားမှာ ကျန်ခဲ့တာလဲ"

"ဟင် အင်း"

အဖွားကြီး ဇရပ်ဆီသို့ ပြန်လှည့်လာသည်။

ကူညီမည်ဆိုသူကို ဝေသီသောမျက်လုံးများနှင့်လိုက်ရှာ နေသည်။

"ငါ့ကိုနောက်ပြောင်ပြောတာလား" ဟုလည်း သံသယဖြစ် လာသည်။

"ပြောလေ အဖွား ကျွန်တော်သွားယူပေးမယ်"

မောင်ကျော်က ဇရပ်၏အစွန်းနားထိသွား၍ အဖွားကြီးရှေ့ မှာရပ်လိုက်သည်။

"ဩော် အေးအေး ဒီကသွားရင် စကြံန်ကုန်းလွန်ပြီးတော့ ဖိုးရွှေတို့တောသိလား"

မောင်ကျော် ခေါင်းညိတ်လိုက်သည်။



"ဖိုးရွှေတို့တောကျော်ပြီးရင် ကျော်သိန်းတို့ ကြံခင်းရှိတယ်။ အဲ့ဒီကြံခင်းကျော်ရင် ရှားပင်ကွင်းဖြတ်ပြီးတာနဲ့ ခတက်ပင် ကုန်းရောက်ပြီ ကုန်းပေါ်မှာ ထနောင်းပင်တစ်ပင်တွေ့လိမ့်မယ် အဲ့ဒီထနောင်းပင်လေးအောက်က မီးဖိုလေးဘေးမှာ ထားခဲ့တာ ..."

မောင်ကျော်အသေအချာမှတ်ထားသည်။ အဖွားကြီးပြောပုံ အရဆိုလျှင်တော်တော်ဝေးသည်။

ဤမျှဝေးသောခရီးကို အဖွားကြီးသာတစ်ခေါက်ပြန်သွား ရလျှင် တော်တော်နှင့် ပြန်ရောက်မည်မဟုတ်။

"ရတယ် ဖွားငြိမ်း။ ကျွန်တော် စက်ဘီးနဲ့ သွားယူပေးမယ် ဒီဇရပ်ကပဲ စောင့်နေ"

မောင်ကျော်စက်ဘီး ဒေါက်ကိုဖြုတ်လိုက်သည်။

"ဟဲ့ ဟဲ့ မင်းကဘယ်သူ့သားတုန်း အဖွားကို ပြောပါဦး"

ဖွားငြိမ်းက မောင်ကျော်စက်ဘီးကိုကိုင်ပြီး ဝေသီသော မျက်လုံးများနှင့် မောင်ကျော်ကိုကြည့်နေသည်။

"ဆရာမကြီး ဒေါ်စောရှင်သား"

"ဟော့ ဆရာမကြီးသားဟုတ်လား"

"ဟော့ကောင် မောင်ကျော် မင်း မသွားနဲ့။ ဆရာမကြီးက နေပူထဲသွားရင်ရိုက်မယ်လို့ အသေအချာလာပြောထားတာ။ သွားရင် ငါတိုင်မှာ။

www.burmeseclassic.com

www.burmeseclassic.com



ဘိုအေးက ခြိမ်းခြောက်စကားဆိုသည်။

ဘိုအေးကို မောင်ကျော်လှမ်းကြည့်လိုက်သည်။ တိုင်မှာ သေချာသည်။

''ဩော် နေပါစေတော့ကွယ် ငါ့ဘာသာသွားပါတော့မယ်''

ဘိုအေးစကားကြောင့် မောင်ကျော်ကိုဒုက္ခမပေးချင်၍ ဖွားငြိမ်း သူ့ဘာသာထွက်သွားပါသည်။ သွားနေပုံကတရွေ့ရွေ့ တလှုပ်လှုပ်။ နေပူကြီးထဲမှာ အဖွားကိုမောင်ကျော်လှမ်းကြည့်ပြီး မောင်ကျော်ဆုံးဖြတ်လိုက်သည်။ ဘိုအေး တိုင်ချင်တိုင်ပါစေ။ အမေရိုက်လျှင်ခံတော့မည်။

''အဖွား ကျွန်တော်သွားယူပေးမယ် ..''

အဖွားကြီးကိုလှမ်းအော်ပြောပြီး မောင်ကျော် စက်ဘီးကို ခပ်မြန်မြန်နင်းထွက်ခဲ့သည်။

ရှားစောင်းပင်များ စောင်ကြမ်းပင်များ ပေါက်ရောက်ရာ စကြံကုန်းကို ခပ်ဝေးဝေးတွင်လှမ်းမြင်ရပါသည်။ စကြံကုန်း၏ အလယ်တွင် မန်ကျည်းပင်ကြီးတစ်ပင်ထီးထီးရှိနေ၏။

ထိုမန်ကျည်းပင်ကြီးဆီသို့ တူရူပြု၍ လှည်းလမ်းကြောင်း အတိုင်းစက်ဘီးကို အမြန်နင်းသည်။ ခေါင်းတွင် ဦးထုပ်မပါ၍ နေက တော်တော်ပူသည်။ သို့သော် စက်ဘီးအမြန်နင်း၍လေတိုးနေသော ကြောင့် အပူသက်သာသည်။



''အဖွားကြီးသာဆိုရင် ဖြည်းဖြည်းသွားနေတာ ဘယ် လောက်ပူမလဲ''

စာနာသောအတွေးစိတ်ဝင်၍ အပူသက်သာသွားသလိုထင် မိ၏။

မြင်ရသော စကြံကုန်းကိုပင် စက်ဘီးဖြင့်တော်တော်ကြာ အောင်သွားရသည်။

စကြံကုန်းပေါ်ရောက်တော့ ဆေးရင်းကောင်များ၏ အော် မြည်သံများဖြင့် ဆူညံနေသည်။ နေပူချိန်မို့ လူတစ်ယောက်မှမ တွေ့ရ။

စကြံကုန်းကျော်ပြီးတော့ လှည်းလမ်းကြောင်းက မထင်မရှား ဖြစ်လာသည်။ တောသွားလမ်းကြောင်းသာဖြစ်သည်။ သို့သော် စက်ဘီးနင်း၍ ရပါသည်။

ကိုင်းရွှေတောရောက်ပြီ။ ရိတ်ပြီးသားနှမ်းငုတ်တိုများကြားမှ လှည်းလမ်းကြောင်းအတိုင်း စက်ဘီးကိုဆက်နင်းသည်။

ဟုတ်ပြီ။ ရှေ့မှာ ကြံခင်းကိုလှမ်းမြင်ရပြီ။
ဖွားငြိမ်းပြောသော ကိုကျော်သိန်းကြံခင်းဖြစ်သည်။
ကြံခင်းကိုရောက်တော့ စက်ဘီးဆက်စီး၍မရ။
မောင်ကျော်ဘီးပေါ်မှဆင်းပြီး စက်ဘီးကိုရပ်ထားခဲ့သည်။
ကြံခင်းကိုပတ်သွားရမည်။ နေပူသက်သာအောင်ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်သည်။

ကြံခင်းကိုလွန်၍ ရှားပင်ကွင်းကိုရောက်ပြီ။ ရှားပင်ကွင်းကျော်ပြီး နောက်ရှေ့မှ ခတက်ပင်ကုန်းဆီသို့လှမ်းကြည့်လိုက်သည်။

"ဟာ အဲ့ဒါမှ ပြဿနာပဲ"

အဖွားကြီးက ထနောင်းပင်အောက်မှာဟုပြောသည်။ ခတက်ပင်ကုန်းပေါ်မှာ ထနောင်းပင်ကတစ်ပင်တည်းမဟုတ်။ ကုန်းစောင်းမှာလှမ်းမြင်ရသည်က ပင်သုံးပင် ကုန်းပေါ်ကအတွင်းဘက်ပိုင်းမှာလည်း လှမ်းမြင်နေရသည်ကအများကြီး ဘယ်အပင်မှန်းမသိ။

"ထနောင်းပင်အောက်က မီးဖိုဘေးမှာ . ."

မောင်ကျော်စိတ်ထဲမှာ ပြန်ပြောနေမိသည်။

"မီးဖိုလေးရှိတဲ့ ထနောင်းပင်ကိုရှာမယ်"

အနီးဆုံးထနောင်းပင်ဆီသို့ပြေးသည်။ နီးလာပြီ။ မီးဖိုမရှိ၍ ထနောင်းပင်အထိ မသွားတော့ပဲ အခြားတစ်ပင်ဆီသို့ပြေးသည်။

ထနောင်းပင်အောက်ရောက်သည်အထိ မီးဖိုမတွေ့။

နောက်တစ်ပင်ရှိရာသို့ပြေးရပြန်သည်။ မီးဖိုရှိသည်။ ဖိနပ်မတွေ့။

ပို၍ဝေးသော ထနောင်းပင်ဆီသို့ပြေးသည်။ ကုန်းတက်ကိုပြေး၍ နည်းနည်းတော့မောသည်။ သို့သော် နေပူဒဏ်ကိုကြာကြာ



မခံရအောင် ဆက်ပြေးသည်။ မတွေ့သေး။ တစ်ပင်ပြီးတစ်ပင် ပြေးပြေးလွှားလွှား ရှာနေရသည်။

"ဟော တွေ့ပြီ။

မောင်ကျော် ဝမ်းသာစိတ်နှင့် ပျော်သွားသည်။

မီးဖိုလည်းရှိသည် မီးဖိုဘေးမှာ ကြက်ပေါင်ဖိနပ်ကလေးတစ်ရံ။ ဘိနပ်ကလေးမှာ ဖွားငြိမ်းစီးထား၍ အမြီးပင်တိုနေပြီ။ မောင်ကျော် ဝမ်းသာအားရ ဘိနပ်ကလေးကို ကောက်ယူလိုက်သည်။ သူ့ဘိနပ်ပြန်ရလျှင် ဖွားငြိမ်းဝမ်းသာစိတ်ဖြစ်လိမ့်မည်ဟု တွေးရင်း မောင်ကျော်အမြန်ဆုံးပြေးထွက်လာခဲ့သည်။

အပြန်ခရီးကပို၍မြန်၏။

သို့သော် ဇရပ်ရောက်တော့ ဖွားငြိမ်းကိုမတွေ့ရ။ ကစားသူလည်းတစ်ယောက်မျှမရှိ။

ဖွားငြိမ်းအိမ်အထိရောက်အောင် စက်ဘီးကိုဆက်နင်းသွားပြီး ဖိနပ်ကလေးပေးလိုက်သည်။

"အမယ်လေး မောင်မင်းကြီးသား ဘုရားဖြစ်မယ့်လူ။ ရွှေကျောင်းဆောက်။ ကျုပ်မြေးတောင် ဒီလိုလုပ်မပေးပါဘူးတော်။ ကျန်းမာပါစေ ချမ်းသာပါစေ ဘေးရန်သခင်း ရန်ခင်သိမ်း ကင်းငြိမ်းပါစေ"

မောင်ကျော်ပြန်ထွက်လာခဲ့သည်အထိ အဖွားကြီးမှာ ဆုများပေး၍မပြီးသေး။

www.burmeseclassic.com

www.burmeseclassic.com



ဟောင်ကျော် အိမ်ပြန်ရောက်တော့ အမေအိပ်ရာနိုးနေပြီ။ မောင်ကျော်ကိုစောင့်ကြိုလျက်။

မောင်ကျော်အမှန်အတိုင်းပြောပြီး ရိုက်လျှင်ခံမည်ဟု အမေ့ရှေ့မှာရပ်လိုက်သည်။

"ငါ့သား တောသွားပြီးဖွားငြိမ်း ဖိနပ်ယူပေးတယ်ဆို"

"ဘိုအေးတိုင်တာလား အမေ"

မောင်ကျော်က ပြန်မေး၍ အမေပြုံးလိုက်သည်။

"ဘိုအေးကလဲလာတိုင်တယ်။ ဖွားငြိမ်းကလဲ အိမ်ဝင်ပြောသွားတယ်။

ဆုတွေပေးပြီးချီးမွမ်းသွားလိုက်တာ ... တစ်လမ်းလုံး လှုတိုင်းကြားတယ် ..."

အမေ့မျက်နှာ တင်းတင်းမာမာမဟုတ်ရုံသာမက လေသံကလည်း မကျေမနပ်မဟုတ်သည်ကို မောင်ကျော် သတိထားမိသည်။

"ငါ့သားကို အမေမရိုက်ပါဘူး။ ငါ့သားက စိတ်ကောင်းရှိတာပဲ။ အသက်ကြီးတဲ့အဖွားကြီးကို ကူညီတော့ ကုသိုလ်ရတာပေါ့။ နေပူထဲက ပြန်လာတာ ရေအေးမသောက်နဲ့ငါ့သား။ ရော့ ဒီမှာ ရေနွေးပူပူတစ်ခွက်သောက်လိုက်"

အမေရိုက်လျှင်ခံမည်ဟုမျှော်လင့်ထားသော်လည်း အမေ ဆူရုံမျှပင်မပြု ချီးမွမ်းစကားဆို၍ ကိုယ်ပြုသောကောင်းမှုအတွက်



မောင်ကျော်ကျေနပ်မိသည်။

အမေပေးသော ရေနွေးပူပူကိုသောက်လိုက်သည်။ ရင်ထဲမှာ အေးမြလျက်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# စက်ဘီးတန်းကြီး

"စက်ဘီးတွေ လာပြီဟေ့ . ."

"စက်ဘီးတန်း အရှည်ကြီးပဲဟေ့ . ."

"ဘယ်ရွာက ကျောင်းသားတွေလဲ . ."

"ဝန်းသိုရွာက ကျောင်းသားတွေလေ . . . စဉ့်ကိုင်သွားကျောင်းတက်ကြမှာ . ."

ကျွန်တော်တို့ စက်ဘီးတန်းကြီး ဖလံမိုလ်ရွာအနီးမှ ဖြတ်သွားတိုင်း ရွာထိပ်လမ်းဘေးရှိ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဒေါက်ဆိုင်(လှည်းဘီး ပြုလုပ်ပြင်ဆင်သောဆိုင်)တို့မှ ကလေးလူကြီးများ ထွက်ကြည့်ကြသည်။ ဝမ်းသာအားရပြောဆိုကြသည်။

ထိုသို့အပြောခံရတိုင်း ကျွန်တော်တို့ ဝမ်းသာကြည်နူးကြသည်။ ဂုဏ်ယူစိတ်နှင့် ဘဝင်ကြွလာသည်။ စက်ဘီးကိုအမြန်နင်းချင်သလိုလို ရှေ့ဘီးကို ကျော်တက်ချင်သလိုလို၊ အတန်းထဲမှ ဘေးထွက်လိုက်ချင်သလိုလိုဖြစ်လာသည်။



သို့ရာတွင် မည်သူမျှမထွက်ကြ။ အတန်းမဖျက်ကြ။

အများနှင့်သွားရာမှာ ညီညီညာညာရှိဖို့လိုကြောင်း၊ တစ်ယောက်တစ်မျိုးဖြစ်အောင်မလုပ်ရ၊ တစ်ကိုယ်ကောင်းမဆန်သင့်၊ စည်းကမ်းရှိကြရန်လိုကြောင်း ကိုမြဦးက မကြာခဏပြောသည်။

ကိုမြဦးစကားကို ကျွန်တော်တို့အားလုံးနားထောင်ကြသည်။ ကိုမြဦးကို ကျွန်တော်တို့အားလုံးချစ်ခင်လေးစားသည်။ အားလည်းကိုးကြသည်။

ကိုမြဦးက ကျွန်တော်တို့ဝန်းသိုရွာမှာ တစ်ဦးတည်းသော သိပ္ပံဘွဲ့ရ။

သို့သော် ဝင့်ဝါခြင်းမရှိ။ တက္ကသိုလ်မှာ ကျောင်းတက်နေစဉ် ကလည်းကျောင်းပိတ်ရက်တိုင်း မိဘ၏လယ်ယာအလုပ်ကို ကူညီလုပ်ပေးသည်။ ဝန်းသိုရွာမှကျောင်းသားအားလုံးအတွက်စံပြဖြစ်သည်။ အားလုံးကိုလည်း ကူညီစောင့်ရှောက်သည်၊ စာကြိုးစားရန်ဆုံးမသည်။

ဘွဲ့ရပြီးအလုပ်မရမီ ကျွန်တော်တို့ ကျောင်းသားများနှင့်အတူ စဉ့်ကိုင်ကျောင်းကိုလိုက်၍ လုပ်အားပေးသည်။

ကျွန်တော်တို့ဝန်းသိုရွာမှ စဉ့်ကိုင်အထက်တန်းကျောင်းသို့ ကျောင်းသွားတက်ရသူပေါင်း နှစ်ဆယ့်သုံးယောက်ရှိသည်။ စဉ့်ကိုင်နှင့် ဝန်းသိုရွာသည် (၆) မိုင်ခန့်ဝေးသည်။ ထို့ကြောင့် စက်ဘီးများဖြင့် ကျောင်းသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်ကဆိုလျှင် ကျွန်တော်တို့ကျောင်းသားများ ယခုကဲ့သို့ စုစုစည်းစည်းသွားခဲ့ဘူးခြင်းမရှိပါ။ ညီအကိုမောင်နှမ အိမ်နီးချင်း စသည်ဖြင့်နှစ်ယောက်သုံးယောက်သာလျှင် အတူတူသွားကြသည်။

အတန်းကြီးသောကျောင်းသားအချင်းချင်းလည်း တစ်ခါတရံသာ ကြုံလျှင်ကြုံသလို တွဲသွားကြခြင်းရှိသည်။ ကျောင်းသားငယ်များကိုစောင့်ခေါ်ခြင်း ကူညီခြင်းမရှိခဲ့ကြ။ စုစုဝေးဝေးသွားဖို့ဆိုသည်ကိုလည်း စိတ်ကူးမျှပင်မရှိခဲ့ကြ။ တစ်ယောက်တစ်မျိုးစီ ကိုယ်ကြိုက်သလိုသွားကြသည်။ စက်ဘီးပျက်လျှင်လည်း ကိုယ့်ဒုက္ခနှင့် ကိုယ်ခံ။

သွားရသည့် ခရီးကလည်းဝေး လမ်းကလည်းကြမ်း၊ စက်ဘီးများကလည်းမကောင်း၍ နေ့စဉ်တစ်ယောက်မဟုတ်တစ်ယောက် စက်ဘီးပျက်သည်။ မိန်းကလေးများတွင် စက်ဘီးပျက်၍ မငိုရဘူးသူတစ်ယောက်မျှမရှိ။ အထူးသဖြင့် ရွာကျောင်းမှလေးတန်းအောင်ပြီး၍ ငါးတန်းတက်စကလေးများမှာ ပိုသနားစရာကောင်းသည်။ အရွယ်ကလည်းငယ်၊ စက်ဘီးကိုလည်းမနိုင်၊ လမ်းကလည်းကြမ်း၍ လဲလိုက်မှုဖြင့် ဂွမ်းထောင်နေသည်။ ဆရာမကြီးသမီးမြင့်မြင့်အေး ဆိုလျှင် စက်ဘီးဖိပြုတ်၍ မှောက်လဲပြီးမေးကွဲသွားသည်။ ကူညီမည့်သူလည်းမရှိ။ စက်ဘီးပျက်ကြီးကိုလည်းမသယ်နိုင်။ လမ်းဘေးမှာ ထိုင်ငိုနေရဘူးသည်။

ကြည်ဆွေနှင့် ရီမေတို့ညီအစ်မနှစ်ယောက်လည်း လမ်းဘေး



မြောင်းထဲထိုးကျဘူးသည်။ စက်ဘီးလည်းပျက်၊ ထမင်းချိုင့်လည်း မှောက်၊ ရေများလည်း စိုရွှဲ၍ ငိုပွဲဆင်ပြီး အိမ်ပြန်သွားကြရသည်။

မြအောင်လည်းငိုရဘူးသည်။ မြအောင်ငိုရသည်ကအဆန်း။ မြအောင်မိဘက ပိုက်ဆံချမ်းသာသည်။ သူ့သားကို ဟမ်းဘား စက်ဘီးအသစ်ကြီးဝယ်ပေးထားသည်။ ကျွတ်အသစ်၊ တာရာအသစ်၊ တော်ရုံသင့်ရုံဆူးပင်လျှင် စူးရန်မလွယ်၊ စက်ဘီးပျက်သောဒုက္ခကို မြအောင်မခံရ။ မတော်တဆလေလျော့လျှင်လည်း ပြဿနာမရှိ လေထိုးတံပါသည်။

တစ်နေ့တွင် ခင်မောင်စိုးကဘီးပေါက်၍တွန်းလာရသည်။ မြအောင်နှင့်တွေ့သောအခါ လေထိုးတံခဏငှားသည်။ မြအောင်က ဘာမျှပြန်မပြော၊ လေထိုးတံလည်းမငှား။ စက်ဘီးကိုပင်မရပ်။

တစ်ရွာတည်းသားချင်းပြတ်သားလွန်း၍ ခင်မောင်စိုး စိတ်ဆိုးတောက်ခေါက်ကျန်ရစ်သည်။

"တောက် ... နေလိုက်အုံးပေါ့ မြအောင်ရာ"

တစ်ညနေတွင်ကျောင်းဆင်းချိန်မှာ မြအောင်တစ်ယောက် သူ့စက်ဘီးကိုကြည့်၍ မျက်ရည်ပေါက်ပေါက်ကျနေသည်။ စက်ဘီး၏ တာရာရောကျွတ်ပါ ဘလိတ်ဓားဖြင့် လှီးဖြတ်ခံထားရသည်။

မြအောင်က ခင်မောင်စိုးကိုစွပ်စွဲသည်။ ခင်မောင်စိုးကလည်း သူမဟုတ်။ သူကိုထင်အောင် တစ်ယောက်ယောက်က တမင်လုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။ သက်သေပြစရာလည်းမရှိ။ မြအောင်ကို မုန်းသူကလည်း အများကြီး။

တစ်နေ့သောနံနက်တွင် ဝင်းမောင်သည် တုံးစံအတိုင်း တစ်ယောက်တည်းစက်ဘီးစီး၍ကျောင်းသို့ထွက်လာသည်။ ရွာထိပ်မှ ကျောက်တံတားတွင် စက်ဘီးများရပ်ထားသည်ကိုတွေ့ရ၏။ ကိုမြဦးနှင့်ကျောင်းသူကျောင်းသားအချို့ ကျောက်တံတားပေါ်မှာထိုင်နေကြသည်။

"ဝင်းမောင်ရေ ကျောင်းလားကွ"

ဝင်းမောင်က ခေါင်းညိတ်ပြသည်။

"ခဏစောင့်ပါအုံးကွ။ အတူတူသွားကြတာပေါ့။ ငါလဲ ကျောင်းမှာလုပ်အားပေးလိုက်မလို့ကွ။ ငါတို့ရွာက ကျောင်းသူကျောင်းသားတွေအများကြီးကွာ။ အားလုံးစုသွားရင်ဘယ်လောက်ကောင်းမလဲ။ တစ်ယောက်ဒုက္ခဖြစ်ရင်လဲ တစ်ယောက်ကူညီနိုင်တာပေါ့ . ."

ကိုမြဦးပြော၍ ဝင်းမောင်စက်ဘီးပေါ်မှဆင်းလိုက်သည်။ နောက်မှရောက်လာသူအားလုံးကိုလည်း ကိုမြဦးကခဏစောင့်ရန်နှင့် အတူသွားကြရန်စည်းရုံးပြောဆိုသည်။

မြအောင်တစ်ယောက်သာ ကိုမြဦးစကားကိုနားမထောင်ဘဲ တစ်ယောက်တည်းသွားနှင့်သည်။

ကျန်လူအားလုံးစုရုံးမိသောအခါစက်ဘီး(၂၀)ကျော်တန်းစီ



ထွက်ခဲ့ကြသည်။

ကျောင်းသားငယ်များနှင့် မိန်းကလေးများက ရှေ့ဆုံးမှ ဖြစ်သည်။ ကျွန်တော်တို့ကျောင်းသားကြီးများက နောက်ဆုံးမှာ ဖြစ်သည်။ ရှည်လျားသည့် စက်ဘီးတန်းကြီးကို ကြည့်မြင်ရသည်မှာ အားရစရာ။

လမ်းတွင် ရွာများအနီးမှဖြတ်သွားတိုင်း

"စက်ဘီးတွေဟေ့ အများကြီးပဲဟ လာကြည့်လှည့်ကြ"

အော်ကြ၊ ခေါ်ကြ၊ ကြည့်ကြ၊ ပြောကြသည်။ ကလေးလူကြီး မြင်သူတိုင်းသဘောကျသည်။

ယခင်က နေ့စဉ်ကိုယ့်ဘာသာကျောင်းသွားနေခဲ့ကြသည်။ မည်သူမျှထွက်မကြည့်ကြ။ စိတ်ဝင်စားခြင်းမရှိကြ။ ယခု တစ်စုတဝေးကြီးတွေ့မြင်ရ၍ အံ့သြကြခြင်းဖြစ်သည်။

"ဝန်းသိုရွာက ကျောင်းသွားတဲ့ကလေးတွေ အများကြီးပါလားဟ"

ကိုယ်အပါအဝင် စုပေါင်းကျောင်းသွား၍ ကိုယ့်ရွာဂုဏ်ကျက်သရေတက်ရသည်ဟု ကျွန်တော်တို့ ဝမ်းသာဂုဏ်ယူကြရသည်။

လမ်းတွင် တစ်ယောက်စက်ဘီးပျက်လျှင် ကျန်လူများက ဝိုင်းဝန်းကူညီကြသည်။ ပြင်၍ရလျှင်ပြင်ပေးသည်။ မရလျှင် စက်ဘီးကောင်းသူက နှစ်ယောက်တင်နင်းသည်။ ကျောင်းသားကြီးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကိုတွဲယူသည်။ များသောအားဖြင့် ကိုမြဦးက လုပ်ပါသည်။

ကလေးများကိုစောင့်ခေါ်ကြသည်။ မလဲအောင်ထိန်းပေးကြသည်။ လဲလျှင်ထူပေးသည်။ ချော့မော့အားပေးသည်။ နေ့စဉ်ပင် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကူညီနေရသည်။ ဘယ်သူကသာသည်။ ဘယ်သူကနာသည်မရှိ။

နောက်တော့ မိန်းကလေးများနှင့် ကျောင်းသားငယ်များ၏ စက်ဘီးများကို ကျွန်တော်တို့ ကျောင်းသားကြီးများက ချွတ်ယွင်းချက်တွေ့သည်နှင့် မပျက်မီက ကြိုတင်ပြင်ဆင်ပေးကြသည်။ လဲသင့်သည်များကို မိဘနှင့်တိုင်ပင်၍ လဲပေးထားကြသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း ညီရင်းအကို မောင်ရင်းနှမသဖွယ် ပို၍ချစ်ခင်ရင်းနှီးကြသည်။ အငယ်များက အကြီးများကိုလေးစားအားကိုးလာကြသည်။

အခြားရွာမှကျောင်းသားများပင် ကျွန်တော်တို့ကိုအားကျသည်။ တစ်ယောက်တစ်ကွဲသွားရာမှ စုပေါင်းသွားကြသည်။ မြအောင်တစ်ယောက်သာ တစ်ကောင်ကြွက်ဖြစ်နေသည်။

တနေ့တွင် ကျောင်းအပြန်လမ်းမှာ မြအောင်နှင့် စော်ရဲရွာမှကျောင်းသားများ ရန်ဖြစ်ကြသည်။ မြအောင်ကတစ်ယောက်တည်း။ စော်ရဲရွာက ဆယ်ယောက်။ မြအောင်ခေါင်းပေါက်သွားသည်။ မျက်ခုံးရောင်သွားသည်။ ကျွန်တော်တို့စက်ဘီးတန်းကြီးရောက်သွား



တော့ မြအောင်ငိုနေသည်။ စော်ရဲရွာမှ ကျောင်းသားများသွားကြပြီ။

ကိုမြဦးကမြအောင်ခေါင်းမှဒဏ်ရာကို ဆေးထည့်ပေးသည်။ ပတ်တီးစည်းပေးသည်။ ကိုမြဦးတွင် ဆေးနှင့်ပတ်တီး အမြဲပါသည်။ ကလေးများစက်ဘီးလဲ၍ ပေါက်ပြဲလျှင် အသင့်ပြုစုနိုင်ရန် ယူလာခြင်းဖြစ်သည်။

မြအောင်နှင့် စော်ရဲမှကျောင်းသားများရန်ဖြစ်ရသည်မှာလည်း ပြဿနာဖန်တီးသူက မြအောင်ဖြစ်သည်။

နေခင်းကျောင်းဆင်းချိန်တွင် မြအောင်သည် စော်ရဲရွာမှ ကျောင်းသူလေးကို ရိသဲ့သဲ့ စမိ[illegible]က်မိသည်။ ကောင်မလေးက ငိုပြီးသူ့ရွာမှ ကျောင်းသားများကိုတိုင်သည်။ အပြန်တွင်စော်ရဲရွာမှ ကျောင်းသားများက တစ်ယောက်တည်းလာသော မြအောင်ကို ဝိုင်းရိုက်ကြခြင်းဖြစ်သည်။

နောက်ရက်များတွင် မြအောင် ကျွန်တော်တို့အားလုံးနှင့် အတူလိုက်သည်။ သူ၏လေထိုးတံကိုလည်းအားလုံးသုံးခွင့်ပြုလိုက်သည်။

ယခုအခါ ကိုမြဦး မန္တလေးတက္ကသိုလ်မှာ နည်းပြဆရာအလုပ်ကိုရသွားပြီ။

ကျွန်တော်တို့ကျောင်းသားအကြီးများက ဦးဆောင်၍ အငယ်များကို ဆက်လက်စောင့်ရှောက်ရပါသည်။ အငယ်များက

www.burmeseclassic.com

www.burmeseclassic.com



လည်း အကြီးများ၏ စကားကိုလေးစားနားထောင်ကြပါသည်။

"စက်ဘီးတန်းကြီးလာပြီဟေ့ စက်ဘီးတွအများကြီးလာပြီ . ."

ကုန်းနီရွာမှကလေးများ အော်ဟစ်ပြောဆိုရင်း ပြေးလာကြည့်ကြသည်။

"ဝန်းသိုရွာက ကျောင်းသားတွေလေ အမြဲတမ်းဒီလိုပဲ စက်ဘီးတွေတန်းစီသွားကြတယ်။ စည်းနဲ့ကမ်းနဲ့ ကြည့်ရတာ ဘယ်လောက်ကျက်သရေရှိလဲ"

အကြော်ဆိုင်မှ ဒေါ်ကြည်က ကျွန်တော်တို့ကြားအောင် ချီးကျူးစကားပြောသည်။

ကျွန်တော်တို့ကလည်း ရှုမကြည့်၊ အိမ်ရှေ့မှဖြတ်ဆက်နင်းသွားကြသည်။

ရင်ထဲမှာကျေနပ်ပီတိများစွာဖြင့် –

* * *



BURMESE CLASSIC .com

# ဗွန့်လွှတ်ရသော ဗွန့်တားခန်း

ဆောင်းအကုန်နွေအကူးဖြစ်သည်။ တောင်လေရူးမှာ ရွက်ဝါလေးများ လွင့်ပါနေ၏။ ပိတောက်ပင်အမြင့်ဆီမှ ဥသြငှက်က နွေဦးတေးကို ဟစ်ကြွေးနေ၏။

ငြိမ်းအောင်ကျောင်းသွားရန် အိမ်မှထွက်လာသော်လည်း ကျောင်းတက်ရမှာ ပျင်းနေသည်။

ငြိမ်းအောင်တို့ကျောင်းသည် တာမွေဘူတာနှင့် မဝေးလှပါ။ ငြိမ်းအောင် တာမွေတံတားကြီးအောက်မှာ တစ်ယောက်တည်း ဖြတ်လျှောက်လာသည်။

"ဟေ့ ဝါး . . ."

တံတားတိုင်နှင့်ကွယ်၍ စောင့်နေသော အောင်သန်းထွန်းက ခြောက်လှန့်ခြင်းဖြစ်သည်။

"ဟာ လန့်သွားတာပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအောင် တကယ်ပင် လန့်သွားခြင်းဖြစ်သည်။

"ခဏနေအုံးကွ သန်းဇော်လာလိမ့်မယ် ..။ ဒီကောင့်ကို ခြောက်ရအောင် ..

အောင်သန်းထွန်းနှင့် ငြိမ်းအောင်တို့ တံတားတိုင်ကြီး တစ်ခုစီမှာကွယ်၍ သိန်းဇော်ကိုစောင့်ကြသည်။ သိပ်မကြာပါ။ သိန်းဇော်ရောက်လာသည်။

'ဟေး ... ဝါး ဟား ဟား ဟား'

အောင်သန်းထွန်းနှင့် ငြိမ်းအောင်ပြိုင်တူ ပြေးထွက်ပြီး ခြောက်ကြသည်။

သိန်းဇော်လန့်သွားသည်ကို သဘောကျ၍ နှစ်ယောက်သား အားပါးတရ ရယ်လိုက်ကြသည်။

"ကျောင်းမတက်တဲ့ မြို့ပတ်ရထားလိုက်စီးရအောင် ..."

"ကောင်းတယ် ..."

အောင်သန်းထွန်းပြောသည်ကို သိန်းဇော်ကသဘောတူ သည်။

"ကျောင်းကသိရင် ဘယ်လိုလုပ်မလဲ .."

ငြိမ်းအောင်က စိုးရိမ်သည်။

"မသိပါဘူး ...။ မနက်ဖြန်ကာကျရင် ခွင့်တင်လို့ရတာ ပဲ ..."



အောင်သန်းထွန်းက လုပ်နေကျ။

"အိမ်ကသိရင် အရိုက်ခံရမှာကွ .."

ငြိမ်းအောင်က ကြောက်နေပြန်သည်။

"အိမ်က ဘယ်လိုလုပ်သိမလဲကွ ကျောင်းသွားနေတယ်လို့ ထင်မှာပေါ့။ ကျောင်းဆင်းချိန်ကျရင် အိမ်ရောက်အောင်ပြန်မှာပေါ့"

'သွားကွာ ...'

ကျောင်းတက်ရမှာ ပျင်းနေသည်မို့ ငြိမ်းအောင် သဘောတူ လိုက်သည်။

'ဒါဆိုရင် လာ ဟိုမှာ ရထားရှိတယ် ...'

အောင်သန်းထွန်းက ပြောပြောဆိုဆိုရှေ့မှ ပြေးနှင့်သည်။

တာမွေဘူတာတွင် မင်္ဂလာဒုံဘက်သို့သွားမည့် ရထား တစ်စင်းရပ်နေသည်။ သိန်းဇော်နှင့် ငြိမ်းအောင် နောက်မှလိုက် ပြေးကြသည်။ ဘူတာနားရောက်ခါနီးမှ ရထားထွက်သွားသည်။

"ဟေ့ကောင်တွေ .. မြန်မြန်ပြေးခဲ .. မီသေး တယ် .."

ရှေ့မှရောက်နေသော အောင်သန်းထွန်းက နောက်သို့ လှမ်းအော်ပြောသည်။

အောင်သန်းထွန်းသည် အရှိန်ရနေပြီဖြစ်သော ရထားပေါ် သို့ ဆွဲနိုတက်လိုက်သည်။ ပေါ့ပါးဖျတ်လက်စွာပင် အပေါ်သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ရှေ့မှာရောက်နေသော သိန်းဇော်ကလည်း ပြေးရင်းမှ နိတက်လိုက်ပြန်သည်။ ရထားပေါ်သို့ လုလုပပရောက်သွားသည်။ သူတို့မှာ ရထားနိုးစီးနေကျမို့ကျွမ်းကျင်သည်။

ငြိမ်းအောင်သူတို့နှယ်မကျွမ်းပါ။ ရထားကလည်းမြန်နေပြီ။

'ဟေ့ကောင်ငြိမ်းအောင် ‥ တက်လေ … မြန်မြန်တက်"

သိန်းဇော်နှင့် အောင်သန်းထွန်းက ရထားပေါ်မှလှမ်းအော်နေကြသည်။

ငြိမ်းအောင် ရထားနောက်သို့ပြေးလိုက်ရင်းမှ အတက်ပေါက်နေရာမှ လက်ကိုင်တန်းကို လှမ်းကိုင်လိုက်သည်။ မိသည်။ လက်နှင့်မြဲမြဲဆုပ်ထား၏။ ရထားက အရှိန်မြန်နေပြီမို့ မနည်းပြေးလိုက်နေရသည်။

"ဟေ့ကောင် မြန်မြန်ခုန်တက်လိုက်လေ …"

အောင်သန်းထွန်းက လှမ်းအော်သည်။

ငြိမ်းအောင် ကြောက်ကြောက်နှင့် ခုန်တက်လိုက်သည်။

' ဟာ ‥'

လူများ၏ အထိတ်တလန့် အော်သံထွက်လာ၏။

ငြိမ်းအောင် ရထားတက်ခုန်ပေါ်သို့ရောက်သွားသော်လည်း လူကယိုင်သွား၍ ဟန်ချက်ပျက်ပြီး လည်ကျသွားသည်။ ဘေးနားမှ လူကြီးတစ်ယောက်က လက်မြန်စွာလှမ်းဆွဲနိုင်၍သာ ကံကောင်း



သည်ဟုဆိုရမည်။

"တယ် ‥ ဒီကလေးတွေ ‥ သေတော့မှာပဲ"

ငြိမ်းအောင်ကိုလှမ်းဆွဲလိုက်သောလူကြီးက ငေါက်လိုက်သည်။

"ဒီကလေးတွေ ဒုက္ခပဲနော် … အကြောက်အလန့်မရှိကြဘူး ‥။ စိတ်ညစ်စရာကောင်းလိုက်တာ ‥"

ဘေးမှ မိန်းမကြီးက မကျေမနပ် ပြောဆိုညည်းညူနေသည်။

ငြိမ်းအောင်မောနေသည်။ လိမ့်ကျမည်ဖြစ်သည်ကိုလည်း အကြောက်မပြေသေးပါ။

အောင်သန်းထွန်းနှင့် သိန်းဇော်တို့ တံခါးပေါက်ဘေးမှ သံတန်းနှစ်ခုကို တစ်ယောက်တစ်ခုစီကိုင်၍ ကိုယ်ကို အပြင်သို့ ကိုင်းညွတ်ထားကြသည်။ ဆူပြောနေသောလူကြီးများကို ဂရုမစိုက် အစွမ်းပြနေကြသည်။

"ဘောက်ထော်ဘူတာ ရောက်တော့မယ် ‥"

ရှေ့ကိုလှမ်းကြည့်ရင်း အောင်သန်းထွန်းကပြောသည်။

"ရထားပြေးနေတုန်းဆင်းရင် ရပ်နေလို့မရဘူးကွ မှောက်လဲသွားမယ်။ ရထားအရှိန်နဲ့ ရှေ့ကိုပြေးလိုက်ပြီးမှ ရပ်လို့ရတယ် ‥"

ဆရာကြီး အောင်သန်းထွန်းက သိန်းဇော်နှင့် ငြိမ်းအောင်ကို သင်တန်းပေးနေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရထားသည် ဘူတာထဲသို့ ဝင်လာပြီဖြစ်သော်လည်း အရှိန်မြန်ဆဲဖြစ်၏။ အောင်သန်းထွန်းက လက်တွေ့ သရုပ်ပြသည့် အနေဖြင့် ကျွမ်းကျင်စွာ ခုန်ဆင်းပြလိုက်သည်။

သိန်းဇော်က ရှေ့ဆင့်နောက်ဆင့်ပင် ခုန်ဆင်းသွား၏။

ငြိမ်းအောင် တံခါးပေါက်ဘေးမှ သံတန်းကိုကိုင်ဆွဲထားဆဲ။

"ဟေ့ကောင် ဆင်းလေကွာ . ."

ရထားအရှိန်နှေးသွားပြီ။ ငြိမ်းအောင် ခုန်ဆင်းပြီး ရှေ့သို့ပြေး လိုက်သည်။ အောင်သန်းထွန်း ပြောသည်မှာ မှန်၏။ ငြိမ်းအောင် ကိုယ့်ဘာသာ ကျေနပ်နေမိသည်။

ဘူတာမှ ရထားပြန်ထွက်သောအခါ ငြိမ်းအောင်တက်မည် ပြု၏။

"နေအုံးကွ အရှိန်ရမှတက်"

အောင်သန်းထွန်းက ငြိမ်းအောင်ကိုဆွဲထားသည်။

ရထားအရှိန်မြန်မှ ငြိမ်းအောင်ပြေးတက်လိုက်သည် ရထား ပေါ်သို့ ချောချောမောမောရောက်သွား၏။

သိန်းဇော်နှင့် အောင်သန်းထွန်းကတော့ ပို၍ အရှိန်မြန်မှ ပြေးတက်ကြသည်။ ရထားပေါ်သို့ လှပစွာ ရောက်လာကြ၏။

"ဟဲ့ ဟဲ့ ကလေးတွေ . . အို . . ဆော့လိုက်ကြတာ . . ငါ့နှယ် ရင်ဖိုလိုက်တာနော် . . ."



အဒေါ်ကြီးတစ်ယောက်၏ စိတ်ပျက်သောလေသံ။

ကန့်ဘဲ့ဘူတာ၊ ရေကူးဘူတာ၊ ပါရမီဘူတာများတွင် သုံးယောက်သား အဆင်းအတက်လေ့ကျင့်ကြသည်။ ဆရာကြီး အောင်သန်းထွန်းက တံတားလေးဘူတာအထိလိုက်မည်ပြောသည်။

တံတားလေးဘူတာနှင့် နီးလာသောအခါ သုံးယောက်လုံး ပြိုင်တူဆင်းနိုင်ရန် ရထား၏ တံခါးတစ်ပေါက်စီမှာ နေရာယူထားကြ သည်။

အောင်သန်းထွန်းက ရှေ့ဆုံးပေါက်၊ ငြိမ်းအောင်ကအလယ် ပေါက် သိန်းဇော်က နောက်ဆုံးဘက်အပေါက်မှာဖြစ်သည်။

ဘူတာအတွင်းသို့ရထားဝင်လာပြီ။ အောင်သန်းထွန်းက အပြင်ထုတ်ထားသော ခြေတစ်ဘက်ဖြင့် စကြဲအုတ်ခုံကိုရုပ်တိုက် ၍ ဆော့၏။ ကျွန်တော်လည်းသူ့လိုပင်လိုက် လုပ်သည်။ ရထားမှာ အရှိန်မြန်ဆဲဖြစ်သည်။ ဘိနပ်နှင့် စကြဲအုတ်ခုံပွတ်တိုက်ရာမှ ရှဲရှဲ မြည်သံထွက်ပေါ်နေ၏။

'ဒုတ်'

'အား . . အမယ်လေးဗျာ . .'

စကြဲအုတ်ခုံမှ အုတ်ခဲ . . သုံးလေးခဲလွတ်နေရာတွင် ခြေထောက်ကဘာမှုမထိမိဘဲ ဖြစ်သွားရာမှ ရှေ့တွင်ပြန်ပေါ်လာသော အုတ်ခဲနှင့် ခြေထောက်တိုက်မိပြီး ငြိမ်းအောင်၏ ခြေထောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်ခနည်းနာသွား၍ အပေါ်သို့မြှောက်တင်လိုက်သည်။

"ဟဲ့ . . . ဟဲ့ လုပ်ကြပါအုံး . . အမယ်လေးတော့်သေပါပြီ ဟို . . ဟိုမှာကလေးတစ်ယောက်ညပ်သွားပြီ။

ဘူတာထဲမှ ထွက်ပေါ်လာသောအော်သံများကြောင့် ငြိမ်းအောင်နောက်ဘက်မှ သိန်းဇော်ကိုလှည့်ကြည့်သည်။

သိန်းဇော် စကြံလမ်းမှာ ရုပ်တိုက်နေသောသူ့ခြေထောက်ကို အပေါ်သို့ မြှောက်တင်လိုက်သည်ကိုတွေ့ရသည်။ သိန်းဇော် ဘာမှမဖြစ်။ ငြိမ်းအောင် ရှေ့အပေါက်ဆီသို့ ကြည့်လိုက်သည်။

"အို . . ."

အောင်သန်းထွန်း၏ ရုပ်တိုက်နေသော ခြေထောက်ချော်၍ စကြံအတွင်းသို့ကျပြီး တက်ခုံနှင့်စကြံအကြားမှာညပ်နေသည်။

ရထားက အရှိန်သပ်၍မရသေး။ အောင်သန်းထွန်း လက်ကို မြဲအောင် ဆွဲထားသောကြောင့် အောက်သို့လိမ့်မကျ။ ရထားရပ်သောအခါလူများကအောင်သန်းထွန်း၏ ခြေထောက်ကို စကြံနှင့် တက်ခုံအကြားမှ ဆွဲထုတ်ကြသည်။ ခြေသလုံးအပေါ် အရေပြား စုတ်ပြတ်သွား၏။ ဖြူဖွေးသော အတွင်းသားများ ပေါ်နေ၏။ သွေးများစွာမထွက်သေး။ သို့သော် ဖြူဖွေးသော အသားစအချို့နေရာများမှာ သွေးစို့စပြုနေကြပြီ။ အရေပြားစုတ်ပြတ်ရာ အနားသားများ တွင်ညိုမဲနေသည်။



သတ္တိကောင်းသော အောင်သန်းထွန်းကမငို။ သူ့ခြေထောက်ကိုစိုက်ကြည့်နေသည်။

'ကဲ့ . . ထကြည့်စမ်း . .'

လူကြီးတစ်ယောက်က အောင်သန်းထွန်းကိုထူပေးသည်။

အောင်သန်းထွန်းရပ်ကြည့်သည်။ မရ။ ခြေထောက်က ညွှတ်ကျသွားသည်။ ထောက်နိုင်ခြင်းမရှိ။

အတွေ့အကြုံရှိဟန်တူသောလူကြီးက ခြေထောက်ကို မကြည့်လိုက်သည်။

'အို . . .'

ခြေထောက်မှာ လှုပ်ရမ်းနေသည်။

'ခေါင်းထဲကမူးတယ် . . .'

အောင်သန်းထွန်း တိုးတိုးညည်းလိုက်သည်။

အောင်သန်းထွန်းကို ဘူတာစကြံလမ်းပေါ်မှာပင် လှဲချပေးလိုက်ရသည်။ လူများဝိုင်းဝန်း ယပ်ခပ်ပေးနေစဉ်မှာပင် အောင်သန်းထွန်း သတိမေ့သွားသည်။

ခြေသလုံးရိုးအတွင်းက ကြေသွားပြီ။ ခြေထောက်ဖြတ်ရမယ်ထင်တယ် . .

လူကြီးက စိတ်မကောင်းစွာပြောလိုက်သည်။ ငြိမ်းအောင် တေးမှာကြည့်နေရာမှကြား၍ ထိတ်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရထားရုံပိုင်ရောက်လာသည်။

"စိတ်ညစ်စရာကောင်းလိုက်တာ ‥ ဒီကလေးကျောင်းပြေးပြီးရထားနဲ့စီးတာ ‥ ခြေတစ်ဘက်ဆုံးရှုံးတော့မယ် …။ သူ့ကျောင်းနဲ့ သူ့မိဘတွေ ဘယ်လိုလုပ်ပြီး အကြောင်းကြားရမှန်းတောင် မသိဘူး ‥"

ရုံပိုင်က အောင်သန်းထွန်း၏ ကျောင်းလွယ်အိတ်မှ စာအုပ်များကိုထုတ်ကြည့်နေသည်။

"လောလောဆယ်တော့ ‥ ဒီကလေးကို ဆေးရုံပို့ပေးမှာပေါ့ …"

ဝိုင်းကြည့်နေသူထဲမှတစ်ယောက် ပြောလိုက်ခြင်းဖြစ်သည်။

ငြိမ်းအောင်နှင့် သိန်းဇော် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ မျက်စိပျက်နေကြပြီ။ အိမ်နှင့်ကျောင်းမှသိလျှင် အဆူခံအရိုက်ခံရတော့မည်။

သိန်းဇော်က ငြိမ်းအောင်ကိုလက်ကုပ်၍ခေါ်လိုက်သည်။ နှစ်ယောက်သားလူအုပ်ကြားမှထွက်ခဲ့ကြ၏။

ငြိမ်းအောင် ကျောင်းဆင်းချိန်နှင့်ကိုက်အောင် အိမ်ပြန်သွားသည်။

"ဟော ‥ ငါ့သား ကျောင်းက ပြန်လာပြီ ‥"

အမေကငြိမ်းအောင်၏ လွယ်အိတ်ကို ငြိမ်းအောင်ပခုံးမှ



ဖြုတ်ယူ၍ ဆီးကြိုလိုက်သည်။

အဖေက သူစားနေသော ငှက်ပျောဖီးမှ ငှက်ပျောသီးတစ်လုံးကိုဖြုတ်၍ ငြိမ်းအောင်ဟန်မပျက်ယူ၍ စားရသော်လည်းစိတ်ကမလုံ။ ငှက်ပျောသီးကို မျိုမကျနိုင်ဖြစ်ရသည်။

ညတွင်လည်း ငြိမ်းအောင်အိပ်၍မပျော်ပါ။ အောင်သန်းထွန်း၏ကျိုးကြေသွားသော ခြေထောက်ကို မြင်ယောင်ပြီး ကြောက်လန့်နေမိသည်။

အောင်သန်းထွန်း၏ ခြေထောက်ဖြတ်ပစ်ရတော့မည်။

"ငါသာ သူ့လိုခြေချော်သွားရင် …"

ငြိမ်းအောင် ကျောထဲမှာ စိမ့်သွားသည်။ ပထမဆုံးပြေးတက်လိုက်စဉ်က ယိုင်လဲသွားချိန်တွင် လူကြီးတစ်ယောက်ဖမ်းဆွဲလိုက်၍သာ လိမ့်မကျခဲ့ခြင်းဖြစ်သည်။

"ကျလိုက်လျှင်"

ငြိမ်းအောင်ဆက်မတွေးဝံ့ပါ။ ကျောင်းမှန်မှန်တက်၍ စာကြိုးစားရမည့်အစား လွဲမှားစွာစွန့်စားခဲ့ကြသည်။

ယနေ့ အဖေနှင့်အမေ မသိသေးသော်လည်း မနက်ဖြန်ဆိုလျှင် အောင်သန်းထွန်း၏ မိဘများမှ တဆင့်သိကြတော့မည်။ ကျောင်းမှဆရာဆရာမများလည်း သိကြမည်။ သိလျှင် အဆိုးခံရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခံသင့်သည်။ ခြေတစ်ဖက်ဖြတ်ရလျှင် အရိုက်ခံရသည်ထက် များစွာ ပိုဆိုးမည်။

ငြိမ်းအောင် ဆုံးဖြတ်လိုက်သည်။ နောင်တွင်ဤကဲ့သို့သော မိုက်မဲမှုမျိုးလုံးဝမလုပ်တော့ပါ . . . ဟူ၍ . . .

* * *



# ပန်းမာန်

နာမည် ပန်းဖြူ။ အလုပ်က ပန်းရောင်းသူ။ ဤအလုပ်နှင့် ဆက်စပ်၍ ဤအမည်မှည့်ခြင်းမဟုတ်။ ဤအလုပ်ကိုလုပ်ရန် စိတ်ကူး မရှိမီ မွေးစကတည်းက အဖေပေးခဲ့သောအမည်။

အဖေက စွတ်ကျယ်စက်အလုပ်သမား။ အဖေက ပန်းဖြူကို ပန်းလိုလှစေချင်သည်။ ဖြူစင်စေချင်သည်။ ပညာတော်စေချင်သည်။ ပန်းဖြူကြိုးစား၍ အတန်းတိုင်းမှာ ပထမ၊ ဒုတိယရပါသည်။

သို့သော် ပန်းဖြူ ငါးတန်းရောက်သောနှစ်မှာ အဖေ ဆုံးသွားပါသည်။ စက်ရုံထဲတွင် မီးလောင်မှုတစ်ခုဖြစ်ရာ အဖေနှင့်အလုပ်သမားများ စွန့်စွန့်စားစား ငြိမ်းသတ်၍ မီးငြိမ်းသွားပါသည်။ အဖေ့ တစ်ကိုယ်လုံးမီးလောင်ဒဏ်ရာများရ၍ ဆေးရုံပို့ရသည်။ ဆေးရုံရောက် ပြီးသုံးရက်မှာ အဖေဆုံးသွားပါသည်။ ပန်းဖြူတို့ မိသားစုအတွက် မှီခိုအားထားရာ အရိပ်ကြီးပြိုလဲသွားခြင်းဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စက်ရုံအတွက် အသက်ပေးသွားသော အဖေ့မိသားစုကို စက်ရုံလူကြီးများက စောင့်ရှောက်ကြပါသည်။ အမေ့ကိုစက်ရုံမှာ သန့်ရှင်းရေးအလုပ်သမားခန့်၍ အလုပ်သမားတန်းလျားမှာ ဆက်နေရသည်။ နေဖို့အဆင်ပြေသွားပါပြီ။ စားဖို့ကတော့ ခက်သေးသည်။ အဖေ့အတွက်ရငွေများ ဝိုင်းဝန်းထောက်ပံ့ကူညီကြသောငွေများ ရသော်လည်း ရေရှည်စား၍ ရမည်မဟုတ်။ အမေ့သန့်ရှင်းရေးလုပ်ခကလည်း မိသားစုစားဝတ်နေရေးနှင့် ပညာရေးအတွက် ပြည့်စုံမည်မဟုတ်။

အဖေရှိစဉ်ကတော့ မိသားစု၏ အရေးအားလုံးအတွက် အဖေကသာ ရှုန်းကန်တာဝန်ယူရသည်။ ယခုတော့ မိသားစုအားလုံး အရေးမိသားစုများ ရုန်းကန်ရတော့မည်။ မောင်နှမသုံးယောက်မှာ ပန်းဖြူကအကြီးဆုံး။ မောင်လေးနှင့် ညီမလေးကငယ်သေးသည်။ ပန်းဖြူက ကိုးတန်းရောက်နေပြီ။

ပန်းဖြူတို့ မိသားစုတိုင်ပင်ကြသည်။ အမေက မနက်စောစောထ၍ မုန့်ဟင်းခါးရောင်းမည်ဟုဆိုသည်။ ပန်းဖြူတို့ ဝမ်းသာကြသည်။ အနည်းဆုံးတော့ ပန်းဖြူတို့ မောင်နှမမုန့်ဟင်းခါးမှန်မှန်စားရမည်။ ပန်းဖြူတို့ မုန့်ဟင်းခါးသိပ်ကြိုက်သည်။

ပန်းဖြူတို့နှင့် အလုပ်သမားတန်းလျားတစ်ခုတည်းမှာနေသော မခင်ထွေးကပန်းဖြူကို သူနှင့်လိုက်ပြီး ပန်းရောင်းရန် အမေ့ကိုအကြံ



ပေးသည်။

လုပ်ရမည့်လုပ်ငန်းစဉ် မနက် (၄) နာရီ ထရမည်။ မင်္ဂလာဒုံဈေးသို့သွား၍ ပန်းဖောက်သည်ယူရမည်။ ထိုပန်းများကို မနက် (၅) နာရီခွဲ မင်္ဂလာဒုံမှ ထွက်သောရထားဖြင့် မြို့ထဲလိုက်ပြီး ပန်းရောင်းရမည်။ မခင်ထွေးက ဖောက်သည်များရအောင် ဆက်သွယ်ပေးမည်။ (၁၀) နာရီခွဲ (၁၁) နာရီအိမ်ပြန်ရောက်မည်။ ကျောင်းတက်မီသည်။ ကျောင်းက နေ့ခင်းကျောင်းမို့ နေ့(၁၂) နာရီမှ စတက်ရမည်။ ပန်းရောင်းသည်က တစ်နေ့လျှင် နှစ်ထောင်၊ သုံးထောင်အမြတ်ကျန်မည်ဟုဆိုသည်။ ဤနည်းဖြင့် မခင်ထွေးပန်းရောင်းရင်း ကျောင်းတက်ခဲ့သည်မှာ ဆယ်တန်းပင်ရောက်နေပြီ။

ပန်းဖြူကဝမ်းသာအားရပင် လိုက်ရောင်းချင်ကြောင်းပြောပါသည်။ အမေက ပန်းဖြူကိုကြည့်ပြီး မျက်ရည်ကျနေပါသည်။ အဖေချစ်၍ မျှော်လင့်ချက်ကြီးမားခဲ့သော သမီးကို ငယ်ငယ်အရွယ်မှာ ပန်းရောင်းခိုင်းရမှာ စိတ်မကောင်းဖြစ်နေသည်။

သို့ရာတွင် ပန်းဖြူက စိတ်အားထက်သန်နေ၍ နောက်ဆုံး အမေခွင့်ပြုလိုက်ပါသည်။

ယနေ့ပန်းဖြူ ပန်းစရောင်းသောနေ့ဖြစ်သည်။ မခင်ထွေးက မနက်စောစော ပန်းဖြူကိုလာနှိုးသည်။

အိပ်ရာထ အဝတ်အစားလဲ မျက်နှာသစ်သည်။ အမေမနိုး

www.burmeseclassic.com

www.burmeseclassic.com



အောင် ငြင်ငြင်သာသာလုပ်သော်လည်း အမေနိုးသွားပါသည်။

"သမီးလေး ကောင်းကောင်းသွားနော် အအိပ်ပျက်လို့ ပင်ပန်းရင် မနက်ဖြန်မရောင်းနဲ့တော့ . . ." ဟုပြောပါသည်။

'ဟုတ်ကဲ့ပါ အမေ သမီးသွားတော့မယ်နော် . . .'

အမေ့ကိုနှုတ်ဆက်ပြီး မခင်ထွေးနှင့်လိုက်ပါခဲ့သည်။ ပန်းဖြူ လက်ထဲမှာ ပန်းထည့်ရန် ဗန်းကြီးတစ်ချပ်ပါလာခဲ့သည်။ ဤဗန်းကို မနေ့ကမှ မခင်ထွေးဝယ်ပေးထားခြင်းဖြစ်သည်။

မင်္ဂလာဒုံ လေဟာပြင်ဈေးရောက်သောအခါ (၃) နာရီမထိုးသေး။ သို့သော် ရောင်းသူဝယ်သူများ ကြိတ်ကြိတ်တိုးစည်ကားနေသည်။ ပန်းဖြူအံ့သြမိသည်။ ခါတိုင်းဆို ဤအချိန် အိပ်ရာထဲမှာအိပ်၍ကောင်းတုန်း။ လူများဤသို့ ရောင်းဝယ်လှုပ်ရှားနေကြမည်ကို စဉ်းစား၍ပင် မကြည့်မိ။ တောမှလာကြသော ဟင်းသီးဟင်းရွက်သည်များက အစုလိုက် အပုံလိုက် ဖောက်သည်ဈေးနှင့် ရောင်းနေကြသည်။ ဈေးများတွင် လက်လီပြန်ရောင်းကြမည့် ဈေးသည်များက လာဝယ်နေကြသည်။ သူ့ဖောက်သည်နှင့်သူ ရင်းနှီးစွာရောင်းဝယ်နေကြသည်။

မခင်ထွေးက ပန်းဖြူလက်ကိုဆွဲ၍ ပန်းသည်များထံခေါ်သွားသည်။ ပန်းသည်အဒေါ်ကြီးတစ်ယောက်နှင့် ပန်းဖြူကိုမိတ်ဆက်ပေးသည်။ အဒေါ်ကြီးက ပန်းဖြူနာမည်ကို သဘောကျနေသည်။



"ပန်းဖြူတဲ့ . . နာမည်လေးက ကောင်းလိုက်တာတော်။ ရုပ်ကလေးကလဲ ချစ်စရာ လှလိုက်တာ။ ရော့ . . ရော့ ဒါလေးပန်လိုက်ပါအုံး . . ."

ပန်းဖြူပန်ရန် စပယ်တစ်ကုံးလက်ဆောင်ပေးသည်။

မခင်ထွေးနှင့်ပန်းဖြူတို့ ပန်းသည် အဒေါ်ကြီးထံမှ သပြေပန်း၊ ဇော်စိမ်း၊ ဇော်ကျား၊ ဇော်မွှေးနှင့် စိန်ချယ်ပန်း၊ စပယ်ပန်းကုံးများ ဝယ်ကြသည်။ တခြားဆိုင်များမှလည်း သပြေပန်း၊ ရွှေပန်း၊ ငွေပန်း၊ နှင်းဆီပန်းများဝယ်ကြသည်။

ပန်းအားလုံးကို ဗန်းတွင်ထည့်၍ရွက်ပြီး မင်္ဂလာဒုံဘူတာသို့ သွားကြသည်။ ဘူတာတွင် ပန်းသည်များစွာကို တွေ့ရသည်။ တစ်ယောက်နှင့်တစ်ယောက် ကိုယ့်မှာများသည်နှင့် သူ့မှာနည်းသည် သူ့မှာများသည်နှင့် ကိုယ့်မှာနည်းသည် မျှကြသည်။ ဖလှယ်ကြသည်။ ဘဝတူချင်း ချစ်ခင်စွာရိုင်းပင်းကူညီကြသည်။ မခင်ထွေးက ဤအလုပ်ကိုလုပ်သည်မှာကြာပြီမို့ အားလုံးနှင့် ချစ်ခင်ရင်းနှီးနေသည်ကိုကြည့်ပြီး ပန်းဖြူသဘောကျမိသည်။

၅ –နာရီခွဲတွင် ရထားလာသောအခါ ပန်းသည်အားလုံး ရထားပေါ်တက်ကြသည်။ အပေါ်ရောက်နှင့်သူများက ပန်းဗန်းများကို ဆွဲယူကူညီကြသည်။ ရထားတစ်စင်းလုံးရောင်စုံပန်းများနှင့် လှပနေသည်။ ပန်းယနံ့မျိုးစုံထုံသင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်များအားလုံးရထားပေါ်မှာ အလကားနေကြသည်မဟုတ် ကိုယ့်ဗန်းကိုယ်ရောင်းပန်းလှအောင် ပြင်ဆင်ခင်းကျင်းကြသည်။ ပန်းကုံးများကို အစိတ်အကျဲညီအောင်ပြန်သီကြသည်။

လမ်းမှဘူတာများတွင် ကိုယ့်နယ်မြေနှင့်ကိုယ် အသီးသီးဆင်းသွားကြသည်။ မခင်ထွေးနှင့် ပန်းဖြူက ဘုရားလမ်းဘူတာမှာဆင်းသည်။ မိုလ်ချုပ်ဈေး သိမ်ကြီးဈေးသံဈေးတို့မှာ ဖောက်သည်သွင်းရသည်။ မခင်ထွေးက သူရှာထားသော ဖောက်သည်များကိုပန်းဖြူနှင့် ဆက်သွယ်ပေးသည်။ သူ့ဖောက်သည်အချို့ကိုပင်ပန်းဖြူအတွက်ခွဲပေးသည်။ စိတ်ထားဖြူစင်သည့်မခင်ထွေးကို ပန်းဖြူချစ်ခင်လေးစားမိသည်။ လမ်းတလျှောက်လုံးမှာလည်း ညီမလေးတစ်ယောက်လို အစစအရာရာကူညီစောင့်ရှောက်သည်။

(၉) နာရီခန့်တွင် ပန်းဖြူတို့ပြန်ရသည်။ အရင်းနှုတ်ပြီးလက်ထဲမှာအမြတ်ငွေ နှစ်ထောင့်ငါးရာ ကျန်သည်။ နောင်တွင်ဖောက်သည်ပိုရလျှင် သုံးထောင်ခန့်အထိ အမြတ်ကျန်မည်ဟုမခင်ထွေးက အားပေးသည်။

ဆယ်နာရီခွဲအိမ်ပြန်ရောက်သည်။ အမြတ်ငွေအားလုံးအမေ့လက်ထဲထည့်သည့်အခါ ပန်းဖြူလက်များတုန်နေသည်။ အမေ့လက်များလည်း တုန်နေကြသည်။ အမေ့ပါးပေါ်တွင် မျက်ရည်



များစီးကျနေသည်။ မောင်လေးနှင့် ညီမလေးက ပန်းဖြူနှင့် အမေ့ကိုကြည့်နေကြသည်။

"အမေလဲ ဒီနေ့မုန့်ဟင်းခါးရောင်းတာ စက်ရုံအလုပ်သမားတွေအားပေးလိုက်ကြတာ အတော်ကြီးကုန်သွားတယ်။ အမေဒီနေ့လေးထောင် အမြတ်ကျန်တယ် ။"

"ဟယ် ... ဝမ်းသာလိုက်တာအမေရယ် .. သမီးတို့ခုအတိုင်း လုပ်စားလို့ရတာပဲနော် ပူစရာမရှိပါဘူး .."

"မရှိပါဘူး ..သမီးရယ် ... အမေပိုရောင်းရရင် ..သမီးပန်းမရောင်းနဲ့တော့ ..."

"ဟင့်အင်း ... သမီးပန်းရောင်းရတာ ဘာမှမပင်ပန်းဘူးကျောင်းတက်လဲမပျက်ဘူး။ သမီးကလဲနောက်ဆိုဖောက်သည်တွေပိုရရင် ပိုက်ဆံပိုရမှာ ..။ မေမေ ပင်ပန်းရင် မုန့်ဟင်းခါးမရောင်းနဲ့တော့ .."

အမေ့အလုပ်က အိမ်တင်ရောင်းရတာ ဘာမှမပင်ပန်းပါဘူးသမီးရယ်။ အတော်ကြီးကုန်တော့ ရုံးသန့်ရှင်းရေးလုပ်ဖို့လဲ အချိန်မီပါတယ် ..။ ကဲကဲ သမီးရေချိုးတော့။ မေမေထမင်းပြင်ထားလိုက်မယ်။

ပန်းဖြူစိတ်ထဲမှာ ရွှင်လန်းတက်ကြွနေသည်။ လူကလည်းပေါ့ပါးသွက်လက်နေသည်။ အဖေမရှိသည်ကို စိတ်မကောင်းသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အမေဆုံးသွား၍ ဘဝကိုအရှုံးမပေးနိုင်ပါ။ အဖေကလည်း ထိုသို့ဖြစ်စေချင်မည်မဟုတ်ပါ။ အဖေပန်းဖြူကိုဖြစ်စေချင်သည်က လိမ္မာပြီး ပညာတော်သောသမီးလေး။

ပန်းဖြူ အမေနှင့်အတူမိသားစုကို ကူညီရင်းပညာကြိုးစားမည်ဟုဆုံးဖြတ်လိုက်ပါသည်။

* * *



# အတန်းခေါင်းဆောင်

ကျွန်တော်တို့အတန်းမှာ အတန်းခေါင်းဆောင်မရှိသေး။ ဆရာက အတန်းခေါင်းဆောင် ရွေးပေးမည်ဟုပြောထားသည်။ ကျွန်တော်တို့အတန်းမှာ အတန်းခေါင်းဆောင်ဖြစ်နိုင်သူ သုံးယောက်ရှိသည်။

တစ်ယောက်က သူဇာမြင့်။ မနှစ်က တတိယတန်း (က) မှာ အတန်းခေါင်းဆောင်။ အတန်းတင်စာမေးပွဲကြီးမှာ ပထမရ၍ အောင်မြင်ခဲ့သူ။ မိန်းကလေးအားလုံး သူဇာမြင့်ကို ချစ်ခင်ကြသည်။ လေးစားကြသည်။ ယောက်ျားလေးအများစုကပင် သူဇာမြင့်ကိုအထင်ကြီးကြသည်။ သူက စာတော်ရုံမက ကျောင်းအုပ်ဆရာမကြီး၏ သမီး။

နောက်တစ်ယောက် အတန်းခေါင်းဆောင်ဖြစ်နိုင်သူမှာ ကျော်စွာထွန်း။ မနှစ်က တတိယတန်း (ခ)၏ အတန်းခေါင်းဆောင်။ ကျွန်တော်တို့အတန်းသူအတန်းသားအားလုံးကတော့ အတိုင်းအတော

www.burmeseclassic.com

www.burmeseclassic.com



ထူသော ကျော်စွာထွန်းကိုသဘောမကျ။ သို့သော် ကျော်စွာထွန်းက ဆရာဆရာမများ၏ အလိုအကြိုက်ကိုသိသည်။ အမြဲလိုပင် ဆရာ ဆရာမများနှင့် အနီးကပ်မှာရှိနေတတ်သည်။ ဆရာ၊ ဆရာမများ ခိုင်းလျှင် သွက်လက်တက်ကြွစွာ ပြေးပြေးလွှားလွှားလုပ်ပေးတတ် သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများက ကျော်စွာထွန်းကို သဘောကျ သည်။

နောက်တစ်ယောက် အတန်းခေါင်းဆောင်ဖြစ်နိုင်သူမှာ မျိုးမင်းဦး။ သူက ယခုနှစ်မှ ကျွန်တော်တို့ကျောင်းပြောင်းလာသည်။ မနှစ်က မုံရွာမြို့မှာနေခဲ့သည်။ သူ့အဖေက အစိုးရအမှုထမ်းမို့ ကျွန်တော်တို့မြို့လေးသို့ပြောင်းလာပြီး သူ့အိမ်နှင့်နီးသော ကျွန်တော် တို့ကျောင်းရောက်လာသည်။ သူပြောင်းခဲ့သည့်ကျောင်းမှာ သူကလည်း အတန်းခေါင်းဆောင်ဖြစ်သည်။ သပ်သပ်ယပ်ယပ်နေ တတ်သည်။ စိတ်သဘောထားကောင်းသည်။ သူများကိုကူညီ တတ်သည်။ ထို့ကြောင့် ရောက်လာသည်မှာ မကြာသေးသော်လည်း သူ့ကိုခင်မင်သူများသည်။ အတန်းထဲမှာ စာလည်းအတော်ဆုံး ဖြစ်သည်။

သို့သော် သူသည် သူ့ဇာမြင့်နှင့် စကားများပြီးပြီ။ အတိုင် အတောခံရ၍ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းသို့ရောက်ပြီးပြီ။ ဖြစ်ရ သည်မှာ ကျွန်တော့်ကြောင့်။



မျိုးမင်းဦးနှင့် ကျွန်တော်က တစ်ခုံတည်းထိုင်ကြသည်။ သူ့ဇာမြင့်က ကျွန်တော်တို့ရှေ့မှ ခုံမှာထိုင်သည်။ သူ့ဇာမြင့် ကျွန်တော့် ပေတံကိုယူ၍ မျဉ်းတားသည်။ ထိုသို့ယူနေကျမို့ ကျွန်တော်ဘာမျှ မပြောပါ။ သို့သော် ကျွန်တော်က မျဉ်းတားစရာရှိ၍ ပြန်တောင်းသော အခါ သူ့ဇာမြင့်က ပြန်မပေး။ ကျွန်တော် ထပ်တောင်းသောအခါ သူ့ဇာမြင့်စိတ်ဆိုး၍ ပေတံကို ကျွန်တော့်ခုံသို့လှမ်းပစ်ပေးသည်။ ပေတံကခုံစောင်းကိုမှန်ပြီး အောက်ကျသွားသည်။ ကျွန်တော်မကျေ နပ်ပါ။

"နင် ကောက်ပေး . . ."

ကျွန်တော်က သူ့ဇာမြင့်ကို အကောက်ခိုင်းသည်။

"ဘာလို့ ကောက်ရမှာလဲ၊ နင့်ဘာသာကောက်ပါလား . ."

သူ့ဇာမြင့်ပြောပုံက မာတင်းသည်။

"သူများပေတံငှားပြီး အဲဒီလိုလုပ်တာ ဘယ်ကောင်းမလဲ"

မျိုးမင်းဦးက ကျွန်တော်ဘက်မှဝင်ပြောသည်။

"အံမယ် . . နင်နဲ့ဘာဆိုင်လဲ၊ လုပ်တော့ဘာဖြစ်လဲ။ နင်က ဒီနှစ်မှ ဒီကျောင်းရောက်ပြီး လူစွာမလုပ်နဲ့။"

သူ့ဇာမြင့်က နောက်လှည့်ကြည့်ပြီး မျိုးမင်းဦးကို ရန်တွေ့ သည်။

"ငါမစွာပါဘူး . . နင်ကစွာတာပါ . ."

www.burmeseclassic.com

www.burmeseclassic.com



မျိုးမင်းဦးပြောပုံက အေးအေးဆေးဆေး။

"စွာတယ် ‥ စွာတယ် ‥ စွာတော့နင့်က ဘာလုပ်ချင်လဲ"

သူဇာမြင့်ပြောပုံက ကက်ကက်လန်

"ဘာမှမလုပ်ချင်ပါဘူး။ နင့်ဘာသာစွာတယ်လို့ ဝန်ခံနေပြီပဲ။ ငါက မစွာချင်ဘူး ‥‥"

မျိုးမင်းဦးက သူဇာမြင့်ကိုကြည့်ပြီး အံ့သြနေသည်။

"ဟုတ်တယ် နင်နဲ့ဘာဆိုင်လဲ ‥‥"

"ကိုယ့်ပေတံမဟုတ်ဘဲနဲ့ ကြားကဝင်ပြောတယ် ‥"

သူဇာမြင့်ဘေးမှ ခင်စိုးမိုးနှင့် နီနီဝင်းကပါ မျိုးမင်းဦးကို ရန်လုပ်နေကြသည် ကျောင်းဆင်းချိန်မို့ အတန်းထဲမှာ ဆရာမရှိ။

မျိုးမင်းဦးက သူတို့ကို တအံ့တသြကြည့်နေသည်။ ထိုအချိန်တွင် ကျော်စွာထွန်းရောက်လာပြီး မျိုးမင်းဦးနှင့် ကျွန်တော်ကို ကျောင်းအုပ်ဆရာမကြီးခေါ်နေကြောင်းလာပြောသည်။ ကျော်စွာထွန်း သွားတိုင်ခြင်းဖြစ်ပါသည်။

မျိုးမင်းဦးနှင့် ကျွန်တော်ဆရာမကြီး ရုံးခန်းသို့ရောက်သွားကြပါသည်။

ဆရာမကြီးမေး၍ မျိုးမင်းဦးက ဖြစ်ပုံအကြောင်းစုံကို ရှင်းပြသည်။ ဆရာမကြီးက ကျွန်တော့်ကိုထပ်မေးသည်။ မျိုးမင်းဦးပြောသည်မှာ မှန်ကြောင်း ကျွန်တော်ကထပ်ပြောပါသည်။



ဆရာမကြီးက သူဇာမြင့်ကိုခေါ်မေးသည်။ သူဇာမြင့် မငြင်းနိုင်ပါ။

"သူများပေတံငှားပြီး ဒီလိုလုပ်တာ မေမေ မကြိုက်ဘူး။ သမီးပေတံငှားပြီး ‥ အဲဒီလိုလုပ်ရင် သမီးကြိုက်မလား ‥"

သူဇာမြင့် မဖြေနိုင်။

"စွာတယ် ‥‥ စွာတယ် ‥ စွာတော့ဘာလုပ်ချင်လဲလို့ သမီးကပြောတယ်ဆို"

သူဇာမြင့် ခေါင်းငုံ့လျက်။

"နောက်တစ်ခါစွာရင် သမီးကိုရိုက်မယ်။ ဆရာမကြီးသမီးဆိုပြီး စွာတာကို မေမေမကြိုက်ဘူးလို့ပြောထားတယ်မို့လား ‥‥"

သူဇာမြင့် ခေါင်းညိတ်သည်။

"ကိုယ်တစ်ကျောင်းတည်း တစ်တန်းတည်းသူငယ်ချင်းတွေပဲ ခင်ခင်မင်မင်နေမှပေါ့ ‥ ကဲ သွားကြ"

ကျွန်တော်တို့ ဆရာမကြီး ရုံးခန်းမှ ပြန်ထွက်ခဲ့ကြသည်။

နောက်တစ်နေ့တွင် "မျိုးမင်းဦး ဆရာမကြီးရုံးခန်းရောက်သောအပြစ်ကြောင့် နာမည်ပျက်သွားပြီ။ အတန်းခေါင်းဆောင်မဖြစ်နိုင်တော့ဘူး" ဟု ကျော်စွာထွန်းလျှောက်ပြောနေကြောင်းသိရသည်။

ကျောင်းတတ်သောအခါ ကျွန်တော်တို့အတန်းပိုင်ဆရာ ဦးသန်းဆိုင် အတန်းထဲသို့ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ဆရာ"

ကျွန်တော်တို့အားလုံး မတ်တပ်ရပ်၍ နှုတ်ဆက်ကြသည်။

"မင်္ဂလာပါ တပည့်တို့ . . ထိုင်ကြ"

ဆရာက စာရေးရန်အတွက် သင်ပုန်းကြီးဘက်လှည့်လိုက်သည်။ သင်ပုန်းကြီးပေါ်တွင် မနေ့ကရေးထားသောစာများ မဖျက်ရသေး။

"အဖျက်လဲမရှိပါလား . . မောင်ကျော်စွာထွန်း အဖျက်သွားရှာစမ်း . . ."

"ဟုတ်ကဲ့ ဆရာ . . ."

ကျော်စွာထွန်း ဝမ်းသာအားရ ရုံးခန်းဆီသို့ ပြေးသွားသည်။ ခဏသာကြာသည်။ ပြန်ရောက်လာ၏။

"ရုံးခန်းမှာလဲ အဖျက်မရှိဘူး ဆရာ . ."

"ဟ ဒီလိုဆို . . ဒါတွေ ဘာနဲ့ဖျက်မလဲ . ." သူဇာမြင့်သွားရှာစမ်း . . ကဲ မောင်မျိုးမင်းဦးလဲသွားရှာ . . .

သူဇာမြင့်နှင့် မျိုးမင်းဦးတို့ အတန်းထဲမှ ထွက်သွားကြသည်။ သိပ်မကြာခင်မှာ သူဇာမြင့်ပြန်ရောက်လာသည်။

"ဘယ်မှာမှမတွေ့ဘူးဆရာ . . မေမေ့ကိုမေးတော့လဲ အဖျက်အပို မရှိတော့ဘူးတဲ့ . . ."

သူဇာမြင့် သူ့နေရာမှာပြန်ထိုင်သည်။



ထိုအချိန်တွင် မျိုးမင်းဦးပြန်ရောက်လာသည်။ သူ့လက်ထဲတွင် ပုဆိုးစုတ်အပိုင်းကလေးပါလာသည်။ သင်ပုန်းကြီးပေါ်မှ စာများကို မျိုးမင်းဦးက ဖျက်ပစ်လိုက်သည်။ ပြီးသည်နှင့် ပုဆိုးစုတ်ကလေးကို သေသပ်စွာခေါက်၍ ဆရာ့စားပွဲပေါ်တွင် တင်ထားခဲ့သည်။

"မောင်မျိုးမင်းဦး ဒီအဖျက်ကိုဘယ်ကရတာလဲ . . ."

ဆရာကိုသန်းဆိုင်က လှမ်းမေးခြင်းဖြစ်၏။

"ကျွန်တော်တို့ ဆရာမကြီးရုံးခန်းကိုသွားပြီး အဖျက်ရှာပါတယ်။ ဆရာမကြီးက အဖျက်အပိုမရှိဘူးပြောတာနဲ့ ကျောင်းရှေ့က ဒေါ်စောတင်မုန့်ဆိုင်သွားပြီး ဒီပုဆိုးစုတ်တစ်ပိုင်းတောင်းလာတာပါ . . ."

"အေး မောင်မျိုးမင်းဦးလုပ်တာမှန်တယ်။ အလုပ်တစ်ခုခိုင်းလိုက်ရင် ပြီးစီးအောင်လုပ်နိုင်ရမယ်။ မရှိဘူး။ မသိဘူးဆိုတာနဲ့ ပြီးသွားတာမဟုတ်ဘူး။ အခု ဒီမှာကြည့်သင်ပုန်းဖျက်ဖို့ အဖျက်လိုနေတယ်။

ဆရာက သင်ပုန်းကြီးကိုပြသည်။

"အဖျက်မရှိဘူး။ ရှာမတွေ့ဘူးဆိုရုံနဲ့ ဒီသင်ပုန်းပေါ်က စာတွေပျောက်ပျက်သွားမှာမဟုတ်ဘူး . . မဖျက်ရင် ရေးလို့သင်လို့မရဘူး။ မောင်မျိုးမင်းဦးက ပုဆိုးစုတ်တောင်းလာပြီး ဖျက်လိုက်တော့

www.burmeseclassic.com



ဟောအခု သင်ပုန်းကြီးပေါ်မှာရှင်းသွားပြီ။ ဆရာစာရေးပြလို့ရပြီ။

ဆရာပြောသည်ကို သဘောကျစမ်းသာ၍ ကျွန်တော်က ဘေးမှာထိုင်နေသော မျိုးမင်းဦး၏ လက်ကိုဆုပ်ကိုင်လိုက်သည်။

"ဒါနဲ့ တဆက်တည်းပဲ အတန်းခေါင်းဆောင်ရွေးဖို့ကိစ္စ ဆရာဆက်ပြောမယ် ဒီအတန်းမှာ အတန်းခေါင်းဆောင်မရှိသေးဘူး။ ဒါကြောင့်မို့ မနေ့ကညနေ ကျောင်းဆင်းမှ ဆရာမကြီးနဲ့ တွေ့ပြီး တင်ပြတယ်။ ဒီအတန်းထဲမှာ မနှစ်က အတန်းခေါင်းဆောင် လုပ်ဖူးတဲ့ ကျောင်းသားသုံးယောက်ရှိတယ်။ ကျန်တဲ့လူသစ်ထဲကလဲ ဆရာ စဉ်းစားကြည့်ပါသေးတယ်။ ဒါပေမဲ့ သူတို့သုံးယောက်က ပိုသင့်တော်လို့ ဆရာကအဲ့ဒီသုံးယောက်ကို ဆရာမကြီးဆီတင်ပြတာပါ။

ကျွန်တော်တို့အားလုံးစိတ်ဝင်စားနေကြပါသည်။ ဘယ်သူ ဖြစ်မည်ကိုလည်း သိချင်နေကြပါသည်။

"ဆရာမကြီးက မနေ့ကနေ့ခင်းမှာဖြစ်တဲ့ကိစ္စ ဆရာ့ကို ပြန်ပြောပြတယ် . . .။ သူဇာမြင့်က သူများပေတံငှားပြီးပြန်တောင်း တော့စိတ်ဆိုးတယ်။ လှွင့်ပစ်ပေးတယ်။ စွာတယ်ဆိုတဲ့အကြောင်းလဲ ပြောတယ်တဲ့။ အတန်းခေါင်းဆောင်ဟာစ်ယောက် ဒီလိုရန်စွာရင် ဘယ် လိုလုပ်ကောင်းပါ့မလဲတဲ့။ သူဟာ ဆရာမကြီးသမီးဖြစ်နေတော့ ဆရာမကြီးပါ ဘယ်ကောင်းမလဲတဲ့ . ."

သူဇာမြင့်ရော သူ့ဘေးမှ ကောင်မလေးနှစ်ယောက်ပါ



ခေါင်းငုံ့နေကြသည်။ ကျွန်တော်ဆရာမကြီးကို ရိုသေလေးစား ဖြစ်ရသည်။

"နောက်တစ်ယောက် မောင်ကျော်စွာကတော့ သူဇာမြင့်နဲ့ မောင်မျိုးမင်းဦး စကားများကြတာကို ဆရာမကြီးရုံးခန်းလာတိုင်တယ် တဲ့။"

ကျော်စွာထွန်း ဆရာ့ကိုလှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။ ဆရာက ကျော်စွာထွန်းကို လှမ်းကြည့်ပြီးဆက်ပြောသည်။

"ဒါပေမဲ့ တိုင်တာက အမှန်အတိုင်းမဟုတ်ဘူးတဲ့ . . ."

ကျော်စွာထွန်းခေါင်းငုံ့သွားသည်။

"မောင်မျိုးမင်းဦးက သူဇာမြင့်ကို ကြမ်းတမ်းတဲ့စကားတွေ နဲ့ မတရားသဖြင့် ပြောဆိုနေတယ်လို့ တိုင်တယ်တဲ့။ ခေါ်မေးလိုက် တော့။ အဲ့ဒီလိုမဟုတ်ပါဘူး။ မောင်မျိုးမင်းဦးပြောတာမှာ ကြမ်းတမ်း တဲ့စကားမပါဘူး။ သူဇာမြင့်ကလဲ အဲဒီလို ပြောတယ်လို့ မစွပ်စွဲပါ ဘူးတဲ့။ အတန်းခေါင်းဆောင်ဖြစ်ပြီး အဲ့ဒီလို မဟုတ်ဘဲနဲ့ သူများကို တိုင်ရင် ဘယ်လိုလုပ်မလဲတဲ့။

ဆရာမကြီးကိုရော ဆရာ့ကိုပါ ကျွန်တော်တို့လေးစား မိကြသည်။

"မောင်မျိုးမင်းဦးကတော့ လူသစ်ဖြစ်ပေမဲ့ အားလုံးနဲ့ ခင်မင်ရင်းနှီးတယ်။ စိတ်ရင်ကောင်းတယ်။ စာလဲကြိုးစားတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးကသဘောကျတယ်။ စောစောက အဖျက်အရှာနိုင်းတာလဲ ဆရာကစမ်းကြည့်လိုက်တာပါ .. ခေါင်းဆောင်လုပ်မဲ့လူဟာ ကိုယ့်အပေါ် ကျလာတဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရမယ်။ ဒါကိုလဲ မောင်မျိုးမင်းဦးက ထမ်းဆောင်နိုင်တယ်။

ဒါကြောင့် .. ဒီနှစ်မှာ ဒီအတန်းရဲ့အတန်းခေါင်းဆောင်အဖြစ် မောင်မျိုးမင်းဦးကို ရွေးချယ်တာဝန်ပေးလိုက်ပါတယ် ...''

ဆရာ့စကားဆုံးသောအခါ ကျွန်တော်တို့ ဝမ်းသာအားရ လက်ခုပ်တီးလိုက်ကြပါသည်။

မျိုးမင်းဦးမှာ ကျွန်တော်တို့အတန်းအတွက် ထိုက်တန်သော အတန်းခေါင်းဆောင်ဖြစ်ပါသည်။

* * *



# အကောင်းဆုံးအလှပြင်နည်း

ယနေ့ဝါဆိုလပြည့်နေ့ဖြစ်သည်။ စမ်းချောင်းမှာနေသော ဆရာမအိမ်မှာ ဝါဆိုသင်္ကန်းကပ်ရှိသည်။ ရီမာတို့ကို ညည့်ခံကျွေးမွေးရေးတာဝန်ယူရမည်ဟု ဆရာမက ပြောထားသည်။

ရီမာကို သူငယ်ချင်းက အလှပြင်ဆိုင်မှာ ဆံပင်ရောမျက်နှာပါအလှပြင်ခဲ့ရန်မှာထားသည်။ သူတို့လည်းပြင်ခဲ့ကြမည်ဟုဆိုသည်။ ဆရာမအိမ်မှာ ဝါဆိုသင်္ကန်းကပ် ကျွေးမွေးညည့်ခံပွဲပြီးလျှင် ရွှေတိဂုံသွားကြမည်။

ရီမာအလှပြင်ချင်သည်။ ဆံပင်ရောမျက်နှာပါပြင်လျှင် နှစ်ထောင်ခန့်ကုန်မည်။ အမေ့ထံမှ ငွေသုံးထောင်တောင်းသည်။ ခရီးစရိတ်နှင့် မုန့်ဖိုးအပါအဝင် တစ်ထောင်ပိုတောင်းသည်။

"ငါ့သမီးရယ် အမေ မုန့်ဟင်းခါးရောင်းရတာ .. အဲဒီလောက် မပေးနိုင်ပါဘူး ... ရော့တစ်ထောင်ပဲယူသွား ..."

www.burmeseclassic.com

www.burmeseclassic.com



အားမွန်စိတ်ပျက်ရသည်။ အမေကမုန့်ဟင်းခါးသည်မဟုတ်ဘဲ စိန်ကုန်သည် ရွှေကုန်သည်။ သူဌေးမကြီးဖြစ်လိုက်ပါတော့လား။ ခုတော့ ငွေလေးသုံးထောင်ပင် လွယ်လွယ်မပေးနိုင်သောဘဝ။

မော်မော်ဦးတို့က အလှပြင်ဆိုင်မှာ မိတ်ကပ်လိမ်းအလှပြင်လာကြမည်။ ဆံပင်ပါပြင်လာကြလိမ့်မည်။ သူတို့က သိပ်လှနေကြလိမ့်မည်။ သွားချင်စိတ်ပင်မရှိ။ သို့သော် ဆရာမက အသေအချာမှာထားသည်။

"ရီမာ ‥ သမီးလာဖြစ်အောင်လာနော် … သမီးတို့က ညှိခံကျွေးမွေးရမှာ …"

မသွားလျှင်မကောင်း၍ ကိုယ့်ဘာသာ အခန်းထဲမှ မှန်ရှေ့မှာအလှပြင်ရသည်။ စိတ်ပါလက်ပါ မရှိသင့်ရုံသာပြင်ဆင်လိုက်သည်။

နင့်မျက်နှာလေးက မိတ်ကပ်လိမ်းလိုက်ရင် အရမ်းလှသွားမှာ … ဒီအတိုင်းတောင်လှနေတာ ‥"

သင်းသင်းစိုး ပြောသည်ကို ကြားယောင်သည်။

"နင့်ဆံပင်ပုံက ရှုံးလွန်းတယ် ‥ ရှေ့ဘက်က နည်းနည်းဖွပြီး နောက်က တစ်ဝက်လောက်ဖြတ်ရင် အရမ်းကြည့်ကောင်းမှာဖြတ်ခဲ့ပါယ် ‥ နော် ‥"

မော်မော်ဦးကတော့ သူပြောသည့်အတိုင်း လုပ်မလာ၍ စိတ်ပျက်နေလိမ့်မည်။



ရီမာပြင်ဆင်ပြီးသည်နှင့် လမ်းထိပ်သို့ထွက်ခဲ့သည် ဘတ်(စ်)ကားမှတ်တိုင်မှာ ကားစောင့်နေသူကအများကြီး တိုးရဦးမည်။

ဘတ်စ်ကားရောက်လာသောအခါ လူကအပြည့်။ ရီမာမနည်း တိုးတက်ရသည်။

ကားပေါ်ရောက်သည်နှင့် တက်နိုင်သမျှ ရှေ့ပိုင်းရောက်အောင်တိုးရသည်။

ကားထွက်လျှင် နောက်သို့ယိုင်သည်။ ကားရပ်လျှင် ရှေ့သို့ယိမ်းသည်။ အပေါ်မှတန်းကို မြဲအောင်ကိုင်ထားရသည်။

စော်ဘွားကြီးကုန်းမှတ်တိုင်ရောက်သောအခါ ဆင်းသူတော်တော်များသည်။ တက်လာကြသူများတွင် ဝဝခန့်ခန့် ဖြူဖြူချောချော အဒေါ်ကြီးတစ်ယောက်ပါဝင်၏။ လက်မှေ့အိတ် အနက်ကြီးက ပြောင်တောက်နေ၏။ လည်ပင်းမှာ ရွှေဆွဲကြိုးအတုတ်ကြီး။ ဆွဲထားသည်။ လက်ကောက်တွေကလည်း အများကြီး။ အဝတ်များကလည်း အကောင်းစားများဖြစ်၏။ မျက်နှာမှာလည်း မိတ်ကပ်များအချယ်အသများနှင့် ကောင်းစွာအလှပြင်ထားသည်။ မျက်ခုံးကိုလည်းဆိုးထားသည်။ နှုတ်ခမ်းကိုလည်းဆိုးထားသည်။ ပြင်ဆင်ထားတော့အသက်ကြီးပေမယ့် လှလိုက်တာ ‥။ အဒေါ်ကြီးကိုလှည့်ကြည့်ပြီး ရီမာသဘောကျနေသည်။ အဒေါ်ကြီးနောက်မှာ (၁၂) နှစ်အရွယ်မိန်းကလေးတစ်ယောက်ရပ်လျက်။ လက်တစ်ဖက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ငါးဆင့်ချိုင့်ကြီးတစ်ချိုင့်ဆွဲ၍ ကျန်လက်တစ်ဖက်ကခြင်းတစ်ခြင်းကို ဆွဲထားသည်။

ဘက်စ်ကားပေါ်လူများက ဖြူဖြူသန့်သန့်ခန့်ခန့်ချောချော အသက်(၅၀) အရွယ် အဒေါ်ကြီးကိုကြည့်ပြီး ဘတ်(စ်)ကားပေါ်မှာ ထိုင်စရာမရှိ ကျပ်ကျပ်တည်းတည်းလိုက်ရသည်ကို အားနာနေကြသည်။

အဒေါ်ကြီးအတွက် အဆင်ပြေပြေ နေရာကျယ်အောင် တတ်နိုင်သမျှ ဘေးကပ်၊ ရှေ့တိုးလုပ်ပေးကြသည်။

အဒေါ်ကြီးက ထိုင်စရာနေရာမရ၍ စိတ်ပျက်သွားဟန်တူသည်။

"အမယ်လေး ‥ ဘတ်စ်ကားများ တစ်ခါမှမစီးဘူးပါဘူး လူတွေကလဲကျပ်လိုက်တာ ‥‥ ချွေးစော်တွေကလဲနံလို့ ‥ စိတ်ပျက်စရာကြီး ‥"

အဒေါ်ကြီးက ရှုံ့ရှုံ့မဲ့မဲ့ပြောသည်။

စောစောကသူ့ကို ကရုဏာသက်ခဲ့ကြသော မျက်နှာများ မကျေနပ်ဟန်ပြောင်းသွားကြသည်ကို သတိထားမိ၍ ရီမာပြုံးချင်စိတ်ဖြစ်မိသည်။

ဒီနေ့မှအိမ်က ကားနှစ်စင်းလုံး မအားဘူး။ အရေးကြီးပါတယ်ဆိုမှ တက်ဆီကလဲတစ်စင်းမှတားမရတာနဲ့ ဆွမ်းကပ်မီအောင်



ဘတ်စ်ကားစီးရတာ ‥ ။

အဒေါ်ကြီးက သူ ဘတ်စ်ကားစီးရသည့်အကြောင်း အများကြားအောင်ရှင်းပြနေသည်။ ပြောပုံလေသံက ထောင်လွှား ဝင့်ကြွားမှုအားလုံး နားကြားပြင်းကပ်နေကြသည်။

မော်တော်ကား မောင်းထွက်လိုက်သောအခါ နောက်မှ မိန်းကလေးရှေ့သို့ယိမ်းထိုးပြီး အဒေါ်ကြီးကို တိုးမိသည်။

'ဟဲ့ ‥ မိချို ဘယ်လိုဖြစ်နေတာလဲ ‥‥'

အဒေါ်ကြီးက မိန်းကလေးကို လှည့်ငေါက်လိုက်သည်။

မိန်းကလေးမှာ လက်နှစ်ဘက်လုံး ခြင်းဆွဲ ချိုင့်ဆွဲထားရသည်။ မယိုင်အောင်ကိုင်ထား၍မရ။

"ကလေးမ ပေး ပေးခြင်းနဲ့ချိုင့်အဒေါ့်ဆီပေးထား ‥"

ထိုင်ခုံမှာ နေရာရထားသော အသားညိုညို ပိန်ပိန်ပါးပါး အဒေါ်ကြီးက မိန်းကလေးကို ကူညီခြင်းဖြစ်သည်။

"ဟဲ့ မိချို ‥ မပေးနဲ့ ကိုယ့်ဘာသာကိုင်ထား ‥"

အဒေါ်ကြီးက ကူညီလိုသော တစ်ဘက်သားကို အားနာခြင်းမရှိ၊ မယုံကြည်ကြောင်း ဖော်ပြလိုက်သည်။ သူကိုယ်တိုင်လည်း ဒုက္ခဖြစ်နေသော မိန်းကလေးထံမှ ဘာတစ်ခုမျှ ကူယူခြင်းမရှိ။

ကူညီသူအဒေါ်ကြီးက ခြင်းနှင့်အိတ်ကို မိန်းကလေးထံပြန်ပေးလိုက်သည်။ ဘတ်စ်ကားပေါ်မှာ စီးနင်းလိုက်ပါလာကြသူများက

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူချောချော အဒေါ်ကြီးကိုမကျေနပ်သောအကြည့် မြှားတန်းများ ပစ်လွှတ်နေကြသည်။

ဆယ်မိုင်ကုန်းမှတ်တိုင်ရောက်သောအခါ တက်လာသူများတွင် ကလေးချီထားသော သားသည်အမေတစ်ယောက် ပါလာသည်။ လက်တစ်ဖက်ကလည်း ခြင်းအစိမ်းလေးဆွဲထားရသေး၏ ကား ထွက်၍ ယိမ်းယိုင်လျှင် ကိုင်စရာလက်အားမရှိ။

ဟဲ့ . ဟိုကလေးအမေ .. လာ .. လာ .. ဒီမှာ ထိုင်''

စောစောက မိန်းကလေးငယ်ကိုကူညီသော ညိုညိုပိန်ပိန် အဒေါ်ကြီးပင် နေရာမှ ထဖယ်ပေးသည်။ ယောက်ျားများ ပါသော်လည်း ဘယ်သူမျှ ထမပေးချင်ကြ။ ခက်ခဲစွာထိုင်ခွင့်ရထားသော ဖင်တစ်နေရာစာ ထိုင်ခွင့်လေးကို နှမြောကြသည်။ ကူညီချင်သည့် စိတ်ထား ကောင်းသောအဒေါ်ကြီးကို ရီမှာ လေးစားစွာ လှမ်းကြည့် လိုက်မိ၏။

သို့သော် ညိုညိုပိန်ပိန် အဒေါ်ကြီးထဖယ်ပေးသောနေရာမှာ ဖြူဖြူချောချောအဒေါ်ကြီးက အလျှင်စလိုထိုင်ချလိုက်၍ အားလုံးအံ့သြကြရသည်။

"အို ... ကျွန်မ မဆင်းသေးပါဘူး .. ဟိုသားသည်အမေကလေးနဲ့မို့ ဖယ်ပေးတာပါ "

နေရာမှထပေးသော ညိုညိုပိန်ပိန်အဒေါ်ကြီးက အတင်းဝင်



ထိုင်သော ဖြူဖြူချောချော အဒေါ်ကြီးကိုပြောသည်။

"လုပ်မနေနဲ့ ဘတ်စ်ကားပေါ်မှာ ဘယ်သူမှ ပိုင်တဲ့နေရာ မရှိဘူး ..။ ဘယ်သူမှလဲ ဘယ်သူ့ကိုမှ လွှဲပေးလို့မရဘူး။ နေရာလွတ်ရင်ထိုင်မှာပဲ .."

"ပေးပေး ကလေးမ ခြင်းပေးထား .."

စိတ်ကောင်းရှိသော အဒေါ်ကြီးက မတ်တတ်ရပ်လျက်မှ ပင် ကလေးအမေလက်မှခြင်းကို ကူယူလိုက်သေးသည်။ ကလေးအမေသည် လွတ်လပ်သွားသော လက်ဖြင့် အပေါ်မှတန်းကို လှမ်းကိုင်လိုက်၏။

"လာ .. လာ ဟိုသားသည်အမေ ဒီမှာလာထိုင် .."

ယောက်ျားတစ်ယောက်က နေရာမှ ထဖယ်ပေးသည်။ ပြောပုံ လေသံက မာ၏။ နေရာဖယ်ပေးရ၍ မဟုတ်။ နေရာလုထိုင်သောအဒေါ်ကြီးကို မကျေနပ်၍ ဖြစ်သည်မှာ သိသာသည်။

ဒေါ်ဖြူကြီးလည်း သိဟန်တူပါသည်။ မျက်နှာကြီးကိုတင်းထား၏။

သားသည်အမေနေရာရသွား၍ ရီမာဝမ်းသာမိသည်။

"အမေ ခြင်းပြန်ပေး .."

သားသည်အမေက ကူညီသူအဒေါ်ကြီးထံမှ ခြင်းပြန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ ‥ လာ ဟိုအမေ ဒီမှာ လာထိုင်။ အမေက စိတ်ရင်းကောင်းတယ် ‥"

လူငယ်တစ်ယောက်က နေရာမှ ထဖယ်ပေးရင် စိတ်ကောင်းရှိခြင်းကိုပါ ခပ်မာမာ ဖော်ကျူးလိုက်သည်။

နေရာလုထိုင်ထားသော အဒေါ်ကြီး၏ မျက်နှာပိုတင်းသွားသည်။

အဒေါ်ကြီးနှစ်ယောက်ကို ရီမှာ နှိုင်းယှဉ်ကြည့်နေမိ၏။ သူရပ်နေသောနေရာမှာ နှစ်ယောက်လုံးနှင့် နီးပါသည်။ နှစ်ယောက်လုံးကောင်းစွာမြင်နေရပါသည်။

အသက်(၅၀) အရွယ်ကျော်အရွယ်များဖြစ်သည်။ ဖြူဖြူသန့်သန့်အဒေါ်ကြီးမှာ ငယ်စဉ်ကတော်တော်ချောလိမ့်မည်။ ယခုပင်လျှင် ချောဆဲ လှဆဲ။ သို့သော် သူ့မျက်နှာမှာ လောဘ၊ ဒေါသ၊ မာနများနှင့် တင်းနေသည်။ မှုလောင်နေသည်။ သူ့မျက်နှာ ပေါ်မှာ မိတ်ကပ်အကောင်းစားကို ညက်ညောလှပစွာလိမ်းထားသည်။ သို့သော်အများအမြင်မှာ တင့်တယ်ခြင်းမရှိ။

နောက်တစ်ယောက်က အသားညိုသည်၊ ပိန်သည်။ မျက်နှာပေါ်မှာ သနပ်ခါးကျဲသာ ခပ်ပါးပါးလိမ်းထားသည်။ သို့သော် စိတ်ထားကောင်းကြောင့် အေးချမ်းနေသည့် အများအမြင်မှာ နှစ်သက်စရာ တင့်တယ်နေပါသည်။



စိတ်ထားမလှသော အဒေါ်ကြီး၏ အကျည်းတန်းပုံနှင့် စိတ်ထားလှသော အဒေါ်ကြီး၏ တင့်တယ်ပုံကို နှိုင်းယှဉ်နားလည်၍ အေးမွန်ဝမ်းသာမိသည်။ သွားရင်းလာရင်းနှင့် အကောင်းဆုံးအလှပြင်နည်းကို တွေ့လိုက်ရခြင်းဖြစ်ပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ပြစ်ဒဏ်

မနေ့က နေ့ခင်းမှာ ကျောင်းအုပ်ဆရာကြီးအသစ် ကျောင်းကိုရောက်လာသည်။ ညနေပိုင်းမှာ ကျောင်းသားများဘောလုံးကန်သည်ကိုဆရာကြီး ကွင်းဘေးမှာရပ်ပြီး ခဏကြည့်သည်။ ဆရာကြီးနှင့်အတူ ဆရာဦးလှဝင်း ဆရာမဒေါ်မြင့်မြေ့ ဒေါ်ခင်စိုးတို့ရှိသည်။

ဆရာကြီးတို့ရှိရာသို့ မြေ့ဦးလှမ်းကြည့်လိုက်သည်။ ဆရာကြီးသူ့ကိုသိစေချင်သည်။ ထူးထူးခြားခြားမှတ်မိစေချင်သည်။

'ဘာလုပ်ရမလဲ . . .'

မြေ့ဦး စဉ်းစားသည်။ ထိုအချိန်တွင် သူ့ထံသို့ဘောလုံးရောက်လာသည်။ မြေ့ဦးစိတ်ကူးရသွားသည်။

ဘောလုံးကိုတစ်ဖက်အသင်း ဘက်သို့မကန်ဘဲ ကိုယ့်ဘက်မှ ဂိုးဆီသို့ဆွဲယူလာသည်။



'ဟေ့ကောင် မြေ့ဦးဘာလုပ်တာလဲကွ ဟေ့ကောင် မလုပ်နဲ့ . . .'

သူ့ဘက်မှလူများအော်ဟစ်ပြောဆိုနေစဉ်မှာပင် မြေ့ဦးကကိုယ့်ဂိုးကိုယ်ကန်သွင်းလိုက်သည်။

ဂိုးသမားလည်း အံ့အားသင့်ပြီး ကြည့်နေသည်။

'ဟာ . . ဒီကောင်ကွာ . .'

ဟေ့ကောင် မင်းဘာလုပ်တာလဲ ထွက်ကွာ မပါနဲ့ . . သွား

သူ့ဘက်မှလူများဝိုင်းဆူကြပြောကြ၍ မြေ့ဦးထွက်လာခဲ့ရသည်။

ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဆရာကြီးကို ဆရာဦးလှဝင်းက ပြောပြနေသည်။ ဝေးလွန်း၍ ဘာပြောမှန်းမသိ။

* * *

ယနေ့တော့ မြေ့ဦး ဆရာကြီးနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရတော့မည်။

ဒုတိယတန်းမှ ခင်ပြည့်ကို မြေ့ဦးဆောင့်တွန်း၍ ဖင်ထိုင်လဲကျသွားသည်။ မြေ့ဦးက တတိယတန်းမှဖြစ်သည်။ တကယ်ဆိုတတိယတန်းဆရာမကို တိုင်သင့်သည်။ သို့သော် ဒုတိယတန်း

www.burmeseclassic.com



ဆရာမဒေါ်ခင်စိုးက ခင်ပြည့်ကိုခေါ်၍ ကျောင်းအုပ်ကြီးရုံးခန်းသို့သွားပြီး ဆရာကြီးကိုတိုင်သည်။

ဌေးဦးနောက်မှလိုက်ခဲ့သည်။ ဆရာကြီးရုံးခန်းနားရောက်သော် ဒေါ်ခင်စိုးအသံကို အပြင်မှကြားရသည်။

"ဒီကောင်လေးက သိပ်ဆိုးတာဆရာကြီး ဒီကျောင်းမှာ သူက လူဆိုးလုပ်နေတာ။ ဘယ်သူ့မှမကြောက်ဘူး။ ကျွန်မတို့ ဆရာ ဆရာမအားလုံး သူ့ကိုမရိုက်ဘူးတဲ့လူမရှိဘူး။ ဘယ်လိုရိုက်ရိုက် ဘယ်တော့မှမကြောက်ဘူး၊ ပြောင်းသွားတဲ့ဆရာကြီးဆိုရင် ရက်ရက်စက်စက်ရိုက်တာ မျက်ရည်တစ်စက်မကျဘူး။ အခုလဲ ဆရာကြီး အသစ်ဆိုပြီးစမ်းတာ သာမန်လောက်ရိုက်ရင်တော့ သူက ကြောက်မှာ မဟုတ်ဘူး။ ဆရာကြီး အစကတည်းကသူ့ကို ဦးကျိုးအောင် ချိုးထားမှရမှာ . . ."

ဆရာမဒေါ်ခင်စိုးက တွန်းတွန်းထိုးထိုး ဦးချိုးနိုင်းနေသည်ကို ကြားရ၏။ ဌေးဦးပြုံးလိုက်သည်။ မဲ့ပြုံး။

သူ့ကို ဆရာကြီးခေါ်နေတယ်လို့ ရုံးခန်း လွှတ်လိုက်ရမှာလား ဆရာကြီး . . .

ဒေါ်ခင်စိုး၏လွှတ်ချင်စိတ်ကိုဖော်ပြနေသော အမေးဖြစ်၏။

'လွှတ်လိုက်ပါ'

ဒေါ်ခင်စိုးနှင့် ခင်ပြည့်ဆရာကြီးရုံးခန်းမှထွက်လာသည်။



အပြင်မှာရပ်နေသော ဌေးဦးကိုတွေ့သည်။

"နင့်ကိုဆရာကြီး ခေါ်ခိုင်းလိုက်တယ်။ ရုံးခန်းထဲမှာ ဆရာကြီးရှိတယ် . . ."

ဒေါ်ခင်စိုးက ပြောပြီးထွက်သွားသည်။

ဌေးဦး ဆရာကြီး ရုံးခန်းထဲဝင်သွားသည်။

"မင်းနာမည်ဌေးဦးလား"

ဆရာကြီးက မေးသည်။

ဌေးဦး ခေါင်းညိတ်ပြသည်။

"ပါးစပ်ကဖြေ . . ."

ဆရာကြီးလေသံကမာသည်။

"ဟုတ်ပါတယ် . . ."

"ဟုတ်ရင် လက်ပိုက်ထား . ."

ဌေးဦး လက်ပိုက်လိုက်သည်။

"မင်း . . ဒုတိယတန်းက မိန်းကလေးကိုတွန်းလားတိုးလား လုပ်တယ်ဆိုတာ ဟုတ်သလား . ."

"ဟုတ်ပါတယ် . ."

ဌေးဦးကမညာ မှန်သည့်အတိုင်းဝန်ခံသည်။

"မင်းဘာလို့ အဲ့ဒီလိုလုပ်ရတာလဲ . ."

"သူက . . အဲ့ဒီအတန်းမှာ ရှိတဲ့ ကျွန်တော့်ညီမလေးကို လုပ်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဆရာမတိုင်ရမှာပေါ့ကွ မင်းဆရာမ တိုင်လား'

'မတိုင်ပါဘူး ..'

'မင်းပြောသလိုဆိုရင် အဲ့ဒီကလေးမရဲ့ အစ်ကိုက စတုတ္ထတန်းမှာ ရှိတယ်ဆိုပါစို့ကွာ။ မင်းထက်လဲအားကြီးတယ်။ မင်းကို ဖင်ထိုင်ကျအောင်တွန်းထိုးမယ်။ မင်းကျေနပ်မလား ..'

'ဒွေးဦးဘာမှမဖြေ'

'မင်းကဒီကျောင်းမှာ လူဆိုးလား ..'

ဆရာကြီးမေးသည်က ပုံမှန်အသံဖြစ်သည်။ ဒွေးဦးဘာမှ မဖြေ။

"လူဆိုး ဆိုတဲ့စကားနဲ့ ကျောင်းသားနဲ့ မလိုက်ဖက်ပါဘူးကွာ .. ငါ့တပည့်ကိုလူကောင်းလူလိမ္မာ၊ ကျောင်းသားကောင်းပဲဖြစ်စေချင်ပါတယ် ..."

ဆရာကြီးက ဒွေးဦးကို လှမ်းကြည့်သည်။ ဒွေးဦးဘာပြန်ပြောရမှန်းမသိ။ သို့သော် 'ငါ့တပည့်' ဟုပြောသည်ကိုတော့ သဘောကျ သိလိုခံစားရသည်။ အရင်ကသူ့ကို ဘယ်သူမှ ငါ့တပည့် ဟု မခေါ်ဘူးပါ။

"လူကောင်းလူလိမ္မာ မဖြစ်ချင်ဘူးလား .."

ဒွေးဦးကိုကြည့်၍ ဆရာကြီး၏ အမေး

"ဖြစ်ချင်ပါတယ် ..."



"ကျောင်းသားကောင်းတစ်ယောက်ရော မဖြစ်ချင်ဘူးလား"

'ဖြစ်ချင်ပါတယ် ..'

ဆရာကြီးက စားပွဲပေါ်မှာ အသင့်ရှိနေသော ကြိမ်လုံးရှည်ကြီးကိုလှမ်းကြည့်လိုက်သည်။

ဤကလေးသည် အကြိမ်ပေါင်းများစွာ အရိုက်ခံရပြီးပြီ။ အရိုက်ခံရမည်ကို ကြောက်ဟန်မတူ။ ကျောင်းသားဆိုးဖြစ်ရသည်ကို ဂုဏ်ယူနေဟန်တူပါသည်။ မနေ့ကညနေသောလုံးပွဲမှာပင် ဤကလေးကိုသတိထားမိခဲ့သည်။ တိုင်သောဆရာမကလည်း ယခင်ဆရာကြီးထက်ပိုပြီး လက်သံပြောင်မှ ကျေနပ်မည့်သဘော။

'ငါ .. ဘယ်လိုလုပ်ရမလဲ ..'

ဆရာကြီး စဉ်းစားသည်။

'ကဲကြာပါတယ်ကွာ .. မင်းမှာအပြစ်ရှိသလားပြော'

ဆရာကြီး မေးပုံက အသံပြတ်နှင့်ဖြစ်သည်။

ဆရာကြီးကို ဒွေးဦးလှမ်းကြည့်လိုက်သည်။

"ပြောလေ ..."

"ဟုတ်ကဲ့ .. ရှိပါတယ် .."

ဒွေးဦး ဝန်ခံလိုက်သည်။

"အပြစ်ရှိတယ်ဆိုရင်တော့ အပြစ်ပေးရမှာပေါ့ကွာ .."

ဆရာကြီးက စားပွဲပေါ်မှ ကြိမ်လုံးရှည်ကြီးကို ကောက်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ထလိုက်သည်။ အရိုက်ခံရတော့မည်ဟု ဌေးဦးနားလည်လိုက်သည်။ ဆရာကြီးက အရပ်ရှည်သည့် အရွယ်ကလည်း အရွယ်ကောင်း၊ ခွန်အားလည်းကောင်းပုံရသည်။ ယခင်ဆရာကြီး ထက်ပင်ပိုပြီး ရိုက်ချက်လက်သံပြောင်လိမ့်မည်ဟု ဌေးဦးမျှော်လင့်ထားလိုက်သည်။

"ဆရာပေးတဲ့ ပြစ်ဒဏ်ခံမလား"

ဆရာကြီး၏ အမေးကိုဌေးဦးမဖြေဘဲနေလိုက်သည်။ ဖြေရန် မလိုဟုထင်သောကြောင့်ဖြစ်သည်။

'ပြောလေ ဆရာပေးတဲ့ ပြစ်ဒဏ်ခံမလား ..'

ဆရာကြီး စိတ်မရှည်ဖြစ်သွားဟန်တူပါသည်။ မေးသည့် လေသံကမာသည်။

'ခံပါမယ် ..'

ဌေးဦးမဖြေချင်သော်လည်း ဖြေလိုက်ပါသည်။

'အဲဒီနေရာက ထွက်လိုက်။ ဒီဘက်ကိုလာ ...'

ဆရာကြီးက သူ့လက်မှ ကြိမ်လုံးရှည်နှင့် စားပွဲဘေး နေရာလွတ်သို့ ညွှန်ပြသည်။ ဌေးဦးနားလည်လိုက်ပါပြီ။ စားပွဲဘေးမှ ကွက်လပ်ကျယ်မှာ အားပါးတရ ရိုက်တော့မည်ဟူ၍

ဆရာကြီးညွှန်ပြရာ စားပွဲဘေးသို့ ဌေးဦးသွားပါသည်။ ဆရာကြီးအသစ်၏ လက်ရာကို မမှန်းဆနိုင်သေး၍ ရင်ထဲမှာ



တုန်လှုပ်လျက် –

ဌေးဦးကရပ်မိသည်နှင့် အရိုက်ခံရန်အသင့်အနေအထားဖြင့် အံကိုတင်းတင်းကျိတ်လိုက်သည်။ လက်ကိုတင်းတင်းပိုက်လိုက်သည်။ တကိုယ်လုံးမှအကြောအချင်များကိုလည်း အားတင်းထားလိုက်သည်။ သူ့အတွေ့အကြုံအရ ဤသို့ တင်းတောင့်ထားလျှင် အသားပေါ်ကျလာသော တုတ်ချက်ကိုခံနိုင်သည်။

ဆရာကြီးက တုတ်ကိုကိုင်လျက် ဌေးဦးဘေးသို့လျှောက်လာသည်။

"မောင်ဌေးဦးကို ဆရာဘယ်လိုအပြစ်ပေးမလဲဆိုရင် ဟိုမှာကြည့် ..."

ဆရာကြီးက သူ့လက်ထဲမှ ကြိမ်လုံးဖြင့်ပြတင်းပေါက်အပြင် သို့ညွှန်ပြသည်။

"ဟိုစက္ကူစုတ်အဖြူလေးနေရာ ဗန်ဒါ (တခံ) ပင်လေး တစ်ပင်စိုက်ပေးပါ။ မနက်နေပူရင် ဆရာကြီးအခန်းကပူနေတယ်။ အဲဒီအပင်ကိုမြန်မြန်ရှင်အောင်စိုက်၊ ရှင်အောင်ရေလောင်း။ အဲ့ဒါမင်းကိုဆရာကြီးပေးတဲ့အပြစ်ဒဏ်ပဲ။ ဆရာကြီး ရုံးခန်းအရိပ်ရအောင် သစ်ပင်လေးစိုက်ပေး ..."

ဌေးဦးဘယ်လိုမှ မျှော်လင့်မထားသော အပြစ်ပေးခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုလဲ စိုက်ပေးနိုင်မလား . . .”

ဆရာကြီးက မေးသည်။

“ပေးနိုင်ပါတယ် ဆရာကြီး . . .”

ဒွေးဦး ဝမ်းသာအားရဖြေသည်။

× × × × ×

ဟာဒ်ပင်မှာ ငါးပေခန့်ရှိ၍ ဒွေးဦးအရပ်ထက်ပင်မြင့်သည်။ ဆရာကြီးရုံးခန်းအရိပ်မြန်မြန်ရစေချင်၍ တတ်နိုင်သမျှ ကြီးသော အပင်ကို လိုက်ရှာခြင်းဖြစ်သည်။ ဖေကြီး၏ ခြံထဲမှရခြင်းဖြစ်သည်။ ဆရာကြီးအပြစ်ပေးပုံကို ပြောသောအခါ အဖေကြီး သဘောကျ၍ သူကိုယ်တိုင် အမြစ်များပါအောင် ဂရုတစိုက်တူးပေးသည်။ မြေးအဖိုး နှစ်ယောက် ညနေပိုင်းနေအေးချိန်တွင် ဆရာကြီးပြသောနေရာလေးမှာ ဟာဒ်ပင်လေးကို ကျင်းတူးစိုက်ပျိုးကြသည်။ မြေဆွေးထည့်သည်။ ရေလောင်းသည်။

နောက်တစ်နေ့မနက် ဆရာကြီးကျောင်းလာသောအခါ သူပြသောနေရာမှာ စိမ်းစိုရှင်သန်နေသော ဟာဒ်ပင်လေးကိုတွေ့ရသည်။

ဟာဒ်ပင်လေးက ဆရာကြီး မျှော်မှန်းထားသည်ထက်ပို၍ အရွယ်ကြီးနေသည်။ ဘေးမှာ ဝါးခြမ်းကလေးများ ပတ်လည်ရံ၍ ခြံခတ်ထားသည်။ ခွင့်ဝတ်ကြေးမဟုတ် အသေအချာလုပ်ထား၍ ဆရာကြီးအံ့သြနေသည်။



ဆရာကြီးက ကျောင်းသားတစ်ယောက်ကို ဒွေးဦး ခေါ်လာရန်ပြောသည်။ မကြာမီပင် ဆရာကြီး၏ ရုံးခန်းသို့ ဒွေးဦး ရောက်လာသည်။

“မောင်ဒွေးဦး ဒီအပင်ကိုပင်သုမနက်စိုက်လိုက်တာလား . . .”

“မဟုတ်ပါဘူး ဆရာကြီး မနေ့ညနေက စိုက်တာပါ . . .”

ဆရာက ဒီလောက်အပင်ကြီးကြီးရဖို့ မမျှော်လင့်ပါဘူးကွာ မင်းအပင်က ဆရာထင်တာထက်ပိုကြီးနေတယ် . .”

“ဆရာကြီး ရုံးခန်းအရိပ်မြန်မြန်ရစေချင်လို့ပါ . . .”

ဒွေးဦးဖြေပုံက ရိုးရိုးလေးဖြစ်၏။ သို့သော် သူ့စိတ်ထားကို ဖော်ပြနေသည်။

ဆရာကြီးက ဟာဒ်ပင်လေးဆီသို့ လှမ်းကြည့်ရင်းမှ –

“မင်းလုပ်ထားတာက ပေးတဲ့အပြစ်ဒဏ်ကို တာဝန်ကျေ ဆိုတာမျိုးမဟုတ်ဘူးကွ စေတနာပါတယ်။ မင်းဟာလူဆိုးမဟုတ်ရုံ မကဘူးကွ၊ လူကောင်း လူလိမ္မာကျောင်းသားကောင်းဖြစ်သွားပြီ” ဟု ပြောလိုက်သည်။

ဆရာကြီး၏ ချီးကျူးစကားသည် ဒွေးဦးရင်မှာ ထူးခြား စွာခံစားရသည်။ ယခင်က ဤသို့ချီးကျူးသည်ကို တစ်ခါမျှမခံခဲ့ရ။ အဆူအပြော အမာန်အငေါက် အမျိုးမျိုးသာ ခံနေရသည်။

ဆရာကြီးက တပည့်ဖြစ်သူ ဒွေးဦးအနီးသို့လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့တပည့်အတွက် ဆရာဝမ်းသာဂုဏ်ယူပါတယ်။ ငါ့တပည့်က ဆရာထင်တာထက် ပိုပြီး လိမ်မာလွယ်တဲ့ကလေးပဲ။ ဆရာကြီး တစ်ယောက်ထဲမဟုတ်ဘူး။ ကျန်တဲ့ဆရာ၊ ဆရာမတွေပါ ငါ့တပည့်ကိုချစ်ခင်လာကြအောင် လိမ္မာတဲ့ကျောင်းသား . . . ဖြစ်လိုက်စမ်းပါ"

ဆရာကြီးက တိုက်တွန်းစကားပြောရင်း ဧသွေးဦး၏ခေါင်းကို သွယ်လက်ဖြင့်ညင်သာစွာပွတ်သပ်ပေးလိုက်သည်။ ဆရာကြီး၏ မေတ္တာစကားနှင့်ကြင်နာသော အပြုအမူကြောင့် ဧသွေးဦးရင်မှာကြည်နူးစွာခံစားရခြင်းနှင့်အတူ မျက်လုံးအိမ်မှာ မျက်ရည်များ အလိုလိုရစ်ဝဲလာကြ၏ ဧသွေးဦးဆုံးဖြတ်လိုက်ပါသည်။

"ဆရာကြီးဖြစ်စေချင်သလို၊ ဆရာ ဆရာမအားလုံး ချစ်ခင်အောင် လိမ်မာတဲ့ကျောင်းသားတစ်ယောက်ဖြစ်စေရမည်" ဟူ၍။

* * *



# ငါ့အထက်မှာ မင်းရှိပါ

သူ့နာမည်က ထက်မြက်အောင် . . .

သူ့မိဘတွေက ချစ်လွန်းလို့ ဖြစ်စေချင်လွန်းလို့ အကောင်းတွေချည်းပေါင်းစုံထားတဲ့နာမည်။

ထက်မြက်အောင်ကလည်း မိဘတွေရဲ့ဆန္ဒနဲ့အညီ အကျိုးပေးကောင်းတယ်။ ဖြူဖြူသန့်သန့် ရုပ်ချောသလောက် ဉာဏ်ထက်တယ်။ ငယ်ငယ်ကတည်းက အတန်းတိုင်းမှာ ပထမ။

သူ့ပတ်ဝန်းကျင်မှာ သူ့ကိုချစ်သူ ခင်သူတွေလည်းပေါတယ်။ သူကလည်း လူတိုင်းနဲ့ ရင်းရင်းနှီးနှီး နေတတ်တယ်။

ကျွန်တော်နဲ့ သိကျွမ်းတာက ငါးတန်းရောက်မှ။

ကျွန်တော် ရပ်ကွက် မူလတန်းကျောင်းမှာ လေးတန်းအောင်ပြီး မင်္ဂလာဒုံ အ.ထ.က(၁)ကျောင်းကို ပြောင်းရတယ်။

ထက်မြက်အောင်က အ.ထ.က(၁)မှာပဲ လေးတန်းအောင်ပြီး ငါးတန်းတက်ရတာ။ ငါးတန်းအေမှာ မော်နီတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထိုင်ရတာက (၄)ယောက်ထိုင်ခုံမှာ (၅)ယောက်ဖြစ်နေလို့ ကျဉ်းကျပ်ရတဲ့အထဲ ကျောင်းခံဖြစ်တဲ့ ချစ်မောင်က ကျယ်တယ်။ ကျွန်တော့်ကို အနိုင်ကျင့်တယ်ဆိုပြီး ချစ်မောင်က ကျွန်တော့်ကို ဘေးချင်းတိုက်ချလိုက်တယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော် ခုံပေါ်က ပြုတ်ကျသွားတယ်။

ချစ်မောင်က အားမရသေးဘူး။ ကျွန်တော့်လွယ်အိတ်ကိုပါ စာရေးခုံပေါ်ကနေ တွန်းချပစ်လိုက်တယ်။

ထက်မြက်အောင် ရောက်လာတယ်။

"ဘာဖြစ်တာလဲ . . ."

ချစ်မောင်ကိုမေးတယ်။

"ငါးယောက်ထိုင်လို့မရဘူးကွ။ ကျပ်ရတဲ့အထဲ ဒီကောင်က ငါ့ဘက်တိုးနေလို့ . . ."

"ဒါမင်းအိမ်လဲမဟုတ်ဘူး။ ငါ့အိမ်လဲမဟုတ်ဘူး။ ပညာသင်ဖို့လာတဲ့ကျောင်းသားချင်း မင်းအနိုင်ကျင့်တာ မကောင်းဘူး။ လာ . . . သူငယ်ချင်း . . . ငါတို့ခုံမှာထိုင်လှည့် . . ."

ထက်မြက်အောင်က ကျွန်တော့်လွယ်အိတ်ကို ကောက်ယူပြီး သူ့ခုံကို ခေါ်သွားတယ်။ သူ့ထိုင်ခုံမှာလည်း (၄)ယောက်ရှိပြီးသား။ ကျွန်တော်နဲ့ဆိုတော့ ငါးယောက်ဖြစ်သွားတယ်။ သူ့ဘေးမှာ ကျွန်တော် ထိုင်ရတယ်။ ဒါပေမဲ့ ကျွန်တော်က အတွင်းမှာ သူက



ခုံရဲ့အစွန်ဘက်မှာ။

ကျွန်တော် ကျုံ့ကျုံ့လေးထိုင်သလို သူကလည်း ကျုံ့ကျုံ့လေးထိုင်တယ်။ နှစ်ယောက်လုံးအတွက် နေရာကျယ်သွားပါတယ်။

သူတို့ကျောင်းက အတန်းတက်လာသူအားလုံး ထက်မြက်အောင်ကို ကိုထက်ခေါ်ကြလို့ ကျွန်တော်လဲ ကိုထက်လို့ပဲ ခေါ်ပါတယ်။

ကိုထက်က အ.လ.က(၁)မှာ ကျွန်တော်နဲ့ ပထမဆုံး ခင်မင်ရသူ။ ကျွန်တော့်အခက်အခဲကို ကူညီသူ။

ကျွန်တော် ရပ်ကွက်မူလတန်းကျောင်းမှာနေစဉ်က အတန်းတိုင်း စာမေးပွဲတိုင်းမှာ ပထမရခဲ့တယ်။ အခု အလယ်တန်းကျောင်းမှာလဲ အတန်းတိုင်း စာမေးပွဲတိုင်း ပထမရချင်တယ်။ ကျွန်တော် ကြိုးစားပါတယ်။ ပထမဆုံး လပတ်စာမေးပွဲစစ်တဲ့အခါ ကျွန်တော် ဘာသာစုံအောင်ပါတယ်။ ဒါပေမဲ့ အဆင့်က ဆယ့်ငါး။ ကိုထက်က ပထမ။

အလယ်တန်းကျောင်းက ဆရာ၊ ဆရာမများ မတရားလို့ မဟုတ်ပါဘူး။ အဖြေလွှာတွေကို အမှတ်နဲ့တကွ ပြန်ပေးပါတယ်။ ကိုထက်ရဲ့အဖြေလွှာနဲ့ ကျွန်တော့်အဖြေလွှာ တိုက်ကြည့်တဲ့အခါ ဘာမှ မဆိုင်ပါဘူး။ သိပ်ကွာပါတယ်။ လက်ရေးချင်း သပ်ရပ်မှုချင်း တခြားစီပဲ။ ပြည့်စုံတာလဲ သူကပဲသာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲဖြေတာ မင်း လက်ရေး ဒီလိုလှအောင်ရေးနိုင်တယ်။ ဟုတ်လား"

ကျွန်တော်က တအံ့အသြမေးမိတယ်။

"ရေးနိုင်တာပေါ့။ ငါတစ်ယောက်တည်းမဟုတ်ဘူး။ ဆရာမ ဒေါ်တင်ကြည်ရဲ့ လက်ထွက်အားလုံး ငါ့လိုပဲရေးနိုင်တယ်။ သင်္ချာတွက်ရင်လည်း ရှင်းသန့်နေရတယ်။ စာပြည့်စုံအောင် ရေးရတယ်။ ဆရာမက သိပ်စနစ်ကျတာ။ ဖြစ်ကတတ်ဆန်း လုပ်လို့ကတော့ ပေတံစာမိပြီသာမှတ်။ "ဟော့ ‥ အေးအေးမြင့်နဲ့ သန္တာအောင်နင်တို့ အဖြေလွှာတွေခဏပြစမ်း"

ကိုထက်က ကျွန်တော့်ကိုရှင်းပြရင်း ရှေ့ခုံမှ မိန်းကလေးနှစ်ယောက်ရဲ့ အဖြေလွှာကို လှမ်းတောင်းလိုက်တယ်။"

"ကဲ … ဒီမှာကြည့်"

ဟုတ်ပါတယ်။ သူတို့ရဲ့လက်ရေးတွေကလဲ ကိုထက်ရဲ့ လက်ရေးလိုပဲ သန့်ရှင်းလှပတယ်။ စာတွေရေးထားတာလဲ သိပ်ပြည့်စုံတာပဲ။ ကျွန်တော့်အဖြေလွှာနဲ့ တခြားစီ။

ကိုထက်တို့ကျောင်းရဲ့ထုံးစံက သူငယ်တန်းသင်တဲ့ဆရာ၊ ဆရာမက အဲဒီကလေးတွေ အတန်းတက်သွားရင် ဆရာ၊ ဆရာမပါ လိုက်တက်သွားပြီး သင်ရတယ်။ လေးတန်းအထိပေါ့။ သူ့တပည့်တွေ လေးတန်းအောင်သွားမှ သူက သူငယ်တန်းက ပြန်စတယ်။



ကိုထက်က သူတို့ဆရာမ ဒေါ်တင်ကြည် သိပ်တော်ကြောင်း ရှင်းပြတယ်။

သူတို့က တကယ့်ဆရာမကောင်းနှင့် ငါးနှစ်သင်ပြီး အခြေခံကောင်းခဲ့တာပါလားလို့ ကျွန်တော်နားလည်မိပါတယ်။

"ဒီကျောင်းမှာ ငါတိုးနိုင်ဖို့ အလွယ်တူးကွာ"

ကျွန်တော် စိတ်အားပျက်မိတယ်။

"ဘာလို့ မတိုးနိုင်ရမှာလဲကွ။ အရင်ဆုံး မင်းလက်ရေးတွေကို လှအောင် ပြင်ရမယ်"

ကိုထက်က အကြံကောင်းပေးပါတယ်။

"ပြင်လို့ရပါ့မလားကွာ‥"

"ဟ … ရတာပေါ့ကွ။ ဘာလို့မရမှာလဲ"

× × × × ×

ညနေအိပ်ပြန်ရောက်တော့ ပညာရေးအစီရင်ခံစာ ကတ်ပြား အဖေ့ကိုပြတယ်။ အဖေက ကျွန်တော့်ရဲ့ ဘာသာရပ်အလိုက် ရမှတ်တွေကိုကြည့်ပြီး သဘောကျနေတယ်။ အဆင့်(၁၅)ဆိုတာ တွေ့တော့ အဖေ အံ့သြသွားတယ်။

"ငါ့သားရာ … အဆင့်ငါးအတွင်းမှာ မဝင်ရင်တောင် တစ်ဆယ်အတွင်းတော့ ဝင်သင့်ပါတယ်။ ဘယ်လိုဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုထက်အဖြေလွှာတွေကို အဖေ့ကိုပြလိုက်တယ်။

အဖေခေါင်းညိတ်ပြပါတယ်။ နားလည်သွားတဲ့သဘော။

ကိုထက်ပြောတဲ့ ဆရာမဒေါ်တင်ကြည်အကြောင်းကိုလည်း ပြောပြတယ်။ ကျွန်တော် စိတ်အားပျက်သွားတော့ ကိုထက်ပြောတဲ့ အားပေးစကားကိုလည်း ပြန်ပြောပြတယ်။

"သား သူငယ်ချင်းပြောတာ မှန်တာပေါ့။ ကြိုးစားပြီးယှဉ်ပြိုင်ရမှာပေါ့။ အရင်ဆုံး ငါ့သားလက်ရေးကို သူတို့လိုကောင်းအောင် ကြိုးစားပြီး ပြင်ရမယ်။"

အဖေက အားပေးတယ်။

ကိုထက်လက်ရေးလိုလှအောင် ကျွန်တော်ကြိုးစားရေးတယ်။ သုံးလလောက်ကြာတော့ လက်ရေး အတော်ကောင်းလာတယ်။

"မင်းလက်ရေးတွေ ငါတို့လိုလှလာပြီကွ"

ကိုထက်က ချီးကျူးတယ်။

"ဒါပေမဲ့ ငါက အသေအချာလှအောင် ကြိုးစားရေးနေရတာကွ။ ဆရာမပေါ်ပေးတဲ့စာကို မီအောင်လိုက်ရေးရင်တော့ မင်းတို့လို မလှတော့ဘူး။"

ကျွန်တော်က စိတ်ပျက်စကားပြောမိတယ်။

"နောက်တော့ ရလာမှာပေါ့ကွ။ မင်းက အခုမှ ကျင့်စရှိ



သေးတာပဲ။ ငါတို့က နှစ်တွေအများကြီးလေ့ကျင့်ခဲ့ရတာ။ တစ်နှစ်လောက်ကြာရင် မင်းလဲ တို့လိုဖြစ်လာမှာပါ. . ."

ကိုထက်က အားပေးပါတယ်။

အဲဒီနှစ်က ကျွန်တော်အဆင့်(၁၀)အတွင်း လုံးဝမဝင်နိုင်ခဲ့ပါဘူး။ ခြောက်တန်းနှစ်ရောက်တော့ ကျွန်တော့်လက်ရေးတွေ ကျင့်သားရလာပြီ။ အမြန်ရေးရင်လဲ လှနေပြီ။ ကိုထက်နဲ့အတူတွဲပြီး စာကျက်ရတာလဲ ပျော်စရာ။ စိတ်ဝင်စားစရာကောင်းပါတယ်။ သိသာအောင်လည်း တိုးတက်တယ်။

ကျွန်တော့်အိမ်ဟာ ကိုထက်ရဲ့ စားအိမ်၊ သောက်အိမ်၊ စာကျက်အိမ်။ ကိုထက်အိမ်ကလဲ ကျွန်တော့်ရဲ့ စားအိမ် သောက်အိမ် သင်္ချာတွက်အိမ်။

ခြောက်တန်းနှစ်ကျတော့ ကျွန်တော်အဆင့်(၇)အထိ အမြင့်ဆုံးရောက်လာတယ်။ ကိုထက်ကတော့ ပထမပါပဲ။

ခုနစ်တန်းနှစ်ကျတော့ အဆင့်(၄)အထိရလာတယ်။ ကိုထက်က ဆက်ကြိုးစားဖို့ အားပေးတယ်။ သင်္ချာတွက်တာကိုလဲ သင်ပေးတယ်။ စာကျက်နည်း၊ စာရေးနည်းကစပြီး သင်ပေးတယ်။ သူငယ်ချင်းကောင်းရဲ့ကျေးဇူးကြောင့် ကျွန်တော် ရှစ်တန်းနှစ်ကျတော့ အဆင့်(၂)အထိ ရပါတယ်။ အဆင့်(၁)ကတော့ ကိုထက်ပါပဲ။

ရှစ်တန်းအစိုးရစစ်စာမေးပွဲမှာ ကိုထက်ရော ကျွန်တော်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာစုံဂုဏ်ထူးထွက်ကြတယ်။ ဒါပေမဲ့ ကိုထက်ကတော့ တစ်မြို့နယ်လုံးမှာ ပထမ။ သူ့ကိုတော့ ကျွန်တော် ဘယ်လိုမှ လိုက်မမီဘူး။ ဒါပေမဲ့ အဲဒီလိုလိုက်မမီတာကိုပဲ ကျွန်တော်ကျေနပ်ပါတယ်။ ဉာဏ်ကောင်းရုံ စာကြိုးစားရုံတင်မကဘူး။ စိတ်ထားပါကောင်းတဲ့ ကိုထက် ဒ် ထိပ်ဆုံးမှာပဲ ရှိစေချင်ပါတယ်။

ရှစ်တန်းအောင်ပြီးတော့ ကိုထက်ရော ကျွန်တော်ပါ အထက (၂)ကို ပြောင်းရတယ်။ ဒီကျောင်းမှာ စာအတော်ဆုံးများ အေတန်းမှာ သီးခြားစုထားတာမရှိဘူး။ အဲဒီလိုထားရင် ဆရာ၊ ဆရာမများက အေတန်းကိုပဲ ဂရုစိုက်သင်ကြမယ်၊ ကျန်အတန်းတွေကို အရေးမကြီးဘူးလို့ ပေါ့ပေါ့သဘောထားမှာစိုးတယ်။ အတန်းတိုင်းမှာ စာတော်သူတွေရှိတဲ့အတွက် ကျန်တဲ့ကျောင်းသားတွေအားကျမယ်၊ စာတော်သူကလဲ စာညံ့သူတွေကို ကူညီနိုင်မယ်လို့ ဆရာကြီးက ယူဆတယ်။

တစ်ကျောင်း တစ်ဂါ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ သူ့အယူအဆနဲ့ သူတော့ အကြောင်းကျိုး ညီပါတယ်။

ဆရာကြီးက စာတော်သူတွေကို ခွဲပြီး အတန်းတွေကို မျှပေးလို့ ကိုထက်နဲ့ကျွန်တော် အတန်းကွဲသွားတယ်။

ဒီ ကိုးတန်းနှစ်မှာ ကိုထက်ရဲ့ဘဝ တစ်ချိုးတစ်ဆစ် ပြောင်းလဲသွားတယ်။ ကျွန်တော်သူငယ်ချင်းအသစ်များ ပေါင်းရသလို ကိုထက်လဲ သူငယ်ချင်းအသစ်များနဲ့ တြုံရတယ်။



အတန်းကွဲသွားပေမယ့် စာအတူကျက်တာကိုတော့ ကျွန်တော်တို့နှစ်ယောက် အတွဲမပျက်ပါဘူး။ ကိုထက်အိမ်မှာ ကျွန်တော် စာသွားကျက်တယ်။ တစ်ညမှာ ကိုထက် အတတ်တစ်မျိုး ဆန်းလာတာ ကျွန်တော်အံ့ဩရမိတယ်။ ရွှေဝါရောင်တောက်ပတဲ့ စီးကရက်ဘူးလှလှလေးကို သူ့ဗီရိုထဲက ထုတ်ယူလိုက်တယ်။ တစ်အိမ်လုံး အိပ်နေကြပြီ။ ကိုထက်အခန်းမှာ ကိုထက်နဲ့ကျွန်တော် နှစ်ယောက်ထဲ ရှိတယ်။

ကိုထက်က စီးကရက်ဘူးလေးဖွင့်လိုက်တယ်။ အထဲမှာ ဖြူဖြူဖွေးဖွေး စီးကရက်လေးတွေအပြည့်။

''ကိုထက် မင်း ... ဒါ ဘယ်ကရတာလဲ''

ကျွန်တော် စိုးရိမ်စိတ်နဲ့ မေးမိတယ်။ သူကတော့ အေးအေးဆေးဆေးပါပဲ။

''ငါ့အဖေစီးရက်ဘူးတွေထဲက တစ်ဘူးကို အဖေမသိအောင် ယူထားတာကွ''

ကိုထက်အဖေက အရာရှိကြီးတစ်ယောက်။ စီးကရက်အကောင်းဆုံးတွေ သောက်တယ်။ ဘူးပြားလေးတွေက ရွှေရောင်လှလှလေးတွေ။

ကိုထက်အဖေ အနံ့ကယ်မျိုးအောင်က စီးကရက် သိပ်ကြိုက်တယ်။ အမြဲလိုလို စီးကရက်သောက်နေတာပဲ တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေ စီးကရက်သောက်တာ သိပ်စတိုင်ကျတာပဲကွ။ အဖေစီးရက်သောက်တာကိုကြည့်ပြီး ငါတောင်သောက်ချင်စိတ်ဖြစ်လာတယ်"

"ကိုထက်က ရွှေရောင်ဘူးပြားထဲက စီးကရက်ဖြူဖြူလေးကို စတိုင်ပါပါထုတ်ယူပြီး နီညိုရောင်မီးခြစ်လှလှလေးကို ထောက်ကနဲ အသံမြည်အောင်နှိပ်ပြီး မီးညှိဖွာရှိုက်နေတယ်။

ကိုထက်ကတော့ သူ့အဖေအတုခိုးပြီး စတိုင်ပါပါ လုပ်နေတာပါပဲ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ကျွန်တော့်မျက်စိထဲမှာတော့ တီဗွီမှာကြည့်ဘူးတဲ့အတိုင်း ဘိန်းဖြူပါစီးကရက်ကို သောက်နေတဲ့ လူငယ်တစ်ယောက်။ ကြည့်နေရင်းက အရိုးခေါင်းကြီး စီးကရက်သောက်နေပုံ ပြောင်းသွားတာကို မြင်ယောင်နေတယ်။

ကိုထက် အဲဒီလောက်ထိမိုက်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်ယုံပါတယ်။ ဒါပေမဲ့ ကိုထက်ကို စီးကရက်မသောက်စေချင်ဘူး။ ဆေးလိပ်သောက်တာ၊ စီးကရက်သောက်တာ ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း ဘိန်းဖြူအစ ဆေးလိပ်ကမို့ ဆေးလိပ်လုံးဝ မသောက်ကြဖို့ ကျောင်းဟောပြောပွဲမှာ ပုံများနဲ့တကွ ရှင်းပြသွားတာကို သတိရမိတယ်။

သူဟာ ကျွန်တော့်ပညာရေးတိုးတက်ကောင်းမွန်အောင် ကူညီခဲ့တဲ့ သူငယ်ချင်းကောင်းဖြစ်တယ်။ ကျွန်တော် အချစ်ဆုံး



သူငယ်ချင်းလဲ ဖြစ်တယ်။ သူပျက်စီးသွားမှာကို ကျွန်တော် စိုးရိမ်တယ်။

"ကိုထက် .... စီးကရက်မသောက်ပါနဲ့ကွာ ..."

ကျွန်တော်က စိတ်မကောင်းတဲ့လေသံနဲ့ တောင်းတောင်းပန်ပန်ပြောတာပါ ...။

"ဘာမှပြဿနာမရှိပါဘူး ... ငါ့အဖေလဲသောက်နေတာ မင်းမြင်တဲ့အတိုင်းပဲ ဘာမှမဖြစ်ပါဘူး။ ငါ့အဖေရဲ့ တပည့်တွေတောင် ငါ့အဖေစီးကရက်သောက်တာ စတိုင်ကျလို့ လိုက်အတုခိုးနေကြတာ"

ကိုထက် မျက်နှာက ပြုံးလို့ ...။ မြူးမြူးကြွကြွနဲ့၊ စီးကရက်မီးခိုးတွေကို ဟန်ပါပါ မှုတ်ထုတ်နေတယ်။

"ဘိန်းဖြူအစ ဆေးလိပ်ကတဲ့ ... ကိုထက် အဲဒီလို မဖြစ်နိုင်မှန်း သိပေမယ့် စီးကရက်သောက်ရင်း ဆေးလိပ်သောက်တဲ့သူတွေနဲ့ အပေါင်းအသင်းဖြစ်ပြီး မှားမှာစိုးလို့ပါ ..."

"မစိုးရိမ်ပါနဲ့ကွာ ... ဘာမှမဖြစ်ပါဘူး ..." အပေါင်းအသင်းဆိုတာလဲ ဘယ်သူမဆို သူ့နေရာနဲ့သူ အသုံးကျတာတွေ အများကြီးပါပဲ။ စီးကရက်သောက်ရုံနဲ့လဲ ဘိန်းဖြူသမား မဖြစ်နိုင်ပါဘူး။"

အဲဒီညက ကျွန်တော်တို့နှစ်ယောက် ဆေးလိပ်ကိစ္စ အငြင်းပွားနေရတာနဲ့ စာကောင်းကောင်းမကျက်ဖြစ်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်လဲ ကျွန်တော် သူ့ကို ဆေးလိပ်မသောက်ဖို့ သုံးခါပြောပါသေးတယ်။ သူ နားမထောင်ပါဘူး။ သူ့အဖေကိုယ်တိုင်က သူ့ရှေ့မှာ စတိုင်ကျကျ သောက်ပြနေတော့ ပြောရခက်တာပေါ့ . . . .။ ကိုထက်က လူတော်တစ်ယောက်ဆိုတော့ သူ့ကိုယ်သူလဲ သိပ်ယုံကြည်ပုံရပါတယ်။ ကျွန်တော့်ကိုတော့ သူ့ကိုယုံယုံကြည်ကြည် မရှိဘူးလို့ သဘောထားသလား မသိပါဘူး။ ခပ်ခွာခွာ ဖြစ်လာတယ်။ အောင်မြင့်တို့ ကျော်တင့်တို့နဲ့ ပိုပြီးတွဲလာတယ်။ ကျွန်တော်လဲ သူ့အိမ် စာသွားမကျက်တော့ပါဘူး။

သူကတော့ တစ်ခါတစ်ရံ ရူပဗေဒ၊ ဓာတုဗေဒပုစ္ဆာတွေ တွက်ဖို့ ကျွန်တော့်အိမ်ရောက်လာတတ်တယ်။ အဲဒီလိုရောက်လာတိုင်းလဲ စီးကရက်ရော၊ ဆေးပေါ့လိပ်ပါ အစုံပါလာတတ်တယ်။ ကိုထက် ဆေးလိပ်ကောင်းကောင်းသောက်တတ်နေပါပြီ။ ကျွန်တော်တို့နှစ်ယောက်ရဲ့ စာကျက်ခန်းထဲမှာ စီးကရက်မီးခိုးနံ့တွေ မွှန်လို့ပါပဲ။

"ကိုထက်ရာ . . . ငါ တောင်းပန်ပါတယ် . . . မင်းစီးကရက်တွေ မသောက်ပါနဲ့ကွာ . . . မင်းကို သူငယ်ချင်းဆိုပေမဲ့ ညီအစ်ကိုလိုချစ်လို့ပြောတာပါကွာ . . . ခုနေ ဖြတ်မစ်လိုက်ရင် ရပါသေးတယ်"

ကျွန်တော် တကယ်ပဲ သူ့ကိုချစ်ခင်လို့ တတ်နိုင်သမျှ ကြိုးစားတားမြစ်တာပါ။ ဒါပေမဲ့ အဲဒီလိုပြောပြီးတဲ့နောက် သူ ကျွန်တော့်အိမ် မလာတော့ပါဘူး။



ကိုးတန်း ပထမအစမ်းစာမေးပွဲစစ်တော့ ကျွန်တော့်အတန်းမှာ ကျွန်တော် ပထမရပေမယ့် ကိုထက် သူ့အတန်းမှာ အဆင့်ကိုးပဲ ရပါတယ်။ ကျွန်တော် စိတ်မကောင်းတာနဲ့ ကျောင်းမှာပဲ ကိုထက်ကို တွေ့တယ်။

"ကိုထက် . . . ငါ့ပညာရေးတိုးတက်အောင် မင်းငါ့ကို ကူညီခဲ့တယ်။ ခုထိ ငါက မင်းပေးတဲ့နည်းလမ်းတွေနဲ့ စာကြိုးစားတယ်။ မင်းကျေးဇူးတွေ ငါဘယ်တော့မှ မမေ့ဘူး။ မင်းကငါ့ သူငယ်ချင်းကောင်း။ ငါကတော င်းကို မကူညီနိုင်ဘူးဆိုရင် . . . ငါဟာ မင်းရဲ့သူငယ်ချင်းကောင်း မဟုတ်တော့ဘူး။ မင်းအခြေအနေ ဟာ ဘယ်နည်းနဲ့မှ ဒီလောက်ထိ မဖြစ်သင့်ဘူး။ မင်း . . . ငါ့အထက်မှာပဲ အမြဲရှိနေပါ ကိုထက်ရာ . . ."

ကျွန်တော် ခံစားချက်အပြည့်နဲ့ ပြောမိတာပါ။ သူက ကျွန်တော့်ပုခုံးကို ချစ်ခင်စွာ ဖက်လိုက်ပါတယ်။

"မပူပါနဲ့ မျိုးအောင်ရာ . . .။ ကိုးတန်းက ကျောင်းစ ပါ။ ဘာမှအရေးမကြီးပါဘူး။ ဆယ်တန်းရောက်ရင် မင်းကြည့်နေ ဘာသာစုံဂုဏ်ထူးထွက်အောင် ငါ လုပ်ပြမယ် . . ."

ကိုထက်က သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်နဲ့ပြောတယ်။ ကျွန်တော်လဲ ယုံပါတယ်။ သူ့ဉာဏ်သူ့အခြေခံနဲ့ သူကြိုးစားရင် သေချာပေါက်ဖြစ်မှာပါ . . .

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းနှစ်ရောက်တော့ သူကတိစကားကို ကျွန်တော် သတိပေးပါတယ်။

"စိတ်ချ . . ."

သူက လက်မထောင်ပြတယ်။

"မင်း ဆေးလိပ်တော့ သောက်တုန်းပဲ မဟုတ်လား . . ."

ကျွန်တော်မေးတော့ သူက သူ့အိတ်ထဲလက်နှိုက်ပြီး ရွှေရောင်မက်ဂနက် မီးခြစ်လေးထုတ်ပြတယ်။

"ဒါ ငါ့အဖေပေးတာကွ။ အခု ငါ ဆေးလိပ်သောက်တာ ငါ့အဖေရော အမေပါ ခွင့်ပြုထားပြီကွ"

ကျွန်တော် ဘာမှပြောစရာမရှိတော့ပါ။

ကိုထက်အဖေက အရာရှိကြီးဖြစ်သလို ကိုထက်အမေက ရာထူးနာကုန်သည်။ ကိုထက်တို့အိမ်ရဲ့စီးပွားရေးအခြေအနေက ကောင်းတယ်။ ကိုထက်ကို အကောင်းဆုံးကျူရှင်တွေမှာချည်း အပ်ပေးတယ်။ တစ်နေရာနဲ့တစ်နေရာ ပြေးရကူးရအဆင်ပြေအောင် မတ်တူး ဆလွန်းကားတစ်စီး ဝယ်ပေးထားတယ်။ ယာဉ်မောင်းပါ ထည့်ပေးထားပေမဲ့ ယာဉ်မောင်းက ကိုထက်နိုင်းသမျှ လုပ်ရတာ။ အခွင့်အရေးရရင် ရသလို ကိုယ်တိုင်မောင်းတာ မကြာခဏတွေ့နေရတယ်။

ကျွန်တော့်အဖေက အရာရှိတစ်ယောက်ပေမယ့် ရတဲ့ လခက မိသားစုစားဝတ်နေရေး လုံးချာလိုက်နေတယ်။ ကျွန်တော်



ကျူရှင်အကောင်းစားတွေ မတက်နိုင်ပါဘူး။ ရပ်ကွက်ထဲက ကျူရှင်တွေမှာပဲ သင်ရတယ်။ တကယ်အားကိုးရတာကတော့ ကျောင်းမှာ ဆရာ၊ ဆရာမတွေ သင်တာ အသေအချာနားထောင်ပြီး နားလည်အောင် ကြိုးစားရတယ်။ နားမလည်လို့မေးရင်လဲ ဆရာမတွေက နားလည်အောင် ရှင်းပြပါတယ်။

ကျောင်းဖွင့်ပြီး သုံးလလောက်ကြာတော့ ကိုထက် တစ်ယောက် ကျူရှင်မှန်မှန်မတက်ဘဲ ကားတစ်စီးနဲ့ အပေါင်းအသင်းတွေတင်ပြီး လျှောက်သွားနေတယ်လို့ ကြားရတယ်။ တချို့ကလဲ ဆေးခြောက်စွဲနေပြီလို့ ပြောကြတယ်။ တချို့ကတော့ ဘိန်းဖြူပါ သုံးနေပြီလို့ ပြောကြတယ်။

ကျွန်တော် အသေအချာမသိပေမယ့် ဟုတ်သော်ရှိ အချိန်မီ သတိပေးနိုင်အောင် ကိုထက်အမေကို သွားတွေ့ပြီး ပြောပြတယ်။

ကိုထက်အမေက ရယ်တယ်။

"မဟုတ်ပါဘူး မောင်မျိုးအောင်ရယ်။ သားက ခင်မင်ရင်းနှီးတဲ့ အပေါင်းအသင်းတွေများတော့ မလိုတဲ့လူတွေက ပြောကြတာပါ။ အန်တီဆိုလဲ သားကိုအသေအချာ ပြောထားပါတယ်။ သားက သိပ်လိမ္မာတဲ့ကလေးပါ။ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ကွယ်" လို့ ပြောပါတယ်။

"ဒါပေမယ့် အန်တီရယ် ကိုထက်မျက်နှာက အရင်လို

www.burmeseclassic.com



ပြည့်ပြည့်ဖြိုးဖြိုးမဟုတ်ဘဲ ကျနေတာကို သံသယရှိလို့ပါ။"

ကျွန်တော့်စကားကြောင့် ကိုထက်အမေပြုံးတယ်။

"ဟုတ်တယ်၊ ဒီနှစ်ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးထွက်အောင် ညဉ့်နက်တဲ့အထိ စာတွေတအားကျက်နေလို့ အန်တီလဲ တားတာပဲ။ မရဘူး။"

ကျွန်တော် ဖဝေဖဝါဖြစ်သွားရပြီ။

ကိုထက် သူ့စကားနဲ့သူ စာတအားကျက်ပြီး ပိန်သွားတာလဲ ဖြစ်နိုင်ပါတယ်။

ကိုထက်အမေက ကျွန်တော်ပြောသမျှ ကိုထက်ကို ပြန်ပြောဟန်တူပါတယ်။ ကိုထက် ကျွန်တော့်ကို စကားမပြောတော့ဘူး။

ကျွန်တော်သူ့ကိုတွေ့ပြီး တောင်းပန်စကားပြောရင်း သူ့မျက်နှာကို ကြည့်မိတော့ ဖြူဖျော့ဖျော့နဲ့ ပိန်လှိုန်းလှတယ်။

"အေး ... နောက်တော့ မင်းအသေအချာမသိဘဲနဲ့ ငါ့အိမ်ကိုချွန်တွန်းမလုပ်နဲ့။ နောက်တစ်ခါလုပ်ရင်တော့ မင်းကိုငါ ခွင့်မလွှတ်ဘူး။"

ကိုထက်ကျွန်တော့်ကိုပြောတဲ့လေသံက မာတယ်။

"ဒီမှာဟေ့ကောင် ကိုထက်ကခွင့်လွှတ်ရင်တောင် နောက်တစ်ခါဆိုရင် ငါတို့ကတော့ ပညာပေးရလိမ့်မယ်"

"အတိအကျပဲ ဟေ့ကောင်၊ မင်းသေချာမှတ်ထား"



ကျော်တင့်နဲ့ အောင်မြင့်ကပါ ကျွန်တော့်ကို ထပ်ဆင့်သတိပေးလိုက်ကြပါတယ်။

× × ×

သီတင်းကျွတ် ကျောင်းပိတ်ရက်တစ်ရက်မှာ ကိုထက်အမေ ကျွန်တော့်အိမ်ကိုရောက်လာတယ်။ ကိုထက်တစ်ယောက် ကျူရှင်သွားရာက ပြန်မလာဘူး။ ကားနဲ့ဒရိုင်ဘာလဲ ပါသွားတယ်။ ငွေလေးသိန်းလဲ ယူသွားကြောင်း လာပြောတယ်။ အတော်စိတ်ပူနေတဲ့ပုံပါပဲ။

ကိုထက်နဲ့အဆက်အစပ်ရှိတဲ့ အပေါင်းအသင်းတွေကို လိုက်စုံစမ်းတော့ အောင်မြင့်၊ ကျော်တင့်၊ သိန်းဇော်နဲ့ ထွန်းနိုင်ဦးတို့ ပါသွားကြောင်းသိရတယ်။ ညပိုင်းကျမှပဲ တယ်လီဖုန်းနဲ့ပို့တဲ့ သတင်းရောက်လာတယ်။ ယာဉ်မောင်းကပို့တဲ့ သတင်းဆိုးပါ။

ကိုထက်တို့အဖွဲ့ ချောင်းသာရောက်ပြီး အနှီးခြံကြီးတစ်ခုထဲမှာ ဘိန်းဖြူထိုးကြတယ်တဲ့။ အဲဒီအနှီးခြံထဲမှာပဲ လူငယ်တစ်ဖွဲ့လည်း အရက်သောက်နေကြတယ်တဲ့။ နောက်တော့ အရက်သမားတွေနဲ့ ကိုထက်တို့အဖွဲ့ကအောင်မြင့် စကားများရန်ဖြစ်ပြီး ထိုးကြရိုက်ကြရာက ဓားထိုးမှုဓားခုတ်မှုထိဖြစ်ကြတယ်တဲ့။ ဘယ်သူမှဝင်တားလို့မရဘူးတဲ့။ ဟိုဘက်ကဓားနဲ့ထိုးလို့ အောင်မြင့်သေတယ်။ ဝင်တားတဲ့ ကိုထက်လဲ ဓားထိုးခံရပြီး ဆေးရုံရောက်မှ ဆုံးသွားတယ်၊ ကျော်တင့်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အုန်းခြံထဲမှာရှိတဲ့ အိမ်ကဓားနဲ့အတင်းလိုက်ခုတ်တာ တစ်ဖက်က နှစ်ယောက်သေတယ်။ နှစ်ယောက်ဒဏ်ရာရတယ်တဲ့။

ကိုထက်အဖွဲ့က ကျော်တင့်နဲ့ကျန်တဲ့လူငယ်တွေကိုတိန်းဖြူမှ လူသတ်မှုနဲ့ ဖမ်းတယ်။ အရက်သမားအဖွဲ့က လူငယ်တွေလဲ ဓားထိုးမှု လူသတ်မှုနဲ့ အဖမ်းခံရတယ်။

ကိုထက်မိဘတွေ လိုက်သွားကြတယ်။


ဩော် နမျောစရာကောင်းလိုက်တာ။ မှားလိုက်တာ ကိုထက်ရာ။ ကျန်တဲ့လူငယ်တွေအတွက်လဲ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကိုထက်ကိုကတော့ သိပ်တော်တဲ့အတန်းခေါင်းဆောင် စိတ်ကောင်းရှိတဲ့လူ။ စာကြိုးစားပြီး စာတော်တဲ့သူ။ ဒီလိုမျိုး စောစောစီးစီး နိဂုံးချုပ်မယ်လို့ လုံးဝမထင်ရတဲ့သူ။

ကိုထက် သူ့ကိုယ်သူယုံကြည်စိတ်များသွားတယ်။ သူ့မိဘတွေလဲ ကိုက်အပေါ်ယုံကြည်စိတ်တွေများခဲ့တယ်။

မင်းသာ ဆေးလိပ်ကို မသောက်ခဲ့ရင် ခုလို အဆင့်ဆင့်တိုးပြီး အဖြစ်ဆိုးနဲ့ကြုံရမှာမဟုတ်ဘူး။

နမျောလိုက်တာ ကိုထက်ရာ။ တကယ်တော့ မင်းက ထိပ်ဆုံးမှာပဲ အမြဲရှိနေရမှာပါကွာ။

**လယ်တွင်းသားစောချစ်**




တမှုခွင့်ပြုချက် - ၅၀၀၉၆၁၀၉၁၀

www.burmeseclassic.com

